http://www.cherrythitsar.org

No.1 Bestselling Author of

**Who Moved My cheese?**

ဒိန်ခဲကို ဘယ်သူ ရွှေ့ထားသလဲ အမည်ရှိ ရောင်းအကောင်းဆုံး စာအုပ်ရေးသားသူ

# Spencer Johnson ၏

၂၀၀၃ ခုနှစ်ကုန် နောက်ဆုံးထုတ်စာအုပ်

# The Present

# မြတ်မြိုင်း မြိုင်မြိုင် လက်ဆောင်မွန်



**The Gift that Makes You Happy and Successful at Work and Life**

http://www.cherrythitsar.org

စာပေလောက

[ တစ်အုပ် ၇၀၀ ကျပ် ]

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး **ဒို့အရေး**

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး **ဒို့အရေး**

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး **ဒို့အရေး**

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မာတိကာ


—။ မူရင်းစာရေးဆရာအကြောင်း — က

—။ မြန်မာပြန်သူ၏အမှာ — ဃ

—။ လက်ဆောင်မွန် — ၁

၁။ လက်ဆောင်မွန် ဇာတ်လမ်း — ၉

၂။ ဖြစ်တည်ခြင်း — ၄၅

၃။ လေ့လာဆည်းပူးခြင်း — ၆၆

၄။ စိမံကိန်း — ၈၄

၅။ လက်ဆောင်မွန် — ၁၁၅

၆။ ဇာတ်လမ်းကြားရပြီး နောက်ပိုင်း — ၁၂၅

—။ မြန်မာပြန်သူ၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း — ၁၅၃

http://www.cherrythitsar.org

စာပေလောကစာအုပ် အမှတ် ၃၄၃

မြတ်ငြိမ်း

# လက်ဆောင်မွန်

## The Present

Spencer Johnson

စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ ဖုန်း - ၃၇၄၃၉၁၊ ၂၈၅၁၆၆ ]
**e-mail :** splkygn@mptmail.net.mm

http://www.cherrythitsar.org

**စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်**

[ ၁၀/၂၀၀၄ (၁) ]

**စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်**

[ ၆၇/၂၀၀၄ (၁) ]

●

**မျက်နှာဖုံး**

ဇော်မောင်

---

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

(၁၀၀၀)

---

**ထုတ်ဝေခြင်း**

ဖေဖော်ဝါရီ၊ ၂၀၀၄

---

**စာအုပ်ချုပ်**

ဖူးပွင့်မွှေး

●

ဦးမြင့်ဆွေ (၈၂၆)၊ ငြိမ်းအေး စာပေ
၁၁၅၁၊ အောင်သုခလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

http://www.cherrythitsar.org

## မူရင်းစာရေးဆရာအကြောင်း

လက်ဆောင်မွန် **(The Present)** ကို ရေးသားသည့် စပင်ဆာ ဂျွန်ဆင် **(Spencer Johnson)** သည် အလေးစားခံရဆုံးနှင့် လူချစ်လူခင် အများဆုံး ကမ္ဘာ့ စာရေးဆရာတွေထဲတွင် တစ်ဦးအပါအဝင် ဖြစ်၏ ။

သူက ပရိသတ်များအား ရိုးရိုးရှင်းရှင်း အမှန်တရားများကို ရှာဖွေတွေ့ရှိနိုင်အောင် ကူညီလမ်းပြ ပေးသည်။ ၎င်း အမှန်တရားများကို အသုံးပြုခြင်းအား ဖြင့် သန်းပေါင်းများစွာသော လူတွေသည် ပိုမိုသာယာ ဝပြောသော ဘဝများကို ပျော်ရွှင်ခံစားခွင့်ရခဲ့ကြ၏ ။ သူတို့၏ လုပ်ငန်းခွင်တွင်လည်းကောင်း၊ သူတို့၏ နေအိမ်တွင်လည်းကောင်း စိတ်ချမ်းသာမှုနှင့် အောင် မြင်မှုများ ရခဲ့ကြ၏ ။

စိတ်ဝင်စားစရာကောင်းပြီး စိတ်ဓာတ်အားမာန် တက်ကြွစရာကောင်းသော သူ့ဓာတ်လမ်းများတွင် လိုးလွှင်း အသိအမြင်များ အမြဲပါရှိသည်။ ၎င်း အသိ အမြင်များ စာဖတ်ပရိသတ် ရင်ထဲသို့ တန်းတန်း မတ်မတ် ရောက်ပြီး စွဲငြိနေအောင် ရေးနိုင်စွမ်းရှိခြင်း

သည် သူ့ပါရမီဖြစ်၏။ သူက ရှုပ်ထွေးနက်နဲသော အကြောင်းအရာများကို ကိုင်တွယ်သည်။ ပြီးတော့ ထိုအကြောင်းအရာများအတွက် ရိုးရှင်းသောအဖြေများ ဖော်ထုတ် တင်ပြပေးသည်။ သူ့အဖြေများသည် လက်တွေ့ကမ္ဘာတွင် လက်တွေ့ အသုံးချလို့ရသည့် အဖြေများ ဖြစ်၏ ။

ဒေါက်တာ ဂျွန်ဆင် တစ်ဦးတည်းရေးသည့် စာအုပ် တော်တော်များများရှိသလို အခြားတစ်ဦးဦးနှင့် ပူးတွဲရေးသားသည့် စာအုပ်များလည်းရှိသည်။ လူကြိုက်များ၊ ရောင်းအစွံဆုံး စာအုပ်များထဲတွင် *ငါ့ဒိန်ခဲကို ဘယ်သူ နေရာရွှေ့ထားသလဲ* **(Who Moved My Cheese)** နှင့် ကက်နက် ဘလန်းချက် **(Kenneth Blanchard)** နှင့် ပူးတွဲ ရေးသားသော *တစ်မိနစ် မန်နေဂျာ* **(One Minute Manager)** တို့ ပါဝင်၏။

ဒေါက်တာ ဂျွန်ဆင်သည် တောင် ကယ်လီဖိုးနီးယား တက္ကသိုလ်မှ စိတ်ပညာဘာသာဖြင့် ဝိဇ္ဇာဘွဲ့ ရပြီးသောအခါ ခွဲစိတ်ကုဆရာဝန်များ တော်ဝင် ကောလိပ်မှ ဒေါက်တာဘွဲ့ **(M.D)** ရခဲ့သည်။ ထို့နောက် မေယိုဆေးရုံနှင့် ဟားဗတ်ဆေးတက္ကသိုလ် တွင် အလုပ်သင်ဆရာဝန် အဖြစ် တာဝန်ထမ်းခဲ့သည်။

သူသည် နှလုံးခုန်စက် တီထွင်သူများဖြစ်သည့် **Medtronic** အဖွဲ့တွင် ဆက်သွယ်ရေး ညွှန်ကြားရေးမှူး အဖြစ်လည်းကောင်း၊ ပညာရပ်နယ်ပယ်များလေ့လာ

ရေး တက္ကသိုလ်တွင် သုတေသနဆရာဝန်အဖြစ်လည်းကောင်း၊ လူလေ့လာရေးဌာနတွင် အတိုင်ပင်ခံအရာရှိအဖြစ်လည်းကောင်း အမှုထမ်းခဲ့၏။ မှားမကြာသေးမီက ဟားဗတ် စီးပွားရေးတက္ကသိုလ်မှ ခေါင်းဆောင်မှု ဘာသာရပ်ဖြင့် ဘွဲ့ယူခဲ့သည်။

သူ့စွမ်းဆောင်ချက်များကို **CNN, Time, the BBC, Business Week, New York Time, Reader's Digest, Wall Street Journal, Fortune, USA Today, Associated Press, United Press International** အပါအဝင် အဓိကရ မီဒီယာများက အာရုံစိုက်ခဲ့ကြ၏။

သူ့စာအုပ်များကို ကမ္ဘာတစ်ဝန်းတွင် ဘာသာပေါင်း လေးဆယ်ဖြင့် ဘာသာပြန်ပြီးဖြစ်၏။

http://www.cherrythitsar.org

## မြန်မာပြန်သူ၏ အမှာ

လက်ဆောင်မွန် **(The Present)** ကို ရေးသားသည့် စပင်ဆာ ဂျွန်ဆင် **(Spencer Johnson)** သည် လူကြိုက်များ၊ ရောင်းအကောင်းဆုံး အတွေးအမြင် စာအုပ်များ ရေးသားပြုစုခဲ့သူ ဖြစ်၏။ အအောင်မြင်ဆုံး၊ အကျော်ကြားဆုံး စာအုပ်များမှာ *တစ်မိနစ်မန်နေဂျာ* နှင့် *ငါ့ဒိန်ခဲကို ဘယ်သူနေရာရွှေ့ထားသလဲ* တို့ ဖြစ်၏။ ယခု အရောင်းသွက် စာအုပ်တစ်အုပ် ရေးထုတ်လိုက်ပြန်ပြီ။ ***လက်ဆောင်မွန်*** တဲ့။

ဘာတွေ လက်ဆောင်ပေးထားပါသလဲ။

တင်ပြသည့် ပုံစံကတော့ သူအနှစ်သက်ဆုံးပုံစံ ဖြစ်သည့် ဇာတ်လမ်းတိုကလေးတစ်ပုဒ်ကို ပုံပြောသလို ပြောပြသွားသည့် ပုံစံပါပဲ။ အဆိုပါ ဇာတ်လမ်းကလေးကို ပြောပြရင်း သူ့အာဘော်တွေ၊ သူ ပေးလိုသည့် သတင်းတွေ ထည့်ပြောသွားသည်။

သူပေးသွားသည့် လက်ဆောင်မွန်မှာ သင့်ဘဝကို အဓိပ္ပာယ်ရှိသောဘဝနှင့် နေပျော်သော ဘဝတစ်ခု ဖြစ်လာအောင် ဖန်တီးဖို့ ဖြစ်၏။ ထိုသို့ ဖန်တီးရာ၌

ကျွန်တော်တို့ နေထိုင်ကျင့်ကြံသင့်သည့် ကျင့်စဉ်များကို ဖော်ပြသွားသည်။ ကျွန်တော်တို့ နေထိုင် ကျင့်ကြံသင့်သည့် ကျင့်စဉ်များဆိုလို့ ကြီးကြီး ကျယ်ကျယ် ခက်ခက်ခဲခဲ ကျင့်စဉ်များဟု မထင်လိုက်ပါနှင့်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်အများစု သိနေပြီးသား၊ ကြားဖူးပြီးသား ကျင့်စဉ်များဖြစ်ကြောင်း တွေ့ရပါမည်။ တစ်နည်းဆိုရသော် ကျွန်တော်တို့ ကြားဖူးနားဝ ရှိသော်လည်း လက်တွေ့ကျင့်သုံးဖို့ပျက်ကွက်နေသည့်၊ ကျွန်တော်တို့ မျက်စိလျှမ်းနေသည့် ကျင့်စဉ်များဖြစ်ကြောင်း တွေ့ရပါမည်။ တကယ်လက်တွေ့ကျင့်သုံးလျှင် တကယ်အကျိုးထူးများရစေမည့် ကျင့်စဉ်များလည်း ဖြစ်ပါသည်။

သည်တော့ ယခုတစ်လော လူပြောသူပြောများနေသည့် ဂလိုဘယ်လိုက်ဇေးရှင်း **(Globalization)** အကြောင်း တွေးမိ၏။ တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲခြင်းဟု အဓိပ္ပာယ်ဖွင့်ကြသည်။ ၎င်း ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်လာလျှင် အနောက်တိုင်း ယဉ်ကျေးမှုတွေ ကျွန်တော်တို့ထံ ကူးသန်းယှက်နွယ်လာမှာ စိုးရိမ်သူတွေက စိုးရိမ်နေကြပြီ။ ထိုသို့ စိုးရိမ်ကြောင့်ကြနေကြရိုက် ကျွန်တော်က တိုက်တိုက်ဆိုင်ဆိုင် စာအုပ်နှစ်အုပ် ဖတ်ဖြစ်လိုက်သည်။ **How to Make Luck by Marc Myers** နှင့် ယခု **The Present** ဖြစ်၏။ နှစ်အုပ်စလုံး ဗုဒ္ဓ၏ အတွေးအခေါ် အငွေ့အသက်တွေ လွှမ်းနေသည်ကို

http://www.cherrythitsar.org



တွေ့ရ၏။ သည်တော့ ကျွန်တော်တို့၏ အရှေ့တိုင်း အတွေးအခေါ်၏ ထိုးဖောက်မှုကပဲ မြန်ဆန်နေသလား ဟု တွေးရတော့သည်။ ဂလိုဘယ် လိုက်ဇေးရှင်းကြီး ကိုလည်း ပြုံးလိုက်မိပါသည်။

ဤစာအုပ်အရေးအသားနှင့် ပတ်သက်၍ကြိုတင် ပြောပြထားချင်တာကလေး ရှိပါသည်။ စပင်ဆာ ဂွန်ဆင်က သူ့စာအုပ်တိုင်းတွင် စကားလုံးတွေ သိပ် အများကြီးမရေးဘဲ ခပ်ကျဲကျဲနှင့် ထိမိအောင် တင်ပြ လေ့ရှိ၏။ ယခု ဤစာအုပ်တွင် စကားပြောခန်းများ ပါသည်။ စကားပြောများလျှင် ဆက်တိုက်ရေးမည့် အစား အပိုဒ်များ ခွဲရေးသည်။ တစ်ခါတစ်ရံ အပိုဒ် လိုက်ပင် မဟုတ်ဘဲ တစ်ကြောင်းချင်းခွဲရေးသွားသည်။ သူတင်ပြလိုသည့် အတွေးများ ရောတွေး မသွားဘဲ ရှင်းလင်းထိရောက်စွာ နားထဲဝင်စေလိုသည့် သဘော ဟု ယူဆပါသည်။ ကျွန်တော် ဘာသာပြန်ရာတွင် လည်း သူ့မူရင်းဟန်အတိုင်း ဘာသာပြန်ထားပါသည်။ စာကြောင်းများကို ကျွန်တော့်သဘောအတိုင်း တမင် ခွဲထုတ်ပြီး စာမျက်နှာဆွဲဆန့်ထားခြင်းမဟုတ်ကြောင်း ကြိုတင် အသိပေး မေတ္တာရပ်ခံအပ်ပါသည်။

စာချစ်သူများအား လေးစားလျက်

၁၂၊ ၁၁၊ ၂၀၀၃။

**မြတ်ငြိမ်း**

နေကော်ကော်ကျနေပြီဖြစ်သော မွန်းလွဲပိုင်းတစ်ခုတွင် ဘီလ်ဂရင်း ထံသို့ ကယ်လီဖုန်း ဝင်လာသည်။ အရေးကကြီး ကယ်လီဖုန်းဆက်သူမှာ ဘီလ်ဂရင်းနှင့် အလုပ်တွဲလုပ်ခဲ့ဖူးသူ လစ်ဇ် မိုက်ကယ်ဆိုသည့် အမျိုးသမီးဖြစ်၏။

ဘီလ် တစ်ယောက် အကြီးအကျယ် အောင်မြင်နေကြောင်း လစ်ဇ်က သတင်းကြားထားပြီးသား။ သည်တော့ သူက လိုရင်းကိုပဲ ဒိုးခနဲ ဒေါက်ခနဲ ပြောချသည်။

'သိပ်မကြာခင်အတွင်း ငါ နင်နဲ့ လာတွေ့လို့ရမလား'

သူ့အသံတွင် ပင်ပန်းနွမ်းနယ်မှုတွေ စွက်နေသည်ဟု ဘီလ် ထင်လိုက်မိ၏။

http://www.cherrythitsar.org



ဘီလ်က တွေ့နိုင်ကြောင်း ပြောသည်။ ပြီးတော့ သူ၏ တခြားအစီအစဉ်တွေကို ပြန်လည် စီစဉ်ပစ်ပြီး နောက်နေ့တွင် နေ့လယ်စာ အတူစားကြဖို့ ချိန်းလိုက်၏။

စားသောက်ဆိုင်ထဲ ဝင်လာသည့် လစ်ဇ်ကို တွေ့လိုက်ကတည်းက သည်အမျိုးသမီး ဘယ်လောက်ထိ စိတ်ပန်း လူနွမ်း ဖြစ်နေကြောင်း ဘီလ် ရိပ်မိလိုက်၏။

အာလာပသလ္လာပ စကား နည်းနည်းပြော၊ စားသောက်ဖွယ်ရာများ မှာပြီးသောအခါ လစ်ဇ်က ဘီလ်ကို ပြောသည်။

‘ငါ၊ ခု ဟယ်ရစ်ဆင်ရဲ့ အလုပ်ကိုလုပ်နေရပြီ ဟဲ့’

‘ဟား၊ ဂုဏ်ယူပါတယ်၊ ဝမ်းသာပါတယ်ဗျာ၊ နင့်ကို ရာထူးတိုးပေးကြတာ ငါ မအံ့သြပါဘူး’

‘ကျေးဇူးပါ ဘီလ်၊ ဒါပေမယ့် ပြဿနာတွေကတော့ တောင်ပုံရာပုံပဲဟေ့’

လစ်ဇ်က ဝန်ခံစကား ပြောသည်။

‘နင် ငါတို့နဲ့ မရှိတော့တဲ့နောက်ပိုင်းမှာ အနေအထား တွေက အကြီးအကျယ် ပြောင်းလဲကုန်တာပေါ့၊ လူတွေက နည်းသထက် နည်းလာပြီး အလုပ်တွေက များသထက် များလာတာ၊ အိမ်မှာတော့ ရုံးမှာပါ အလုပ်တွေ ထောင့်စေ့ အောင် လုပ်ဖို့ ဘယ်တော့မှ အချိန်လုံလုံလောက်လောက် မရသလို ဖြစ်နေတာကလား။

‘နောက်ပြီး ငါ့ဘဝက ငါမျှော်မှန်းထားသလောက် ကျေနပ်အားရစရာ မရှိဘူးလေ၊ ဒါထက် စကားမစပ်

http://www.cherrythitsar.org



ပြောရဦးမယ် ဘီလ်'

လစ်ဇ်က သူ့အကြောင်း ညည်းပြနေရာမှ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

'နင့်ကြည့်ရတာ အခြေအနေကောင်းနေပုံပဲ'

'ငါ အခြေအနေ ကောင်းပါတယ်၊ ငါ့အလုပ်မှာကော ဘဂမှာပါ ခုမှ ပိုပြီး ချမ်းသာသုခ ခံစားနေရတယ်၊ ငါ့အတွက်တော့ ကောင်းသော ပြောင်းလဲခြင်းကလေးပေါ့ဟယ်'

'ဟုတ်လား၊ နင် အလုပ်ပြောင်းလိုက်လို့လား'

ဟု လစ်ဇ်ကမေးတော့ ဘီလ် ဟက်ခနဲ ရယ်လိုက်၏။

'မပြောင်းပါဘူး၊ ဒါပေမယ့် ပြောင်းလိုက်သလိုပါပဲ၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်က စပြီး အဲဒီလိုတွေ ပြောင်းလဲလာတာပါပဲ'

'ဘယ်လိုဖြစ်တာလဲဟင်'

လစ်ဇ် သိချင်နေပြီ။ သည်တော့ ဘီလ် စပြောသည်။

'လုပ်ငန်းတွေ အောင်မြင်အောင် ငါ့ကိုယ်ငါရော တခြားသူတွေကိုပါ၊ ငါ ဘယ်လောက် အားကြိုးမာန်တက် တွန်းအားပေးလေ့ရှိခဲ့သလဲဆိုတာ နင် မှတ်မိသေးလား၊ နောက်ပြီး အလုပ်တွေ ပေါက်ပေါက်မြောက်မြောက်ရှိအောင် ငါကို အချိန်တွေ ဘယ်လောက်ပေးခဲ့ရသလဲ၊ အားထုတ်မှုတွေ ဘယ်လောက် လုပ်ခဲ့ရသလဲ'

လစ်ဇ် ရယ်မောသည်။

http://www.cherrythitsar.org


'သိပ် မှတ်မိတာပေါ့ဟယ်'

ဘီလ် ပြုံးလိုက်၏။ သူ့အမူအကျင့်ဟောင်းကို ပြန်သတိရပြီး ရယ်ချင်ပက်ကျိ ဖြစ်လာသည့်နှယ်။

'အဲ၊ ငါ ပညာလေးနည်းနည်းပါးပါး ရလိုက်တယ်ဟဲ့၊ ငါ့လိုပဲ ငါ့ဌာနက တခြားလူ တော်တော်များများလည်း ပညာရလိုက်ကြတယ်၊ ခုတော့ ငါတို့ ရလဒ်ကောင်းတွေ ထွက်လာနေပြီ၊ စိတ်ဖိစီးမှုနည်းနည်းနဲ့ ပိုပြီးမြန်တဲ့ အကျိုးကျေးဇူးတွေ ခံစားနေကြရပြီဟဲ့။

'အဲဒါတွေအားလုံးထက်ပိုပြီး ကျေနပ်စရာကောင်းတာကတော့ ငါ့ဘဝကို ငါ ပိုပြီး ကျေနပ်အားရလာတာပဲ'

'ဘာတွေ ဘယ်လိုဖြစ်သွားလို့လဲ'

လစ်ဇ် မေးသည်။

'ငါ ပြောပြရင် နင် ယုံချင်မှ ယုံမှာဟဲ့'

'ပြောကြည့်လေဟယ်'

လစ်ဇ် ခွန်းတုံ့ပြန်သည်။

ဘီလ် ခဏနားနေသည်။ ပြီးမှ ပြောသည်။

'ငါ့ မိတ်ဆွေကောင်းတစ်ယောက်ဆီက ဇာတ်လမ်းတစ်ပုဒ် ကြားခဲ့ရတယ်၊ ငါ ကြားခဲ့ရတဲ့ ပုံပြင်ဟာ တကယ့်လက်ဆောင်မွန် ဖြစ်နေတာကိုး၊ တိတိကျကျ ပြောရရင် အဲဒီဇာတ်လမ်းရဲ့ နာမည်ကိုက လက်ဆောင်မွန် တဲ့'

'ဘာအကြောင်း ပြောထားတာလဲ'

လစ်ဇ် မေးသည်။

http://www.cherrythitsar.org



'ဘဝမှာ ပိုပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ ပိုပြီး အောင်အောင်မြင်မြင် နေထိုင်ပြီး အလုပ်လုပ်လို့ရတဲ့ လမ်းစဉ်တစ်ခု ဖော်ထုတ်တွေ့ရှိသွားတဲ့ လူငယ်တစ်ယောက်အကြောင်းပါ၊

'အဲဒီဇာတ်လမ်းကို ငါ ကြားရပြီးတဲ့အခါ အဲဒီ လမ်းစဉ်အတိုင်း ကျင့်သုံးရင် ငါ ဘယ်လို အကျိုးရှိမလဲ ဆိုတာ ငါ အသည်းအသန် စဉ်းစားခဲ့တာပေါ့၊ အဲဒီနောက် ငါ ဆည်းပူးထားတဲ့ သင်ခန်းစာတွေကို စပြီး အသုံးချတော့တာပဲ၊ ပထမတော့ လုပ်ငန်းခွင်မှာ၊ နောက်ကျတော့ ငါ့ရဲ့ ပုဂ္ဂလိက ဘဝမှာ၊ ဒီဇာတ်လမ်းက ငါ့အပေါ် အကြီးအကျယ် သက်ရောက်မှုရှိခဲ့တာကလား၊ အဲဒါကို တခြား လူတွေက သတိထားမိလာကြတာပေါ့။

'ဇာတ်လမ်းထဲက လူငယ်ကလေးလိုပဲ ခုဆို ငါပိုပြီး ပျော်ပျော်ရွှင်ရွှင်ဖြစ်နေပြီ၊ ဟိုတုန်းကထက် အများကြီး ပိုပြီး အဆင်ပြေနေပြီ'

'ဘယ်လို အဆင်ပြေတာလဲ၊ ဘယ်ပုံဘယ်နည်း အဆင်ပြေတာလဲ'

လစ်ဇ် မေးခွန်းထုတ်သည်။

'အဲ၊ ခုဆို ငါ လုပ်နေတဲ့ အလုပ်အပေါ်မှာ အာရုံစိုက်နိုင်စွမ်း ပိုရှိလာပြီ၊ ဖြစ်ပျက်သမျှ ဖြစ်ရပ်တွေပေါ်ကနေ သင်ခန်းစာယူနိုင်စွမ်း ပိုရှိလာပြီ၊ နောက်ပြီး ပိုပြီးကောင်းတဲ့ စီမံကိန်းတွေ ချတက်လာပြီ၊ ခုဆို ပိုပြီး အရေးပါ အရာ ရောက်တဲ့ လုပ်ငန်းတွေကို အချိန်တွေ အကြာကြီးမယူရဘဲ ပြီးစီးအောင်လုပ်ဖို့ အာရုံစိုက်နိုင်စွမ်း ရှိလာပြီ'

'အဲဒီ အကျိုးကျေးဇူးတွေအားလုံး အဲဒီဇာတ်လမ်း တစ်ပုဒ်ထဲက ထုတ်ယူတာလားဟင်'

လစ်ဇ် တအံ့တသြ ဖြစ်နေပုံရ၏။

'အင်းလေ၊ အဲဒါတွေဟာ ဇာတ်လမ်းထဲက ငါ ထုတ်ယူလို့ရတာတွေပေါ့၊ လက်ဆောင်မွန်ကို ကြားရတဲ့ လူအမျိုးမျိုးဟာ ဒီဇာတ်လမ်းကို သူတို့ ကြားရချိန်မှာ သူတို့ရဲ့ အလုပ်အနေအထား၊ သူတို့ရဲ့ ဘဝအနေအထား တွေပေါ် မူတည်ပြီး သင်ခန်းစာအမျိုးမျိုး ထုတ်ယူကြ တာပဲ၊ အဲ၊ တချို့လူတွေကျတော့လည်း ဘာဆို ဘာမှ ထုတ်ယူလို့ မရကြပါဘူး'

ဘီလ် ခဏနားနေပြီးမှ ဆက်ပြောသည်။

'လက်ဆောင်မွန် က လက်တွေ့ သုံးလို့ရတဲ့ ပုံဆောင် ဇာတ် တစ်ပုဒ်ပါပဲ၊ ဒီတော့ ဇာတ်လမ်းထဲမှာ ဘာတွေ ပါသလဲ၊ ဘာတွေ ပေးထားသလဲ ဆိုတာ အဓိက မဟုတ် ဘူး၊ ဇာတ်လမ်းထဲက နင် ဘာတွေ ထုတ်ယူလို့ ရသလဲ ဆိုတာသာ အဲဒီဇာတ်လမ်းရဲ့ တန်ဖိုးဟဲ့'

'အဲဒီဇာတ်လမ်း ငါ့ကို ပြောပြနိုင်မလား ဟင်'

လစ်ဇ် ပူဆာလိုက်၏။

ဘီလ်က သူ့ဖန်ခွက်ထဲမှ ရေကို တစ်စုပ် စုပ်ယူလိုက် ၏။ ပြီးမှ ဖြည်းဖြည်းလေးလေး ပြောသည်။

'လစ်ဇ်၊ ငါ ပြောရမှာ ဂန်လေးတယ်ဟဲ့၊ ဘာဖြစ်လို့ လဲဆိုတော့ နင်က အမြဲတမ်း သံသယကြီးသလို ဖြစ်နေ

ကတ်လို့၊ နောက်ပြီး ဒီဇာတ်လမ်း အမျိုးအစားက နင့်ခေါင်းထဲကနေ ပေါ့ပေါ့တန်တန်ကလေး ထုတ်ပစ်လိုက်မယ့် ဇာတ်လမ်းမျိုး ဖြစ်နေတယ်လေ'

ဘီလ်၏ စကားကို ကြားရတော့ လစ်ဇ် သူ့ကိုယ်သူ ထိန်းထားသည့် ဟန်ပန်မှင်မောင်းတွေကို ခွာချလိုက်တော့၏။ သူ့လုပ်ငန်းခွင်မှာရော သူ့ ကိုယ်ပိုင်ဘဝမှာပါ စိတ်ဖိစီးမှုဒဏ်ကို အကြီးအကျယ် ခံစားနေရကြောင်း ထုတ်ဖော်ဝန်ခံသည်။ ယခုလို ဘီလ်နှင့် အတူ နေ့လယ်စာလာစားခြင်းမှာ ဘီလ်ထံမှ အကြံကောင်း ဉာဏ်ကောင်းကလေးများ ကြားရမည်လား ဟူသော မျှော်လင့်ချက်ဖြင့် လာခဲ့ကြောင်း ပြောပြသည်။

တစ်ချိန်တစ်ခါတုန်းက မိမိလည်း သည်လိုဝေဒနာတွေ ခံစားခဲ့ရသည်။ ပြီးတော့ ထိုစဉ်က မိမိ၏အနေအထားကို ဘီလ် ပြန်လည် သတိရမိ၏။

လစ်ဇ်က 'အဲဒီဇာတ်လမ်းကို ငါ တကယ်နားထောင်ချင်တာပါဟယ်' ဟု ပြောသည်။

ဘီလ်က လစ်ဇ်ကို ဟိုတုန်းကတည်းက ခင်မင်ခဲ့သူ။ အမြဲတမ်း လေးလေးစားစား သဘောထားခဲ့သူ။ သည်တော့ သူက ပြောသည်။

'ဟုတ်ပါပြီလေ၊ ငါ ပြောပြပါ့မယ်၊ တစ်ခုတော့ရှိတယ်၊ အဲဒီဇာတ်လမ်းကို နားထောင်ပြီး အဲဒီအထဲက ဘာသင်ခန်းစာရသလဲ၊ ဘယ်လိုအသုံးချမလဲ ဆိုတာကိုတော့ နင့်ဘာသာနင် ဆုံးဖြတ်မယ်လို့ သဘောတူရမယ်နော်။

http://www.cherrythitsar.org



‘နောက်ပြီး ဒီဇာတ်လမ်းကလေးဟာ နင့်အတွက် အသုံးတည့်တယ်ဆိုရင် တခြားလူတွေကိုလည်း ဆင့်ပွား ပြောပြဖို့ သဘောတူရမယ်’

လစ်ဇ် လက်ခံသဘောတူသည်။ သည်တော့ ဘီလ် က စကားဆက်သည်။

‘ဒီဇာတ်လမ်းကို ငါ စပြီး ကြားရတော့ ဇာတ်လမ်း တစ်နေရာ ရောက်ကတည်းက ဒီဇာတ်လမ်းထဲမှာ ငါ ထင်ထားတာထက် အများကြီး ပါနေပါကလားဆိုတာ ငါ သဘောပေါက်သွားတယ်။

‘ဒီဇာတ်လမ်းကို နားထောင်နေစဉ်တစ်လျှောက်လုံး ငါ မှတ်စုတွေ လိုက်ရေးနေမိတယ်၊ ဒီအထဲမှာပါတဲ့ ထိုးထွင်း သိမြင်မှုကလေးတွေကို နောင်တစ်ချိန် ပြန်ပြီး အသုံးပြုတော့မယ်ဆိုရင် အမေ့မေ့ အလျော့လျော့ အလွဲလွဲ အချော်ချော်တွေ ဖြစ်နေမှာစိုးလို့လေ’

လစ်ဇ်ကတော့ နည်းနည်းတွေနေသည်။ သူ့ဇာတ်လမ်းက မိမိအတွက် အသုံးတည့်ပါမည်လားဟု တွေးမိ၏။ သူက မှတ်စုစာအုပ်ကလေး ထုတ်ယူပြီး ပြောသည်။

‘ငါ နားထောင်ဖို့ အသင့် ဖြစ်နေပြီ’

ထိုနောက်တော့ ဘီလ်က လက်ဆောင်မွန်ဇာတ်လမ်းကို စ ပြောတော့၏။

\+ + +

# လက်ဆောင်မွန်
# စာတ်လမ်း



http://www.cherrythitsar.org



တစ်ချိန်တုန်းက ကောင်လေးတစ်ယောက်ရှိတယ်။ သူက ပညာရှိ အဘိုးကြီးတစ်ယောက် ပြောတဲ့ စကားတွေကို နားထောင်လေ့ရှိတယ်။ အဲဒီလို နားထောင်ရာကနေ လက်ဆောင်မွန်အကြောင်း ကြားသိလာခဲ့ရတယ်။

အဲဒီ အဘိုးကြီးနဲ့ အဲဒီ ကောင်လေး သိကျွမ်းလာတာ တစ်နှစ်ကျော်နေပြီ။ သူတို့က သူတို့နှစ်ယောက် အတူ စကားပြောရတာကို သိပ်ပြီး နှစ်သက် ကြည်နူးကြတာကိုး။

တစ်နေ့မှာတော့ အဘိုးကြီးက ပြောတယ်။

'ဒီဇာတ်လမ်းကို လက်ဆောင်မွန် လို့ ရိုးရိုးကလေးပဲ နာမည်ပေးထားတယ်ကွဲ့၊ ဘာဖြစ်လို့လဲဆိုတော့ မင်း ရနိုင်စရာရှိတဲ့ လက်ဆောင်တွေအားလုံးထဲမှာ ဒီလက်ဆောင်က တန်ဖိုးအရှိဆုံးဖြစ်နေတာ မင်း တွေ့ရမှာမို့လို့ပဲ'

'ဘာဖြစ်လို့ ဒီဇာတ်လမ်းက ဒီလောက် အဖိုးတန်နေရတာလဲ ဘိုးဘိုးရဲ့'

လို့ ကောင်လေးက မေးတယ်။ ဒီတော့ အဘိုးကြီးက ရှင်းပြတယ်။

http://www.cherrythitsar.org



'ဘာဖြစ်လို့လဲဆိုတော့ မင်း ဒီလက်ဆောင်ကိုလက်ခံ ရရှိတဲ့အခါ မင်း ပိုပြီး စိတ်ချမ်းသာလာပြီး မင်းလုပ်ချင်တာတွေကို ပိုပြီး ပြောင်ပြောင်မြောက်မြောက် လုပ်နိုင်စွမ်း ရှိလာမှာမို့လို့ပဲ'

'ဟား'

ကောင်လေးဟာ အဘိုးကြီးပြောတာကို ပက်ပက်နပ်နပ် နားမလည်ပေမယ့်လည်း ဝမ်းသာအားရ ကြွေးကြော်လိုက်တယ်။

'အဲဒီ လက်ဆောင်မွန်ကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တစ်ယောက်ယောက်က ကျွန်တော့်ကို ပေးပါစေလို့ ဆုတောင်းရမှာပဲ၊ ကျွန်တော့် မွေးနေ့အတွက် ပေးချင်ပေး ကြမှာပေါ့လေ'

ပြောပြောဆိုဆိုနဲ့ပဲ ကောင်လေးဟာ ဆော့ကစားဖို့ ပြေးထွက်သွားတယ်။

အဘိုးကြီးကတော့ ပြုံးလို့။

လက်ဆောင်မွန်ရဲ့ တန်ဖိုးကို မှန်မှန်ကန်ကန် သဘောပေါက် သိမြင်ချိန်မရောက်မီ ဒီကောင်လေးမွေးနေ့တွေ ဘယ်နှကြိမ်လောက်များ ကုန်လွန်သွားမလဲဆိုတာကို အဘိုးကြီး အတွေးကြွယ်နေမိတာကိုး။

\+ + +

http://www.cherrythitsar.org



အဘိုးကြီးက နီးနားဝန်းကျင်မှာ ကောင်လေး ဆော့နေတာကို ကြည့်ပြီး ကြည်နူးနေတက်တာကလား။

ချာတိတ်ကလေးရဲ့ မျက်နှာပေါ်မှာ ထင်ဟပ်လာတဲ့ အပြုံးတစ်ရပ်ကို သူ မကြာမကြာ မြင်တွေ့နေရတယ်။ နောက်ပြီး အနီးအနားမှာရှိတဲ့ သစ်ပင်တစ်ပင်ပေါ်က လွှဲပြီး ခုန်ချလိုက်ရင်း ရယ်လိုက်တဲ့ အသံကလေးကိုလည်း ကြားလိုက်ရတယ်။

ကောင်လေးဟာ ပျော်နေတယ်။ ပြီးတော့ သူ ဘာပဲ လုပ်လုပ် သူ လုပ်နေတဲ့ အလုပ်ထဲမှာ စိတ်ရောကိုယ်ပါ နှစ်မျောနေလေ့ရှိတယ်။ သူ့ကို ကြည့်ရ မြင်ရတာကိုက တယ်ပြီး ကြည်နူးစရာ ပျော်စရာကောင်းတာကိုး။

ချာတိတ်ကလေး တဖြည်းဖြည်း အရွယ်ရောက်လာတယ်။ အဘိုးကြီးကတော့ ကောင်လေး အလုပ်လုပ်ပုံ လုပ်နည်းကို သတိမပြုမိဘဲ မနေနိုင်လောက်အောင် ဖြစ်ရသတဲ့။

စနေနေ့ မနက်ပိုင်းတွေဆို သူ့မိတ်ဆွေကလေး လမ်းရဲ့ဟိုဘက်ခြမ်းမှာ မြက် ရိတ် ရိတ်နေတာကို အဘိုးကြီး က ကြုံရင် ကြုံသလို လေ့လာ အကဲခတ် ကြည့်နေတက်တယ်။

http://www.cherrythitsar.org



ကောင်လေးဟာ အလုပ်လုပ်ရင်း လေကောင်းချွန်နေလိုက်သေး။ သူ ဘာပဲလုပ်နေ လုပ်နေ သူ့ကြည့်ရတာ ပျော်နေပုံပဲ။

တစ်မနက်မှာတော့ ကောင်လေးဟာ အဘိုးကြီးကို မြင်သွားတယ်။ နောက်ပြီး သူ့ကို အဘိုးကြီးပြောပြဖူးတဲ့ လက်ဆောင်မွန်အကြောင်း သတိရသွားတယ်လေ။

ကောင်လေးက လက်ဆောင်တွေအကြောင်းအားလုံး သိနေပြီးသားပါ။ သူ့ရဲ့ နောက်ဆုံး မွေးနေ့တုန်းကရခဲ့တဲ့ စက်ဘီးလို လက်ဆောင်မျိုး၊ နောက်ပြီး ခရစ်စမတ်နေ့က ခရစ်စမတ်သစ်ပင်အောက်မှာ တွေ့ရတဲ့ လက်ဆောင်မျိုးတွေပေါ့။

ဒါပေမယ့် အဲဒီလက်ဆောင်တွေအကြောင်း စေ့စေ့တွေးလေ ဒီလက်ဆောင်တွေနဲ့ ပတ်သက်ပြီး ခံစားရတဲ့ ပျော်ရွှင်ကြည်နူးမှုဟာ ကာရှည်မခံဘူးဆိုတာ သူသိမြင်သဘောပေါက်လာတော့တယ်။

'လက်ဆောင်မွန်ဆိုတာက ဘာတွေများ ဒီလောက်ထူးခြားနေလို့လဲ'

ချာတိတ် အတွေးကြွယ်နေမိတယ်။

'ဒီလက်ဆောင်မွန်က တခြားလက်ဆောင်တွေထက် ထူးထူးကဲကဲ ပိုကောင်းနေရအောင် ဘယ်လိုလက်ဆောင်မျိုးမို့လို့လဲ'

'ငါ အလုပ်တွေလုပ်တဲ့အခါ ပိုကောင်းလာအောင်၊ ပိုပြီး စိတ်ချမ်းသာလာအောင် ဘာတွေက စွမ်းဆောင်ပေးနိုင်မှာလဲ'

ဒီမေးခွန်းတွေရဲ့ အဖြေတွေကို သူ သိချင်လာတယ်။ ဒါနဲ့ အဘိုးကြီးကို မေးမယ်ဆိုပြီး လမ်းကို ဖြတ်ကူးလာခဲ့တယ်။

သူက မလိမ်မိုး မလိမ္မာ ကလေးငယ်တစ်ယောက် မေးမယ့် မေးခွန်းမျိုးပဲ မေးတာပါပဲ။

'ဘိုးဘိုးပြောတဲ့ လက်ဆောင်မွန် ဆိုတာ ကျွန်တော် ဖြစ်ချင်တာတွေ အားလုံး လက်တွေ့ဖြစ်လာစေတဲ့ ဆေးကြိမ်လုံးလိုဟာမျိုးလား ဟင်'

'မဟုတ်ဘူးကွဲ့'

အဘိုးအိုက ဟက်ခနဲ တစ်ချက်ရယ်ရင်း ပြန်ဖြေတယ်။

'လက်ဆောင်မွန် ဆိုတာ မှော်ပညာ မဟုတ်ဘူး၊ ဂါထာတွေ မန္တာန်တွေလည်း မဟုတ်ဘူး'

အဘိုးကြီးရဲ့ အဖြေကို ရေရေလည်လည် နားမလည်တဲ့ ကောင်လေးဟာ သူလုပ်လက်စ အလုပ်ရှိရာကို ပြန်သွားတယ်။ မြက် ဆက်ရိတ်နေတယ်။ မြက်သာရိတ်နေရတယ်၊ လက်ဆောင်မွန်အကြောင်းကိုတော့ အတွေးကြွယ်နေတုန်းပဲ။

http://www.cherrythitsar.org



အသက်ကလေးရလာတော့လည်း ကောင်လေးဟာ လက်ဆောင်မွန် အကြောင်းကိုပဲ ဆက် စဉ်းစားနေမိတယ်။ လက်ဆောင်မွန်ဆိုတာ မှော်ပညာ မဟုတ်ဘူး။ ဂါထာတွေ မန္တာန်တွေလည်း မဟုတ်ဘူးဆိုရင် ဘာလဲ။ ထူးထူးခြား ခြား သီးသီးသန့်သန့် တစ်နေရာကို သွားတာနဲ့များ ဆိုင်နေ သလား။

အစစအရာရာ အသွင်ကွဲ အဆင်ကွဲတဲ့ နိုင်ငံခြားကို သွားတဲ့ အမိုက်ဟယ်လား။ အဲဒီမှာ အားလုံး အသွင်ကွဲ အဆင် ကွဲချည်းပဲလေ။ လူတွေ၊ သူတို့ဝတ်ဆင်တဲ့ အဝတ်အစား တွေ၊ သူတို့ပြောတဲ့ ဘာသာစကားတွေ၊ သူတို့နေတဲ့ အိမ် တွေ၊ ကုန်ကုန်ပြောရရင် သူတို့သုံးတဲ့ငွေတောင် မတူဘူး လေ၊ အဲဒီကို ရောက်အောင်တော သူ ဘယ်လို သွားမလဲ။

သူ အဘိုးကြီးကို သွားတွေ့တယ်။

'လက်ဆောင်မွန်ဆိုတာ ကာလယန္တရားကြီးလား ဟင်၊ အဲဒီ အထဲဝင်ပြီး ကျွန်တော် သွားချင်ရာသွားလို့ရတဲ့ စက်ကြီးလား'

\+ \+ \+

http://www.cherrythitsar.org



နှစ်တွေ လတွေ ကုန်လွန်ပြီး ကောင်လေးဟာ ဆယ်ကျော် သက်ရွယ်ကလေး ဖြစ်လာတော့တယ်။

သူဟာ တစ်နေ့ထက် တစ်နေ့ ပိုပိုပြီး မကျေမနပ် ဖြစ်လာတယ်။ သူ အသက်ကြီးလာရင် ငယ်ငယ်ကထက် ပိုပြီး ပျော်မှာပဲလို့ သူက မျှော်လင့်ထားတာကိုး။ ဒါပေမယ့် သူဟာ တစ်ခါမှ မကင်းကိုမ် မရောင့်ရဲနိုင်သလို ဖြစ်နေ တာကလား။ သူလိုချင်တောင့်တတာတွေက ပိုလို့ ပိုလို့ များလာတယ်။ နောက်ထပ် သူငယ်ချင်းတွေ၊ နောက်ထပ် ပစ္စည်းဥစ္စာတွေ၊ နောက်ထပ် ရင်ခုန်စရာတွေ။

ဆန္ဒတွေစောနေတဲ့ ကောင်လေးဟာ ပြင်ပကမ္ဘာ လောကမှာ သူတွေ့ရကြုံရမှာတွေကို စိတ်ကူးယဉ်အိပ်မက် တွေ မက်နေမိတာပေါ့။ သူ့အတွေးတွေဟာ အဘိုးကြီးနဲ့ သူနဲ့ ပြောခဲ့တဲ့ စကားတွေဆီ ပြန်ပြီး စီးမျောသွားတတ် တယ်။ အဲဒီလို ပြန်တွေးမိတာနဲ့အမျှ လက်ဆောင်မွန် ဆို တာ ဘာဖြစ်နိုင်မလဲလို့ တတွေးတည်း တွေးနေမိတာပေါ့။

သူက အဘိုးကြီးဆီကို နောက်တစ်ချီ သွားပြန်တယ်။

'လက်ဆောင်မွန် ဆိုတာ ကျွန်တော့်ကို ချမ်းသာ လာအောင် လုပ်ပေးမယ့် အရာတစ်ခုခုလား ဟင်'

'ဟုတ်တယ်၊ တစ်နည်းတစ်ဖုံအားဖြင့် လုပ်ပေးလို့ ရတယ်' လို့ အဘိုးကြီးက ပြောတယ်။ 'လက်ဆောင်မွန်က မင်းကို အမျိုးမျိုးအဖုံဖုံ ချမ်းသာလာစေနိုင်တယ်၊ ဒါပေမယ့်

http://www.cherrythitsar.org



သူ့တန်ဖိုးကိုတော့ ရွှေ ဒါမှမဟုတ် ပိုက်ဆံနဲ့ချည်း တိုင်းတာလို့ မရဘူး'

ဆယ်ကျော်သက်ရွယ်ကောင်လေး ဦးနှောက်ခြောက် သွားတာပေါ့။

'လက်ဆောင်မွန်ကို လက်ခံရရှိတဲ့အခါကျ ကျွန် တော် ပိုပြီး စိတ်ချမ်းသာလာမယ်လို့ ဘိုးဘိုးပဲ ပြောခဲ့တယ် လေ'

'အင်း၊ နောက်ပြီး မင်း ဘာပဲလုပ်လုပ် လုပ်သမျှ အလုပ်တိုင်းကို ပိုကောင်း ပိုသာအောင် လုပ်နိုင်စွမ်းရှိလာ မယ်၊ တစ်နည်းပြောရရင် မင်း အောင်မြင်ဖို့အလားအလာ ကောင်းလာမယ်' လို့ အဘိုးကြီးက ရှင်းပြတယ်။

'အောင်မြင်တယ်ဆိုတာက ဘယ်လိုဖြစ်တာကို ပြောတာလဲ ဟင်'

ဆယ်ကျော်သက်ရွယ် ကောင်လေးက မေးတယ်။

'အောင်မြင်တယ်ဆိုတာ မင့်စိတ်ထဲမှာ အရေးကြီး တယ်လို့ ထင်ထားတဲ့အရာကို ရဖို့ အခြေအနေကောင်း လာတာကို ပြောတာ'

အဘိုးကြီးက အောင်မြင်မှုဆိုတာကို ရှင်းပြတယ်။

'မင်းအတွက်ဆိုရင် ကျောင်းမှာ အဆင့်ကောင်း ကောင်းတွေရတာ ဖြစ်ချင်ဖြစ်မယ်၊ အားကစားဘက်မှာ လူးချွန်တာ ဖြစ်ချင်ဖြစ်မယ်၊ မိဘတွေနဲ့ ဆက်ဆံရေး

http://www.cherrythitsar.org



ပြေလည်ကာ ဖြစ်ချင်ဖြစ်မယ်၊ ကျောင်းဆင်းချိန်နောက်ပိုင်း လုပ်ရတဲ့ အချိန်ပိုင်း အလုပ်ကောင်းကောင်းတစ်ခုရတာ ဖြစ်ချင် ဖြစ်မယ်၊ အဲဒီနောက်မှာတော့ မင်း အလုပ်လုပ်တာ တော်လွန်းလို့ လုပ်ခတိုးရတာ ဖြစ်ချင် ဖြစ်မယ်၊ ဒါမှ မဟုတ်လည်း မင်းမှာ ရှိတာလေးနဲ့ တင်းတိမ်ရောင့်ရဲပြီး ဘဝရဲ့ သုခချမ်းသာကို ခံစားနေတာ ဖြစ်ချင်ဖြစ်မယ်'

'ဒီတော့ ကျွန်တော့်အတွက် အောင်မြင်မှုဟာ ဘာလဲ ဆိုတာ ကျွန်တော် ရွေးချယ်ဆုံးဖြတ်ရမှာပေါ့နော်'

ဆယ်ကျော်သက်ကောင်လေးက မေးတယ်။

'တို့တစ်တွေ အားလုံး ဆုံးဖြတ်ကြရတာပဲကွ၊ အောင်မြင်မှုဆိုတာ တို့အသက်အရွယ် အသီးသီးမှာ လိုချင်တယ်လို့ သတ်မှတ်တဲ့ တစ်ခုခုပေါ့'

'အင်း၊ ကျွန်တော့်ကို အဲဒီလက်ဆောင်မျိုးတော့ ဘယ်သူကမှ မပေးဖူးဘူးခင်ဗျ၊ တကယ်တမ်း ပြောရရင် အဲဒီလက်ဆောင်မျိုးအကြောင်း ဘယ်သူပြောတာမှ ကျွန်တော် မကြားဖူးတာပါ၊ ဒီလက်ဆောင်မွန်ဆိုတာ မရှိဘူး လို့တောင် ကျွန်တော် ထင်စပြုလာတာခင်ဗျ'

ဒီတော့ အဘိုးကြီးက ပြန်ပြောတယ်။

'အိုး၊ ရှိကို ရှိတယ်ကွယ့်၊ ဒါပေမယ့် ပြောရတာ အားတော့နာပါရဲ့၊ မင်း နားမလည် သဘောမပေါက်သေးတာ ဖြစ်မှာပါ'

http://www.cherrythitsar.org



လက်ဆောင်မွန် ဘာလဲဆိုတာ
သင် သိထားပြီးသားပါ။

အဲဒါကို ဘယ်မှာရှာရမလဲဆိုတာ
သင် သိထားပြီးသားပါ။

နောက်ပြီး လက်ဆောင်မွန်က
သင် ပျော်ရွှင်အောင်နဲ့ အောင်မြင်အောင်
ဘယ်လိုစွမ်းဆောင်ပေးနိုင်တယ်ဆိုတာ
သင် သိထားပြီးသားပါ။

သင် ငယ်စဉ်တောင်ကျေး ကလေးအရွယ်တုန်းက
ဒီအကြောင်း အသိဆုံးဖြစ်ခဲ့တယ်။
တကယ်တော့ သင် မေ့လျော့နေတာပါ။

http://www.cherrythitsar.org


‘မင်း ငယ်ငယ်တုန်းက မြက်ခင်းကို မြက်ရိတ်နေတဲ့ အချိန်တွေဟာ စိတ်ကြည်နူးစရာကောင်းတဲ့ အချိန်တွေလား၊ စိတ်ဆင်းရဲစရာကောင်းတဲ့ အချိန်တွေလား’

အဘိုးအိုက မေးသည်။

‘စိတ်ကြည်နူးစရာကောင်းတဲ့ အချိန်တွေပေါ့’

ချာတိတ်ကလေးဘဝကို ကျော်ဖြတ်ခဲ့သော ဆယ်ကျော် သက်ရွယ် လူငယ်က ဖြေသည်။

‘ဘာဖြစ်လို့ ကြည်နူးစရာကောင်းတာလဲ’

အဘိုးကြီးက ထပ်မေးသည်။

လူငယ်ကလေး ခဏ တွေးနေသည်။ ပြီးမှ

‘ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လုပ်နေတဲ့ အလုပ်ကို နှစ်သက်လို့၊ သဘောကျလို့၊ ကျွန်တော် မြက်ရိတ်တာ ဘယ်လောက်စေ့စပ်သပ်ယပ်သလဲဆို နီးနားဝန်းကျင်က လူတွေအားလုံးက သူတို့မြက်ခင်းတွေကိုပါ ရိတ်ပေးဖို့ ကျွန်တော့်ကို အပ်ကြတယ်ခင်ဗျ၊ ပြောရမယ်ဆိုရင် ကျွန်တော့်အသက် ကျွန်တော့်အရွယ်နဲ့ ပိုက်ဆံတွေ တော်တော် ရခဲ့တာ ဘိုးဘိုးရဲ့’

‘ဒီတော့၊ မင်း အလုပ်လုပ်နေတုန်း မင်း ဘာ အကြောင်းတွေ စဉ်းစားနေလဲ’

အဘိုးအိုက ထပ်ဆင့်မေးခွန်းထုတ်သည်။

http://www.cherrythitsar.org



'ကျွန်တော် မြက်ခင်းကို မြက်ရိတ်နေတဲ့အခါ မြက်ခင်းကို မြက်ရိတ်တဲ့အကြောင်းပဲ စဉ်းစားတယ်ခင်ဗျ၊ ကတ်သီးကတ်သပ်နေရာတွေ၊ ခက်ခက်ခဲခဲနေရာတွေမှာ မြက်တွေကို ညီညီညာညာဖြစ်နေအောင် ဘယ်လိုရိတ်မလဲ ဆိုတာ ကျွန်တော် စဉ်းစားတယ်၊ မွန်းလွဲပိုင်းတစ်ပိုင်း အတွင်းမှာ ငါ မြက်ခင်းဘယ်နှခင်းလောက် ပြီးအောင် ရိတ်နိုင်မလဲဆိုတာ စဉ်းစားတယ်၊ နောက်ပြီး ဘယ်လောက်ထိ သေသေသပ်သပ် လှလှပပဖြစ်အောင် ရိတ်နိုင်မလဲ ဆိုတာ စဉ်းစားတယ်၊ ဒါပေမယ့် များသောအားဖြင့်တော့ ကျွန်တော့်ရှေ့မှာရှိနေတဲ့ မြက်တွေကို ရိတ်နေတဲ့အလုပ်ထဲမှာ အာရုံစိုက်ထားတယ်ခင်ဗျ'

မြက်ရိတ်တဲ့အကြောင်း ပြောနေတဲ့ သူ့လေသံက အဖြေကို ပေါ်ပေါ်ထင်ထင်ကြီးပြောပြနေတဲ့လေသံမျိုးလေ။

ဒီတော့ အဘိုးကြီးက ရှေ့ဘက်ကို ခါးကိုင်းပြီး ပြောလိုက်တယ်။

'အတိအကျပေါ့ကွယ်၊ အဲဒါကြောင့် အဲဒီကုန်းက မင်း အရမ်း စိတ်ချမ်းသာပြီး အောင်မြင်ခဲ့တာပေါ့'

ကဲမကောင်း အကြောင်းမလှချင်တော့ သူကြားလိုက်တဲ့ စကားကို လေးလေးနက်နက် စဉ်းစားချင့်ချိန်ဖို့ အချိန်မယူလိုက်ဘူး။ သူက အဲဒီလို စဉ်းစားချင့်ချိန်မယ့် အစား ပိုပြီးကောင်း စိတ်စောလာသေးတယ်။

http://www.cherrythitsar.org



'ဘိုးဘိုး ကျွန်တော့်ကို တကယ်တမ်းပျော်ရွှင်စေချင်တယ်ဆိုရင် လက်ဆောင်မွန် ဘာလဲဆိုတာကို ဘာဖြစ်လို့ ကျွန်တော့် ပြောမပြတာလဲ'

လူငယ်က စိတ်မရှည်တော့ဘူးလေ။

'နောက်ပြီး ဘယ်နေရာမှာ ရှာရမယ်ဆိုတာပါ ပြောပြရမယ်ဆိုပါတော့'

အဘိုးအို ဒိုးဒိုးဒေါက်ဒေါက် ပြန်မေးတယ်။

'ဟုတ်တယ်၊ အဲဒီအတိုင်းပဲပေါ့'

ကောင်လေး တောင်းဆိုလိုက်တယ်။

'ငါ ပြောပြချင်တာပေါ့ကွယ်၊ ဒါပေမယ့် ငါ့မှာ အဲဒီလို ပြောနိုင်စွမ်း မရှိဘူးကွယ့်၊ တစ်ဦးတစ်ယောက်အတွက် လက်ဆောင်မွန်ကို ဘယ်သူကမှ ရှာဖွေဖော်ထုတ်ပေးလို့ မရဘူး ကလေးရဲ့။

'လက်ဆောင်မွန်ဆိုတာ မင်းကိုယ်မင်း ပြန်ပေးတဲ့လက်ဆောင်၊ အဲဒီ လက်ဆောင်က ဘာလဲဆိုတာ ရှာဖွေဖော်ထုတ်ဖို့ မင်းမှာပဲ အခွင့်အာဏာရှိတယ်'

အဘိုးအိုက လူငယ်ကလေးကို ရှင်းပြတယ်။

ဆယ်ကျော်သက်ရွယ် လူငယ်ကလေးက အဘိုးအို ပြောပြတဲ့ အဖြေကို မကျေနပ်ဘူး။ ဒါနဲ့ အဘိုးအိုအနားက ခွာလာခဲ့တာပေါ့။

+ + +

http://www.cherrythitsar.org



လူရွယ်ကလေးဖြစ်လာတဲ့ ဆယ်ကျော်သက် ကောင်လေးဟာ လက်ဆောင်မွန် ဘာလဲဆိုတာကို သူ့နည်း သူ့ဟန်နဲ့ ရှာဖွေဖော်ထုတ်ဖို့ သန္နိဋ္ဌာန်ချထားသတဲ့။

သူက မဂ္ဂဇင်းတွေ ဖတ်တယ်၊ သတင်းစာတွေနဲ့ စာအုပ်စာတမ်းတွေ ဖတ်တယ်။ လက်ဆောင်မွန်အကြောင်း သူ့သူငယ်ချင်းတွေနဲ့ ပြောဆို ဆွေးနွေးကြည့်တယ်။ သူ့မိသားစုနဲ့ ဆွေးနွေးကြည့်တယ်။ သူဟာ အင်တာနက်ထဲမှာ ပိုက်စိပ်တိုက် ရှာသေးတယ်။ စူးစမ်းရှာဖွေရေးခရီးတောင် ထွက်တယ်။ ခရီးထွက်တာမှ ဝေးဝေးလံလံ ကျယ်ကျယ်ပြန့်ပြန့်ကြီးကို ထွက်တာ။ သူ တွေ့သမျှ ဆုံသမျှ လူတွေကို မေးမြန်းတယ်။ စုံစမ်းတယ်။ အဖြေတွေ ရှာတယ်။ လက်ဆောင်မွန် ဘာလဲဆိုတာ သူ့ကို ပြောပြနိုင်စွမ်းရှိသူ တစ်ဦးတလေတောင် မတွေ့ရဘူးတဲ့။

သိပ်မကြာလိုက်ပါဘူး။ သူ ငြီးငွေ့လာတယ်။ စိတ်ပင်ပန်းလာတယ်။ စိတ်ပျက်လာတယ်။ နောက်တော့ သူ့ရဲ့ လက်ဆောင်မွန် အဖြေရှာဖွေရေးကို စွန့်ပစ်လိုက်တော့တယ်။

နောက်ဆုံးတစ်နေ့မှာ သူဟာ ဒေသခံကုမ္ပဏီတစ်ခုမှာ အလုပ် ဝင်လုပ်တယ်။ လုပ်ငန်းခွင်မှာရှိတဲ့ တခြားလူတွေရဲ့ အမြင်မှာတော့ ဒီလူရွယ်ကလေးဟာ အဆင်ချောနေပုံပဲ။ ဒါပေမယ့် လူရွယ်ကလေးကတော့ သူ့ဘဝမှာ တစ်ခုခု လစ်ဟာနေသလိုမျိုး ခံစားနေရဆိုပဲ။

http://www.cherrythitsar.org



သူ လုပ်ငန်းခွင်ကို ရောက်နေတဲ့အခါ ဒီထက်ပိုပြီး ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ အလုပ်မျိုး ဘယ်မှာသွားရှာရမလဲလို့ တွေးနေတတ်တယ်။ ဒါမှမဟုတ်လည်း သူ အိမ်ပြန်ရောက်ရင် ဘာလုပ်ရမလဲ ဆိုတာ စဉ်းစားနေတတ်သတဲ့လေ။

အစည်းအဝေးတွေမှာဆို သူ့စိတ်က ပျံ့လွင့်နေတတ်တယ်။ အစည်းအဝေးထိုင်ရင်း ဟိုအကြောင်းတွေး ဒီအကြောင်းတွေးပေါ့။ ကုန်ကုန်ပြောရရင် သူ့သူငယ်ချင်းတွေနဲ့ စကားစမြည်ပြောနေချိန်မှာတောင် ဂဏှာမငြိမ်ဘဲ ဖြစ်နေတတ်တယ်။ ထမင်းစားချိန်တွေမှာဆို စိတ်တွေက ဟိုရောက် ဒီရောက်နဲ့ အာရုံစုစည်းလို့ မရဘူး။ ဘယ်လောက်ထိ အာရုံတွေသလဲဆို တစ်ခါတလေ သူစားနေတဲ့ အစားအစာရဲ့ အရသာ ချိုသလား၊ ချဉ်သလားကိုတောင် သတိမထားမိလောက်အောင်ပဲတဲ့။

သူ့ဌာနမှာဆိုရင် သူတာဝန်ယူရတဲ့ စီမံကိန်းတွေကို တာဝန်ကျေကျေ ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်စွမ်းရှိပါတယ်။ ဒါပေမယ့် သူဟာ ဒီထက်မက စွမ်းဆောင်နိုင်သေးတယ်ဆိုတာ သူသိနေတယ်လေ။ သူဟာ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် အားမထုတ်သေးဘူးဆိုတာ သူ့ရင်ထဲက သိနေတယ်။ ဒါပေမယ့် ခုလုပ်နေတာဟာ သူ့ရင်ထဲ အသည်းထဲက တကယ်တမ်း နှစ်နှစ်ကာကာလုပ်ချင်တဲ့ အလုပ်မဟုတ်သေးဘူးလို့လည်း စိတ်ထဲ ခံစားနေရတယ်။

+ + +

http://www.cherrythitsar.org



တော်တော်လေးကြာလာတော့ သူဟာ စိတ်မချမ်းမသာဖြစ်လာနေပြီဆိုတာ လူရွယ်ကလေး သဘောပေါက်လာတယ်။ သူဟာ အလုပ်ကြိုးစားတယ်လို့ထင်တယ်။ နောက်ပြီး သူဟာ တာဝန်ကျေကျေ အလုပ်လုပ်နိုင်တယ်လို့ထင်ထားတယ်။ သူဟာ ရုံးကို ရုံးချိန်အမီရောက်လေ့ရှိတယ်။ နောက်ပြီး တစ်နေ့တာအတွက် တာဝန်ဝတ္တရားတွေကို အားစိုက်ခွန်စိုက် လုပ်ဆောင်ပေးတယ်လို့ သူ့စိတ်ထဲမှာထင်ထားတယ်။

ဒီတော့ သူ့ကို ရာထူးတိုးပေးမှာပဲလို့ မျှော်လင့်ထားတယ်။ ရာထူးတိုးသွားရင် သူ စိတ်ချမ်းသာချင် စိတ် ချမ်းသာလာ လိမ့်မယ်ပေါ့လေ။

အဲဒီနောက် တစ်နေ့မှာတော့ သူ ရသင့်တယ်လို့ တွက်ထားတဲ့ တစ်ဆင့်မြင့်ရာထူးကို သူမရဘဲ တခြားလူ တစ်ယောက် ရသွားတယ်ဆိုတာ သိလိုက်ရတယ်။

လူရွယ် တော်တော်ဒေါပွသွားတာပေါ့။ သူ့ကိုကျော်ပြီး တခြားတစ်ယောက်ကို ဘာဖြစ်လို့ ရာထူးတိုးပေးလိုက်ရတာလဲ။ သူ နားမလည်နိုင်လောက်အောင် ဖြစ်ရတယ်။ သူဟာ တတ်နိုင်သလောက် သူ့ဒေါသတွေကို ဘေးလူတွေ မသိအောင် ကြိုးစား မြိုသိပ်ထားတယ်။ ဒီလို ရာထူးမတိုးလို့ စိတ်ဆိုးတာမျိုး၊ ဒေါသထွက်တာမျိုးကို ရုံးသူရုံးသားတွေက မနှစ်မြို့ကြဘူးလေ။ သူ့ဒေါသတွေကို ထွက်ပေါက်မပေးဘဲ ကျိတ်မှိတ် မြိုသိပ်ထားရတာဆိုတော့ ဒီဒေါသမီးက သူ့ကို တစ်စတစ်စနဲ့ လောင်မြိုက်လာတော့တာပေါ့။

လူရွယ်ကလေးရဲ့ အမျက်ဒေါသတွေ အုံကျင်းဖွဲ့ ကြီးမားလာလေ သူ့ရဲ့လုပ်ရည်ကိုင်ရည်တွေ ညံ့လာလေပဲ ပေါ့။

လူရွယ်ကလေးဟာ သူ့ဝန်းကျင်က လူတွေရှေ့မှာ တော့ ဣန္ဒြေမပျက်အောင် ဟန်လုပ်နေတယ်။ ရာထူးတိုး တဲ့ ကိစ္စကို သူ သိပ်ဂရုမစိုက်ဘူးဆိုတဲ့ ပုံစံပေါ့လေ။ ဒါပေမယ့် သူ့စိတ်ထဲမှာတော့ ကျိတ်မနိုင် ခဲမရနဲ့ သူ့ ကိုယ်သူ သံသယတွေ ဝင်စပြုလာတယ်။

‘အောင်မြင်မှုရရေးအတွက် လိုအပ်တဲ့ အရည်အချင်း ဆိုတာ ငါ့မှာ ရှိရဲ့လား’ လို့ အံ့သြတွေဝေလာတော့တယ်။

လူရွယ်ကလေးရဲ့ ကိုယ်ရေးကိုယ်တာ အနေအထား တွေကလည်း လုပ်ငန်းအနေအထားထက် ပိုပြီးကောင်းလှ တယ် မဟုတ်ပါဘူး။ သူဟာ သူ့ကောင်မလေးနဲ့ ကွဲသွား တယ်။ အဲဒီအတွက် သူ ဆွေးနေတယ်။ ကြေကွဲဝမ်းနည်း နေတယ်။ သူ့ကောင်မလေးကို သူမေ့နိုင်စွမ်း မရှိသေးဘူး။ ခုတော့ သူ စိုးရိမ်ပူပန်စပြုလာပြီ။ ဒီတစ်သက်မှာ အချစ်စစ် အချစ်မှန်ဆိုတာ တွေ့ပါဦးမလား၊ ကိုယ့်သား ကိုယ့်မယား နဲ့ အိမ်ထောင်စုတစ်ခု တည်ထောင်နိုင်ပါဦးမလားပေါ့ လေ။

http://www.cherrythitsar.org



သူဟာ တဖြည်းဖြည်းနဲ့ ယောင်တောင်တောင် စမ်းတဝါးဝါး ဖြစ်နေပါပေါ့လားလို့ သူတွေးတယ်။ သူ့ဘဝဟာ လက်စမသတ်ရသေးတဲ့ အလုပ်တွေ တသီတတန်းကြီး တန်းစီထားသလို ဖြစ်နေတယ်။ တိုးလို့ တန်းလန်း စီမံကိန်းတွေ၊ မအောင်မြင် အကောင်အထည်မပေါ်သေးတဲ့ ရည်မှန်းချက်တွေ၊ စိတ်ကူးယဉ်အိပ်မက်တွေ ပေါင်းစပ်ထားတာ သူ့ဘဝလို ဖြစ်နေတာကိုး။

သူဟာ ငယ်ဘဝတုန်းက စိတ်ချမ်းသာခဲ့သလို ခု စိတ်မချမ်းသာတော့ဘူးဆိုတာ သူ့ဘာသာသူ သိလာတယ်။

နေ့စဉ်နေ့တိုင်း လုပ်ငန်းခွင်ကနေ အိမ်ကို ပြန်လာတဲ့အခါ တစ်နေ့ထက်တစ်နေ့ ပိုပြီး ပင်ပန်းနွမ်းနယ်လာတယ်။ ပိုပြီး စိတ်ပျက်လက်ပျက် ဖြစ်လာတယ်။ သူ ဘာပဲလုပ်လုပ် သူ လုပ်နေတာကို ကျေနပ်အားရတာ ဘယ်တော့မှ မရှိသလို ဖြစ်နေတယ်။ အဲဒီလို မချင့်မရဲဖြစ်နေပေမယ့်လည်း သူ ဘာလုပ်ရမယ်ဆိုတာ မသိဘူးလေ။

သူက သူ့ငယ်ဘဝအကြောင်း စဉ်းစားကြည့်တယ်။ အဲဒီတုန်းက သူ့ဘဝဟာ ပိုရှင်းပြီး ပိုပျော်စရာကောင်းသလို ရှိပါကလား။ သူ့ကို အဘိုးကြီးပြောခဲ့တဲ့ စကားတွေကို ပြန်ပြီး အစဖော်ကြည့်တယ်။ လက်ဆောင်မွန်ရဲ့ အလားအလာကို တွက်ကြည့်တယ်။

သူဟာ သူမျှော်မှန်းထားသလောက် မပေါက်မြောက် မအောင်မြင်ဘူးဆိုတာ သူ့ဘာသာ သူသိတယ်။ နောက်ပြီး သူ စိတ်လွတ်လက်လွတ် ပျော်ချင်သလောက် မပျော်ဘူး ဆိုတာလည်း သိနေတယ်။

အမှန်တော့ လက်ဆောင်မွန် စူးစမ်းရှာဖွေဖို့ အားထုတ်တာကို မစွန့်လွှတ်ခဲ့ရင် ကောင်းမှာ။

အဘိုးကြီးနဲ့ စကားမပြောဖြစ်တာတောင် ကြာမြင့် ကြာရှည်ရှိခဲ့ပါပြီကော။ အဘိုးကြီးနဲ့ ခွဲခွာလာပြီးနောက်ပိုင်း လူရွယ်ကလေး အဖြစ်သနစ်တွေက သိပ်ကောင်းလှတာ မဟုတ်ဘူး။ ဒီတော့ အဘိုးကြီးဆီပြန်သွားပြီး အကူအညီ တောင်းဖို့ ခပ်တွန့်တွန့် ခပ်ရှုံ့ရှုံ့ဖြစ်နေတာပေါ့။

ဒါပေမယ့်လည်း သူ့အလုပ်နဲ့ သူ့ဘဝကို မကျေနပ် အားမရတဲ့ စိတ်တွေက ဖိစီးနှိပ်စက်လွန်းလာတာမို့ အဘိုးကြီးနဲ့ တိုင်ပင်ဆွေးနွေးမှ ဖြစ်တော့မယ်ဆိုတာ သူ သိနေတယ်လေ။

+ + +

သူ့ကိုတွေ့တော့ အဘိုးကြီး ဝီတိဖြာသွားတယ်။ လူရွယ်မှာ အရင်ကရှိခဲ့တဲ့ တက်ကြွမှုတွေ ပျောက်နေပြီး စိတ်ဆင်းရဲမှုတွေ သိသာ ထင်ရှားပေါ်လွင်နေတာကို အဘိုးကြီး ချက်ချင်း သတိထားလိုက်မိတယ်။ လူရွယ်ကလေးအတွက် စိုးရိမ်ပူပန်သွားတဲ့ အဘိုးကြီးက လူရွယ်စိတ်ထဲမှာရှိတာကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောဖို့ အားပေးသတဲ့။

http://www.cherrythitsar.org



လူရွှယ်က စောစောပိုင်း လက်ဆောင်မွန်ရှာပုံတော် ဖွင့်ခဲ့ပုံ၊ အဖြေရှာမရလို့ မချင့်မရဲဖြစ်ခဲ့ရပုံ၊ နောက်ဆုံး တူးစမ်းရှာဖွေမှု စွန့်လွှတ်ခဲ့ပုံတွေကို စီကာပတ်ကုံး ပြောပြတယ်။ ပြီးတော့မှ သူ လက်ရှိကြုံတွေ့နေရတဲ့ ပြသနာတွေကို ရင်ဖွင့်တယ်။

ဒါပေမယ့် လူရွှယ်ကလေး တအံ့တသြဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဘိုးကြီးရှေ့မှာကျတော့ အကြောင်းကိစ္စတွေက ထင်သလောက် မဆိုးသလိုဖြစ်နေတာကိုး။

လူရွှယ်နဲ့အဘိုးကြီးဟာ စကားတွေပြောလိုက်ကြ၊ ရယ်မောလိုက်ကြနဲ့ အရမ်းကြည်နူးကျေနပ်နေကြတာပေါ့။

လူရွှယ်ဟာ ခုမှ သဘောပေါက်သွားတယ်။ အဘိုးကြီးနဲ့ ခုလို စကားစမြည်ပြောနေရတာကို သူ ဘယ်လောက် နှစ်သက် မက်မောသလဲဆိုတာ ခုမှ သိမြင် သဘောပေါက်တယ်လေ။ အဘိုးကြီးရှေ့မှာကျတော့ သူ ပိုပြီး ပျော်ရွှင်ကြည်နူးလာတယ်။ ပိုပြီး အားမာန်တွေပြည့်လာတယ်။

http://www.cherrythitsar.org


ဒီအဘိုးကြီးဟာ ဘာဖြစ်လို့ သူတွေ့ဖူး ကြုံဖူးတဲ့ ကခြားလူတွေထက် ပိုပြီး အသက်ဝင် နိုးကြွနေပါလိမ့်ဆို တာကို လူရွယ် အတွေးကြွယ်နေမိတယ်။ ဒီအဘိုးကြီး ဒီလောက် ထူးထူးခြားခြားဖြစ်နေတာ ဘာကြောင့်ပါလိမ့်။ သူ့မှာ ဘာထူးခြားမှုတွေ ရှိနေလို့လဲ။

'ကျွန်တော်ဟာ ဘိုးဘိုးနဲ့ အတူရှိနေချိန်တွေဆိုရင် အရမ်း စိတ်ကြည်နူးတာပဲ၊ အဲဒါ လက်ဆောင်မွန်နဲ့များ ပတ်သက်နေလားဟင်'

လူရွယ်က အဘိုးအိုကို မေးတယ်။

'အစစအရာရာတိုင်းဟာ လက်ဆောင်မွန်နဲ့ ပတ် သက်နေတာချည်းပဲကွဲ့'

အဘိုးအိုက အဲဒီလို ပြန်ဖြေတယ်။

'အဲဒီ လက်ဆောင်မွန်ကို ကျွန်တော် ရှာတွေ့ချင် လိုက်တာ ဘိုးဘိုးရာ'

လူရွယ်က အဲဒီလိုပြောတော့ အဘိုးအိုက လူရွယ်ကို အကြင်နာမျက်လုံးတွေနဲ့ ငေးကြည့်နေတယ်။ ပြီးမှ ပြောပြ တယ်။

'လက်ဆောင်မွန်ကို မင်းဘာသာမင်း ရှာလို့တွေ့ချင် တယ်ဆိုရင် မင်း အပျော်ဆုံးဖြစ်ခဲ့တဲ့ အချိန်နဲ့ အအောင် မြင်ဆုံးဖြစ်ခဲ့တဲ့ အချိန်တွေကို ပြန်တွေးကြည့်။

'လက်ဆောင်မွန် ဘယ်မှာရှာရမယ်ဆိုတာ မင်းသိနေ ပြီးသား၊ မင်း သတိမပြုမိလို့ပါ'

http://www.cherrythitsar.org



အဲဒီလို ပြောပြီးမှ ဆက်ပြောပြန်တယ်။

'မင်း သိပ်ပြီး သဲကြီးမဲကြီး ရှာနေတာကို ရပ်လိုက်ရင် အဲဒါကို ရှာဖွေဖော်ထုတ်ဖို့ ပိုလွယ်ပါကလားဆိုတာ မင်း သိလာလိမ့်မယ်၊ တကယ်တမ်းပြောရရင် အဲဒီ လက်ဆောင်မွန်ဟာ သိသိသာသာ ထင်ထင်ရှားရှားကြီး ဖြစ်လာမှာပါ'

အဲဒီနောက် အဘိုးကြီးက လူရွယ်ကို ဘယ်လိုအကြံပေးသလဲဆိုတော့

'မင်းရဲ့ ပုံမှန်လုပ်ရှားမှုတွေနဲ့ ခဏတဖြုတ်ဝေးသွားအောင် အနားယူလိုက်ပါလား၊ ပြီးရင် မင်းဆီကို အဖြေရောက်အလာကို စောင့်ကြိုနေလိုက်ကွာ' တဲ့။

\+ + +

အဘိုးအိုရဲ့ အကြံပေးချက်ကို လိုက်နာတဲ့အနေနဲ့ မိတ်ဆွေတစ်ဦးက သူ့ရဲ့ တောင်ပေါ်အိမ်ကလေးတစ်လုံးမှာ လာပြီး အနားယူဖို့ ဖိတ်ခေါ်တာကို လူရွယ်က လက်ခံလိုက်တယ်။

တောင်ပေါ် တောကြီးမျက်မည်းထဲမှာ တစ်ကိုယ်တည်းရှိနေတဲ့ အခါကျတော့ အကြောင်းကိစ္စတွေ ဖြစ်ပျက် ပြောင်းလဲမှုဟာ နှေးကွေးသွားသလို ရှိတယ်။ ပြီးတော့ ဘဝဟာလည်း တစ်မျိုးတစ်မည် ခြားနားသလို ဖြစ်လာတယ်။

http://www.cherrythitsar.org



သူ လမ်းလျှောက်တယ်။ လမ်းလျှောက်တာမှ အငေး ကြီး အကြာကြီး လမ်းလျှောက်ရင်း သူ့ဘဝအကြောင်း ပြန်ပြီး တွေးဆဆင်ခြင်ကြည့်တယ်။

'ငါ့ဘဝဟာ ဘိုးဘိုးကြီးရဲ့ဘဝနဲ့ ဘာဖြစ်လို့မတူရ တာလဲ' လို့လည်း အံ့သြတကြီး စဉ်းစားမိတယ်။

အဘိုးကြီး နေတာထိုင်တာကတော့ ရိုးရိုးကုပ်ကုပ် ကလေးပဲ။ မာနထောင်လွှားမှု လုံးဝ မရှိဘူး။ ဒါပေမယ့် သူဟာ ကမ္ဘာလောကကြီးထဲမှာ အရမ်း အရမ်းအောင်မြင် ခဲ့တယ်လို့ လူငယ်က ကြားသိထားတယ်လေ။

သူဟာ ဂုဏ်သိက္ခာကြီးမားတဲ့ အဖွဲ့အစည်းတစ်ခုမှာ အောက်ခြေကစပြီး အလုပ်ဝင်လုပ်ခဲ့တယ်။ နောက်ပြီး ဟိုး ထိပ်ဆုံးရောက်တဲ့အထိ တစ်ဆင့်ပြီးတစ်ဆင့်ကိုးတက် သွားတယ်။ သူက လူအသိုက်အဝန်းကို နည်းပေါင်းစုံနဲ့ ကူညီခဲ့တာကလား။

အဘိုးကြီးမှာ စည်းလုံးခိုင်မာပြီး ချစ်ခင်ကြင်နာတဲ့ မိသားစု ရှိတယ်။ သူ့အပေါ် သစ္စာရှိတဲ့ မိတ်ဆွေတွေလည်း ရှိတယ်။ အဲဒီ မိတ်ဆွေတွေက သူ့ဆီ မကြာခဏလာလည် ကြတယ်။ သူ့မှာ ထူးခြားတဲ့ ဟာသဓာတ်ခံရှိတယ်။ နောက်ပြီး တခြားလူတွေ အားကိုးပြီး ရိုသေလေးစားတဲ့ ဉာဏ်အမြော်အမြင်လည်း ရှိတယ်။

အဲဒါတွေ အားလုံးထက်ပိုပြီး ထူးခြားတာက အဘိုး ကြီးရဲ့ တည်ငြိမ်အေးချမ်းမှုပဲ။ ဒီလို တည်ငြိမ်အေးချမ်းမှု မျိုးကို အလွန် တွေ့ရခဲ မြင်ရခဲတာကိုး။

လူရွယ်က ပြုံးလိုက်တယ်။

‘နောက်ပြီး ဒီအဘိုးကြီးမှာ သူ့အသက်ရဲ့တစ်ဝက် လောက်ပဲရှိတဲ့ လူငယ်တစ်ဦးရဲ့ ကာက်ကြွအားမာန်မျိုး ရှိနေတာကလား’ လို့ တွေးမိတယ်။

ဒီတော့ ဒီလောက်ကောင်းမြတ်တဲ့ အရည်အချင်း တွေ ဒီလောက် များများစားစားရရှိအောင် အဘိုးကြီးကို ပေးထားတဲ့ လက်ဆောင်မွန်ဆိုတာက ဘယ်လိုဟာကြီးမျိုး ပါလိမ့်။

လူရွယ်ဟာ ကန်ကြီးတစ်ကန်ကိုပတ်ပြီး မိုင်ပေါင်း များစွာ လမ်းလျှောက်ရင်း လက်ဆောင်မွန်အကြောင်း သူသိထားသမျှကို လေးလေးနက်နက် ချင့်ချိန်စဉ်းစားနေ မိတယ်။

*လက်ဆောင်မွန်ဆိုတာ မင်းကိုယ်မင်း ပြန်ပေးတဲ့ လက်ဆောင်။ မင်း ငယ်စဉ်တောင်ကျေး ကလေးအရွယ် တုန်းက ဒီအကြောင်း အသိဆုံးဖြစ်ခဲ့တယ်။ တကယ်တော့ မင်း မေ့လျော့နေတာပါ။*

http://www.cherrythitsar.org



ဒီလို စဉ်းစားနေပေမယ့်လည်း သူ့စိတ်က သူ့ရဲ့ ရှုံးနိမ့်ခဲ့တဲ့ ကိစ္စတွေဆီ ဝဲလည်သွားပြန်တယ်။ သူငမ်းငမ်းတက် လိုချင်နေတဲ့ ရာထူးတိုးမှုကို မရတော့ဘူးလို့သိလိုက်ရချိန်မှာ သူ ဘယ်နေရာမှာ ရှိနေတယ်ဆိုတာတောင် ပြက်ပြက်ထင်ထင် တိတိကျကျ သတိရနေတယ်လေ။ အဖြစ်အပျက်ဟာ မနေ့တစ်နေ့ကမှ ဖြစ်ပျက်သွားသလိုပဲ။ သူ ခုထိ စိတ်ဆိုးနေတုန်း၊ ဒေါသထွက်နေတုန်းပေါ့။

ဒီ ရာထူးတိုးတဲ့ကိစ္စအကြောင်း စဉ်းစားလေ အလုပ်ခွင်ကို ပြန်သွားရမှာ စိတ်ပျက်လာလေပဲ။

အဲဒီနောက်မှ သူ သတိထားလိုက်မိတယ်။ မှောင်ရီသန်းနေပါပြီကော။ ဒါနဲ့ တောင်ပေါ်အိမ်ကလေးရှိရာကို ခပ်သုတ်သုတ် ပြန်လာခဲ့တယ်။

အိမ်ထဲရောက်တာနဲ့ အအေးဒဏ်ကို ကာကွယ်ဖို့ မီးမွှေးလိုက်တာပေါ့။ အဲဒီတော့မှ သူ အရင်က သတိမပြုမိခဲ့တာ တစ်ခုကို မြင်တွေ့လိုက်တယ်။

သူက မီးတောက်တွေကို ငေးကြည့်ရင်း အိမ်ကလေးရဲ့ ဧရာမမီးလင်းဖိုကြီးကို ပထမဦးဆုံးအကြိမ်အဖြစ် သတိထားလိုက်မိတယ်။

မီးလင်းဖိုကြီးကို ကျောက်တုံးကြီးတွေ၊ ကျောက်တုံးကလေးတွေ တစ်ခုနဲ့တစ်ခု စပ်ဟပ်ပြီး တည်ဆောက်ထားတာ။ ကျောက်တုံး တစ်တုံးနဲ့တစ်တုံးကို အင်္ဂတေနည်းနိုင်သမျှ နည်းနည်းကလေးနဲ့ ထိန်းထားတာကလား။ တစ်တုံ

http://www.cherrythitsar.org



တစ်ယောက်ဟာ ကျောက်တုံးတွေကို တော်တော်ကြီး ဂရုစိုက် ရွေးချယ်ထားတယ်။ ဆောက်နဲ့ဖြတ်ပြီး ပုံဖော်ထားတယ်။ ပြီးတော့ ပိပိရိရိ သေသေသပ်သပ် ကွဲစပ်ပေးထားတယ်။

အခု သတိထားမိပြီဆိုတော့ တစ်ချိန်လုံး သူ့ရှေ့မှာ ပုံပုံကြီးရှိနေခဲ့တဲ့ မီးလင်းဖိုကြီး တည်ဆောက်ထားတဲ့ လက်ရာကို သဘောတကျ ကြည့်နေမိတယ်။ လက်ရာ မြောက်ပုံကို အံ့သြချီးကျူးနေမိတယ်။

မီးလင်းဖိုကြီးကို တည်ဆောက်ခဲ့သူဟာ ဘယ်သူပဲ ဖြစ်ဖြစ် တော်တာတော့ အမှန်ပဲ။ ဒီပုဂ္ဂိုလ်ဟာ ပန်းရန် ဆရာ မည်ကာမတ္တ မဟုတ်ဘူး။ ဒီပုဂ္ဂိုလ်ဟာ အနုပညာရှင် တစ်ဦးပေပဲ။

မီးလင်းဖိုကြီး တည်ဆောက်ထားတာ ထူးထူးကဲကဲ လက်ရာမြောက်လှပါကလားဆိုပြီး လူရွယ် အံ့သြ ချီးကျူး နေမိတယ်။ အဲဒီလို အံ့သြချီးကျူးရင်း တွေးလိုက်မိတာ က အဲဒီ ပန်းရန်ဆရာဟာ သူ့အလုပ် သူလုပ်ရင်း သူ့ ရင်ထဲမှာ ဘယ်လိုခံစားနေရမလဲဆိုတာပေါ့။

ဒီပန်းရန်ဆရာဟာ သူ့ရှေ့က အလုပ်ထဲမှာပဲ လုံးဝ ဥသုံဈာန်ဝင်နေမှာ မြေကြီးလက်ခတ်မလွဲပဲ။ ပန်းရန်ဆရာ ကြီးရဲ့ အတွေးတွေဟာ မကြာခဏ ပျံ့လွင့်သွားတာမျိုး၊ တောင်တွေးမြောက်တွေး တွေးမိတာမျိုးတွေရှိမှာမဟုတ်ဘူး။ ဒါကြောင့် သူ့လက်ရာ ဒီလောက်ပြောင်မြောက်နေတာ ပေါ့။

ဒီဆရာကြီးဟာ အလုပ်လုပ်နေရင်း သူ့ရည်းစားဟောင်းကို ပြန်တမ်းတနေတာမျိုး၊ ဒါမှမဟုတ် ညကျရင်စားမယ့် ညစာထမင်းဝိုင်းအကြောင်း ကြိုပြီးစဉ်းစားနေတာမျိုး မရှိဖို့ အလားအလာများတယ်။ ဒါမှမဟုတ်လည်း ဒီအလုပ် လက်စသတ်ပြီးသွားရင် ငါ ဘာလုပ်မယ်ဟဲ့လို့ ခုန်ပျံကျော်လွှား စဉ်းစားတာမျိုးလည်း လုပ်မှာမဟုတ်ဘူး။ ဒါမှမဟုတ် ဒီအလုပ်ကို လုပ်နေမယ့်အစား ဒီ့ထက်ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ တခြားအလုပ်တစ်ခုလုပ်နေရရင် ကောင်းမှာလို့ တွေးနေမှာ မဟုတ်ဘူး။

ဒီပန်းရန်ဆရာကြီးဟာ သူ့လက်ထဲက အလုပ်ကလွဲပြီး တခြား ဘာဆို ဘာမှ အာရုံထဲ အဝင်ခံမှာမဟုတ်ဘူးဆိုတာကို သူ့ရဲ့ ပြောင်မြောက်လွန်းလှတဲ့ ပန်းရန်လက်ရာကိုကြည့်ပြီး လူရွယ်ကလေး အတပ်ပြောလို့ရတယ်။

ပန်းရန်ဆရာကြီး အောင်မြင်ခဲ့တာ သိသာထင်ရှားပါတယ်။

http://www.cherrythitsar.org



နေပါဦး။ ပညာရှိအဘိုးကြီးပြောခဲ့တာ ဘာပါလိမ့်။ 'လက်ဆောင်မွန်ကို မင်းဘာသာမင်း ရှာလို့တွေ့ချင်တယ် ဆိုရင် မင်း အပျော်ဆုံးဖြစ်ခဲ့တဲ့ အချိန်တွေနဲ့ အအောင်မြင်ဆုံးဖြစ်ခဲ့တဲ့ အချိန်တွေကို ပြန်တွေးကြည့်' တဲ့။

သူ ချာတိတ်ဘဝတုန်းက မြက်ခင်းတွေမှာ မြက်ရိတ်တဲ့ အကြောင်း အဘိုးကြီးနဲ့ ပြောခဲ့တဲ့ စကားတွေကိုလည်း လူရွယ်က ပြန်တွေးကြည့်တယ်။ မြက်ရိတ်ချိန်မှာ မြက်ရိတ်တာကိုပဲ အာရုံစိုက်ထားပြီး တခြား ဘာကိုမှ မစဉ်းစား မတွေဝေခဲ့တာ သူပြန်ပြီး သတိရမိတယ်။

*'မင်းလုပ်နေတဲ့ အလုပ်ထဲမှာ လုံးလုံးလျားလျား အာရုံစိုက်ထားတဲ့အခါ မင့်စိတ်တွေ တခြားကိုမပျံ့လွင့်တော့ဘူး၊ အဲဒီအခါကျရင် မင်း ပျော်နေတာပေါ့၊ အဲဒီ အခိုက်အတန့်ကလေးမှာ ဖြစ်ပျက်နေတာကိုပဲ မင်း စိတ်ဝင်စားနေတော့တယ်လေ'* လို့ အဘိုးကြီးက ပြောခဲ့တာပဲ။

အလုပ်ကိစ္စနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ တခြားဘယ်လိုကိစ္စမျိုးနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် သူ အဲဒီလို စူးစူးနစ်နစ်ဖြစ်မနေတာ တော်တော်ကြာခဲ့ပြီဆိုတာ လူရွယ်ကသိမြင်လိုက်တယ်။ သူဟာ အတိတ်ကာလ အတွေ့အကြုံတွေအကြောင်း ပြန်တွေးပြီး စိတ်ကသိကအောက်ဖြစ်နေတဲ့ အချိန်တွေ များလွန်းမက များနေမလား များနေရဲ့၊ ဒါမှ

http://www.cherrythitsar.org



မဟုတ် ဘာမှမဖြစ်သေးတဲ့ အနာဂတ်ကာလအကြောင်း တွေးပြီး စိတ်ပူနေမလား စိတ်ပူနေခဲ့ရဲ့။

လူရွယ်က သစ်သားအိမ်ကလေးရဲ့ အတွင်းပိုင်းကို လျှောက်ကြည့်တယ်။ သူဟာ မီးလင်းဖိုထဲကို ကြည့်မိပြန်တယ်။ အဲဒီ အခိုက်အတန့်ကလေးမှာ သူဟာ အတိတ်ကာလအကြောင်း စဉ်းစားမနေဘူး။ အဲဒီလိုပဲ အနာဂတ်ကာလ ဘာတွေဖြစ်လာမလဲဆိုတာ တွေးပြီးလည်း စိတ်ပူမနေမိဘူး။

တကယ်တော့ သူဟာ လက်ရှိ သူရောက်နေတဲ့နေရာကို နှစ်သက် သဘောကျနေတယ်။ နောက်ပြီး လက်ရှိ သူလုပ်နေတာကို နှစ်ခြိုက်နေတယ်။

အဲဒီနောက် သူ ပြုံးလိုက်တယ်။ သူ့စိတ်တွေ ပေါ့ပါး ကြည်နူးနေတာကို သူ သိလိုက်တယ်။

သူဟာ သူလက်ရှိလုပ်နေတဲ့ အလုပ်ထဲမှာပဲ ပျော်ရွှင်ကြည်နူးနေတာကို သူ သိလိုက်တယ်။ သူဟာ ပစ္စုပ္ပန်ကာလမှာ ဈာန်ဝင်နေရတာကိုပဲ ပျော်ရွှင်ကြည်နူးနေတယ်။

အဲဒီမှာတွင် ဉာဏ်အလင်းတစ်ချက် သူ့ခေါင်းထဲ ဖြိုးခနဲ ဖျက်ခနဲ ဝင်းလက်သွားတယ်။

ဟုတ်ပေသားပဲ။

သူ သိလိုက်ပါပြီ။ လက်ဆောင်မွန်ဆိုတာ တစ်ချိန်လုံး သူ့ရှေ့မှာရှိနေခဲ့တဲ့ ပစ္စုပ္ပန်ပါပဲကလား။

လက်ဆောင်မွန်ဆိုတာ
အတိတ် မဟုတ်သလို
အနာဂတ်လည်း မဟုတ်။

လက်ဆောင်မွန်ဆိုတာ
ပစ္စုပ္ပန်ပါ။
လက်ဆောင်မွန်ဆိုတာ
ယခု လက်ရှိအချိန်ပါ။

လူရွယ်ဟာ ဖျက်ခနဲ တစ်ချက်ပြုံးလိုက်တယ်။ အဖြေက သိသာ ထင်ရှားလွန်းလှပါကလား။ သူ သက်ပြင်းတစ်ချက် ရှိုက်လိုက်တယ်။ ပြီးမှ စိတ်ရော ကိုယ်ရောဖြေလျော့ထားလိုက်တယ်။ သစ်သားအိမ်ကလေး အတွင်းဘက်ကို လှည့်ပတ်ကြည့်တယ်။ အိမ်ကလေးကို အမြင်သစ်နဲ့ကြည့်ပြီး ကြည်နူး ကျေနပ်နေမိတယ်။ သူ့အမြင်တွေလုံးလုံးလျားလျား ပြောင်းလဲသွားပြီလေ။

အိမ် အပြင်ကို ထွက်ခဲ့တယ်။ ညဥ့်မိုးကောင်းကင်ရှေ့မှာ ထီးထီးမားမားကြီးတွေဖြစ်နေတဲ့ သစ်ပင်ရိပ်ကြီးတွေကို မြင်ရတယ်။ ဟိုးအဝေးက တောင်တန်းတွေရဲ့ခေါင်းပေါ်မှာတော့ အဖြူရောင် နှင်းဦးထုပ်တွေဆောင်းလို့ပေါ့။

စောစောစီးစီး ထွက်ပြူနေတဲ့ လမင်းကြီးရဲ့အရိပ်ကို ကန်ရေမျက်နှာပြင်ပေါ်မှာ တွေ့နေရတယ်။ နောက်ပြီး ငှက်ကလေးတွေရဲ့ နေဝင်ဆည်းဆာ တေးသီချင်းသံတွေကြားရတယ်။

ခုတော့ သူဟာ သူ့ရှေ့မှာ အစဉ်တစိုက်ရှိနေခဲ့ပေမယ့် သူ မမြင်ခဲ့၊ မခံစားခဲ့ရတဲ့ အရာတော်တော်များများကို သတိချပ်မိလာပြီ။

http://www.cherrythitsar.org



အချိန်တော်တော်ကြာကြာအတွင်း သူ မခံစားခဲ့ရတဲ့ ပျော်ရွှင်မှုနဲ့ ငြိမ်းချမ်းမှုကို ခုမှ ခံစားလိုက်ရတယ်။ သူ့ကိုယ်သူ အရူးသမားတစ်ဦးရယ်လို့ အဆိုးမမြင်တော့ဘူး။ လူရှုယ်ဟာ ပစ္စုပ္ပန်အကြောင်း များများ စဉ်းစားလေ လက်ဆောင်မွန်ဟာ အဓိပ္ပာယ်ရှိလာလေပဲ။

*ပစ္စုပ္ပန်မှာ ဖြစ်တည်နေထိုင်ခြင်းဆိုတာ ယခုလက်ရှိ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေကို စူးစိုက် အာရုံပြုထားတာဖြစ်တယ်။ ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ မင်းကို နေ့စဉ် နေ့တိုင်း ကမ်းလှမ်းပေးအပ်နေတဲ့ လက်ဆောင်တွေကို အသိအမှတ်ပြု တန်ဖိုးထားတတ်ခြင်းပဲ။*

သူဟာ ပစ္စုပ္ပန်မှာ အာရုံစူးစိုက်ထားတဲ့အခါတိုင်း သူ လက်ရှိလုပ်နေတဲ့ အလုပ်ကို ပိုပြီး သတိချပ်မိတယ်။ ပိုပြီး အာရုံစိုက်မိတယ်။ အဲဒီအခါမျိုးကျ သူဟာ သားနား လှပလွန်းတဲ့ ကျောက်သား မီးလင်းဖိုကြီးတည်ဆောက်သွားတဲ့ ပန်းရန်အနုပညာရှင်ကြီးနဲ့ ပိုတူနေတော့တာပေါ့။

ပညာရှိအဘိုးကြီးက သူ့ကို ကလေးဘဝကတည်းက သင်ပေးဖို့ ကြိုးစားခဲ့တဲ့အကြောင်းကို သူ ခုမှပဲနားလည်သဘောပေါက်တော့တာကိုး။

သင်ဟာ ပစ္စုပ္ပန်မှာ ဖြစ်တည်နေထိုင်တဲ့အခါ သင် ပျော်ရွှင်ပြီး အောင်မြင်မှုတွေ ရလာတော့တယ်။

\+ \+ \+

http://www.cherrythitsar.org



နောက်တစ်နေ့ မနက် အိပ်ရာကနိုးလာတော့ လူရွှယ်ဟာ လန်းလန်းဆန်းဆန်းနဲ့ အင်ပြည့်အားပြည့် ဖြစ်နေတော့တယ်။ သူ့စိတ်ထဲမှာ ကရွှရွှဖြစ်နေပြီ။ သူ့ရဲ့ရှာဖွေတွေ့ရှိချက်ကို အဘိုးကြီးဆီသွားပြီး ပြောပြချင်လှပြီ။

အပြင်ထွက်ဖို့ အဝတ်အစားဝတ်ဆင်ရင်း သူဘယ်လောက်ထိ အားသစ်မာန်သစ်တွေ ပြည့်နေသလဲဆိုတာ သတိထားမိပြီး အံ့အားတသင့် ဖြစ်ရသေးတယ်။

မနေ့ညက သူ ဘယ်လိုနေသလဲဆိုတာ သတိရနေသေးရဲ့။ မနေ့ညက သူ ဘယ်နေရာကို ရောက်နေသလဲဆိုတာနဲ့ သူဘာလုပ်နေသလဲဆိုတာကို အာရုံစူးစိုက်ခဲ့တယ်လေ။ အဲဒီလို စိတ်အာရုံကို ပစ္စုပ္ပန်မှာ တည်နိုင်အောင်အားထုတ်လိုက်တာနဲ့ အဖြေကို ချက်ချင်းတွေ့တော့တာပဲ။ သူ တခြားအကြောင်းကိစ္စဆိုလို့ ဘာဆိုဘာမှ မစဉ်းစားခဲ့ဘူးလေ။

စဉ်းစားတွေးခေါ်ဖို့ တောင်တန်းတွေပေါ် လာခဲ့မိတာကို ဝမ်းသာရတာပေါ့။ နောက်ပြီး ခုလို တစ်ကိုယ်တည်းလာနေခဲ့တဲ့အတွက် အဖြေကို ကိုယ့်ဘာသာကိုယ် ရှာဖွေတွေ့ရှိနိုင်ခဲ့တယ်လေ။

ခု လောလောဆယ်ကိုပဲ စိတ်အာရုံကို ပစ္စုပ္ပန်မှာ တည်ထားဖို့ သူ့ကိုယ်သူ သတိပေးလိုက်တယ်။ သူဟာ အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းပြီး စိတ်ကို ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်အောင် ပြန်ပြီး တည်လိုက်တယ်။

*ကြည့်စမ်း၊ ဘယ်လောက်ရိုးရှင်းလိုက်တဲ့နည်းလဲ။ နောက်ပြီး သက်ရောက်မှုကတော့ ဘယ်လောက်မြန်လိုက်သလဲ* လို့ သူတွေးနေမိတယ်။

အဲဒီနောက် သူ မျက်မှောင်ကြုတ်ပြီး သူ့ကိုယ်သူ မေးလိုက်တယ်။

'လက်ဆောင်မွန် ဆိုတာ ဒီလောက်ထိ ရိုးနိုင်ရှင်းနိုင်ပါ့မလား၊ ပြောကြစကားဆိုရင် ဘဝဟာ ရှုပ်ထွေးနက်နဲတယ် မဟုတ်လား၊ လုပ်ငန်းခွင်မှာကြည့်လေ၊ အခြေအနေတွေ ရှုပ်ထွေးသလို ရှိနေတာပဲဟာ။

'စိတ်ကို ပစ္စုပ္ပန်မှာ တည်ထားလိုက်ရုံနဲ့ မင်းစိတ်ချမ်းသာလာမယ်၊ အောင်မြင်မှုတွေရလာမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား'

ဘာပဲဖြစ်ဖြစ် ဒီနည်းဟာ သူ့အတွက်တော့ အလုပ်ဖြစ်တယ်ဆိုတာ ဝန်ခံရမှာပဲ။

ဒါပေမယ့် အပြင်ထွက်ဖို့ပြင်ဆင်ရင်း အတွေးကြွယ် မိပြန်တယ်။

တကယ်လို့ ကိုယ်ရောက်နေတဲ့ အနေအထားတွေက ကောင်ပေါ်အိမ်ကလေးမှာ နေရသလို စိတ်အေးချမ်းသာ မဖြစ်တဲ့အနေအထားမျိုးဆိုရင် ဒီ လက်ရှိဆိုကဲ့လက်ဆောင် မွန်က ဘယ်လို အလုပ်ဖြစ်မှာလဲ။ ကောင်းတဲ့အခြေအနေမှာ အလုပ်ဖြစ်ပေမယ့် ဆိုးတဲ့ အခြေအနေမှာကျတော့ အလုပ် ဖြစ်ချင်မှ ဖြစ်တော့မှာပေါ့။

တကယ်လို့ ရှိများ ရှိတယ်ဆိုရင် အတိတ် ဒါမှမဟုတ် အနာဂတ်ရဲ့ အရေးပါ အရာရောက်မှုကရော ဘယ်လိုလဲ။

အဘိုးအိုရှိရာကို ခရီးထွက်လာရင်း လူရွယ် သိမြင် သဘောပေါက်သွားတယ်။ သူ မသိသေးတာတွေအများကြီး ရှိပါသေးကလား၊ အဘိုးကြီးကို သူ မေးချင်တဲ့ မေးခွန်းတွေ အများကြီးရှိနေပါကလားလို့။

+ + +

# ဖြစ်တည်ခြင်း

အဘိုးအိုဟာ သူ့ကူရှုကို လျှောက်လာတဲ့ လူရွယ်ကို မြင်တယ်။ လူရွယ်က အားရပါးရကြီး ပြုံးလို့။ သူ့မျက်လုံးတွေက ကြည်လင်ရွှန်းလက်လို့။ ဒါတွေကို တွေ့မြင်လိုက်တာနဲ့ အဘိုးအိုက ချက်ချင်း လှမ်းပြောတယ်။

'ဟေး၊ မင်း ကြည့်ရတာ လက်ဆောင်မွန်ကို ရှာတွေ့လာသူ တစ်ယောက်လိုပဲကွယ်'

'ကျွန်တော် တွေ့လာပြီလေ'

လူရွယ်က အုံ့သြဝမ်းသာ ပြောတယ်။

အဘိုးအိုကတော့ အားပါးတရပြုံးနေတယ်။ ဒီလူရွယ် သူ့လမ်းကြောင်း သူရှာတွေ့သွားမှာပဲဆိုတာ အဘိုးအိုက သိပြီးသား။ ဒီအခိုက်အတန့်ကလေးမှာ သူတို့ နှစ်ယောက်စလုံး ပြုံးပျော် ကြည်နူးနေကြတာပေါ့။

အဲဒီနောက် အဘိုးအိုက ပြောလိုက်တယ်။

http://www.cherrythitsar.org



'ဘယ်လို ဘယ်လိုတွေ ဖြစ်သွားတယ်ဆိုတာ ငါ့ကို ပြောပြစမ်းပါဦးကွ'

'အဟဲ၊ ကျွန်တော် စိတ်ချမ်းသာ လက်ချမ်းသာဖြစ်နေတာ ကိုယ့်ကိုယ်ကို သတိထားမိလိုက်တယ် ဘိုးဘိုးရဲ့၊ အဲဒီအချိန်မှာ အတိတ်ကာလတုန်းက ကျွန်တော်ဖြစ်ခဲ့ပျက်ခဲ့တဲ့ အကြောင်းတွေ စဉ်းစားမနေဘူး၊ နောက်ပြီး အနာဂတ်ကာလမှာ ဘာတွေဖြစ်လာမလဲဆိုပြီးလည်း တွေးပူမနေမိဘူး ဘိုးဘိုးရဲ့။

'အဲဒီအခါကျတော့ သိသာထင်ရှားလွန်းလှတဲ့ အဖြေကြီးဟာ ကျွန်တော့်ခေါင်းထဲမှာ ဖျိုးခနဲ ဖျပ်ခနဲ ပေါ်လာတော့တာပဲ၊ ကိုယ့်ကိုယ်ကို ပြန်ပေးမှရတဲ့ လက်ဆောင်မွန်ဆိုတာ ယခုလက်ရှိ အချိန်အတန့်ကို ပြောတာပါကလားဆိုတာလေ၊ စိတ်ကို ပစ္စုပ္ပန်မှာ တည်ထားတယ် ဆိုတာ လောလောဆယ် လက်ရှိလုပ်နေတာ ကိုပဲ အာရုံပြုထားဖို့ ပြောတာဆိုတာကို ခုတော့ ကျွန်တော် နားလည်သွားပြီ'

'အဲဒါဟာ နှစ်နည်း နှစ်ဖုံအားဖြင့် မှန်တယ်ကွယ့်' လို့ အဘိုးအိုက ပြောတယ်။

ဒါပေမယ့် အဘိုးအိုပြောတာကို လူရွယ်က နားထောင် မနေဘူး၊ သူ့စကားကိုသာ သူ ဆက်ပြောတယ်။

'လက်ဆောင်မွန်ကို ကျွန်တော် ရှာတွေ့တော့ အဆင်ပြေ ချောမွေ့တဲ့ အခြေအနေမှာ ဘိုးဘိုးရဲ့၊ အဲဒီတုန်းက

http://www.cherrythitsar.org



ကျွန်တော့်မိတ်ဆွေရဲ့ ကောင်ပေါ သစ်သားအိမ်ကလေးထဲ ရောက်နေတယ်လေ'

အဲဒီနောက်မှာမှ သူက ဆုတ်ဆိုင်းဆိုင်းနဲ့ ဆက်မေးတယ်။

'ကျွန်တော် သိချင်နေတာက၊ ကျွန်တော် အဆင်မပြေ မချောမွေ့တဲ့ အခြေအနေမျိုးမှာ ရောက်နေတဲ့အခါ၊ စိတ်ကို ပစ္စုပ္ပန်မှာတည်ထားလို့ ဘယ်လို အကျိုးရှိနိုင်ပါမလဲ ဆိုတာ သိချင်နေတာခင်ဗျ'

အဘိုးအိုက မေးခွန်းတစ်ခု မေးပြီး တုံ့ပြန်လိုက်တယ်။

'မင်း ပစ္စုပ္ပန်ကို အာရုံစိုက်မိတဲ့အချိန်မှာ မင်း အဆင်ပြေ ချောမွေ့တဲ့အကြောင်း တွေးနေလား၊ အဆင်မပြေ မချောမွေ့တဲ့အကြောင်း စဉ်းစားနေလား'

'ကျွန်တော် အဆင်ပြေတဲ့အကြောင်း တွေးနေတာခင်ဗျ၊ ကျွန်တော်ဟာ သာယာလှပတဲ့ သစ်သားအိမ်ကလေးထဲ ရောက်နေတယ်ဆိုတာ သိထားတယ်၊ ပြီးတော့ တိတ်ဆိတ် အေးချမ်းတဲ့ အခါသမယကလေးကို ပျော်ရွှင်ခံစားနေတယ်လေ'

ဒီတော့ အဘိုးကြီးက ပြောတယ်။

'ဒီစကားတွေကို စဉ်းစားချင့်ချိန်ကြည့်စမ်း'

http://www.cherrythitsar.org



ဆင်းရဲဒုက္ခအရောက်ဆုံး
အခြေအနေတွေမှာတောင်
လက်ရှိ ပစ္စုပ္ပန်ကာလမှာ
အဆင်ပြေချောမွေ့တဲ့အကြောင်း
အာရုံပြုထားရင်
သင် ပိုပြီး စိတ်ချမ်းမြေ့လာလိမ့်မယ်။

နောက်ပြီး မှားနေတာတွေကို
ပြန်ပြီး တည့်မတ်နိုင်အောင်
လိုအပ်နေတဲ့ အားမာန်တွေ၊ ယုံကြည်မှုတွေ
ပေးလိမ့်မယ်။

http://www.cherrythitsar.org



အဘိုးအိုပြောလိုက်တဲ့ စကားကို ကြားရတော့ လူရွယ် အံ့သြတကြီး ဖြစ်သွားတယ်။

'ဒါဆို ပစ္စုပ္ပန်မှာ ကြည်အောင်နေဆိုတာ လက်ရှိ ပစ္စက္ခကာလအပေါ်မှာ အာရုံစိုက်ထားဖို့ ပြောတာပေါ့နော်။

'နောက်ပြီး အဆင်ပြေချောမွေ့တဲ့ အကြောင်းကိစ္စကို ခု လောလောဆယ် အာရုံပြုထားတာလို့လည်း အဓိပ္ပာယ် ရတယ် မဟုတ်လား'

'ဟုတ်တယ်' လို့ အဘိုးအိုက ဖြေတယ်။

လူရွယ်က ဒီအကြောင်း ထပ်စဉ်းစားနေပြန်တယ်။

'ဟုတ်တယ်၊ အဲဒါ အဓိပ္ပာယ်ရှိတယ်၊ ကျွန်တော် ဒုက္ခသုက္ခရောက်နေတဲ့ အချိန်မျိုးမှာ ကျွန်တော် အဆင် မပြေ မချောမွေ့တဲ့အကြောင်းတွေပဲ တွေးလေ့ရှိတယ်၊ အဲဒီတော့ ဘာဖြစ်သလဲ၊ ကိုယ်ပဲ စိတ်ဓာတ်ကျပြီး အရှုံးပေါ် တာပေါ့ ဘိုးဘိုးရာ'

'လူတော်တော်များများဟာ အဲဒီလို တွေးလေ့ရှိတယ် ကွယ့်၊ တကယ်တမ်းကျတော့ အခြေအနေအများစုဟာ အကောင်းနဲ့အဆိုး၊ အမှန်နဲ့အမှား ရောနှောနေတာချည်း ပါပဲ၊ အဲဒါတွေကို မင်း ဘယ်လိုအမြင်နဲ့ ကြည့်သလဲဆိုတာ ပေါ် မူတည်နေတယ်။

http://www.cherrythitsar.org



'မှားတာ၊ အဆင်မပြေတာကို များများကြည့်လေ မင်းမှာ အားမာန်နဲ့ ယုံကြည်မှုနည်းလေပဲ၊ ဒါကြောင့် မင်း အခြေအနေဆိုးနဲ့ ကြုံနေရချိန်မှာ ရှာကြည့်ဖို့ခက်ခဲပေမယ့် လမ်းမှန်တဲ့ အဆင်ပြေတဲ့အကြောင်းတွေ ရှာကြည့်ကတ်ဖို့ အရေးကြီးတယ်ကွယ့်၊ အဲဒီနောက် မှန်တဲ့ အဆင်ပြေတဲ့အကြောင်းကို တန်ဖိုးထား လေးစားပါ၊ ပြီးတော့ အဲဒီအပေါ်မှာ အခြေပြုပြီး နောက်ထပ်မှန်တဲ့ အဆင်ပြေတဲ့ ဖြစ်ရပ်တွေ ဖြစ်ထွန်းလာအောင် တည်ဆောက်ယူ။

'လောလောဆယ်အချိန်မှာ အဆင်ပြေတဲ့အကြောင်းကို တန်ဖိုးထား လေးစားလေ မင်း ပိုပြီး စိတ်ချမ်းသာမှု ရလေပဲ၊ မင်း ပိုပြီး စိတ်ချမ်းသာ လက်ချမ်းသာဖြစ်လာတဲ့အခါကျ မင်း ပစ္စုပ္ပန်ကာလထဲမှာ ဖြစ်တည်နေထိုင်ဖို့ ပိုပြီး လွယ်လာရော'

'တကယ်လို့ လက်ရှိကာလက အရမ်းဝမ်းနည်းကြေကွဲစရာ ကောင်းနေရင်ရော၊ ဥပမာ ကိုယ်ချစ်မြတ်နိုးသူ တစ်ဦး ဆုံးရှုံးလိုက်ရတဲ့အခါမျိုးပေါ့'

လူရွယ်က မေးသည်။

'ဝမ်းနည်းကြေကွဲမှုဆိုတာ၊ ဖြစ်လာတာနဲ့ ကိုယ်ဖြစ်စေချင်တာ တစ်ခုနဲ့ တစ်ခုအကြား ခြားနားမှုပဲကလေးရေ'

အဘိုးအို မိန့်ကြားသည်။

http://www.cherrythitsar.org



'အခုလက်ရှိ အခိုက်အတန့်မှာ ဖြစ်ပေါ်ခံစားနေရတဲ့ ဝမ်းနည်းကြေကွဲမှုဆိုတာ အနိစ္စဆိုတဲ့ တရားသဘောအရ ထာဝစဉ် ပြောင်းလဲနေတယ်၊ အဲဒီ ဝေဒနာဟာ လာပြီးရင် ပြန်သွားမှာပဲ။

'မင်း ပစ္စက္ခကာလထဲမှာပဲ လုံးလုံးလျားလျား အာရုံ ဝင်စားနေပြီး ဝေဒနာကို အသည်းအသန် ခံစားရတယ်၊ အဲဒီလို ခံစားရတဲ့အတွက် မင်း အင်အားချည့်နဲ့သွားသလို ခံစားရမယ်၊ အဲဒီအခါကျ အမှန်တရားကို မင်း စပြီး ရှာဖွေလို့ ရပြီ၊ တွေ့တဲ့ အမှန်တရားပေါ်မှာ အခြေပြုပြီး အောင်မြင်မှုကို တည်ဆောက်ယူလို့ရပြီပေါ့'

သူ သိမြင် သဘောပေါက်တာတွေကို မမေ့ရအောင် လူရွှယ်က မှတ်စုတွေ စပြီး ရေးမှတ်ထားတယ်။

'ကျွန်တော် ခုချိန်ထိ လေ့လာဆည်းပူးလို့ရတာတွေ ဟာ ရေခဲမျောကြီးရဲ့ အပေါ်စွန်းလောက်ကလေးပဲ ရှိသေးတယ်၊ အဲဒီ မျက်နှာပြင်အောက်မှာ အများကြီးရှိသေး တယ်လို့ ကျွန်တော့်စိတ်ထဲ ထင်နေတယ်ဘိုးဘိုးရဲ့၊ အဲဒါ ဘာဖြစ်လို့လဲဟင်'

http://www.cherrythitsar.org



'ဘာဖြစ်လို့လဲဆိုတော့ မင်း ဖော်ထုတ်တွေ့ရှိဖို့ ပြင်ပကမ္ဘာမှာ စောင့်ကြိုနေတဲ့အရာတွေကို မင်းက ခုမှ စတွေ့ပြီး ခုမှ စပြီး နားလည် သဘောပေါက်လာတာ ကြိုး'

အဘိုးအိုက ရှင်းပြတယ်။ နောက်ထပ် ဆက်ပြီးရှင်းပြ တာက

'မင်းက လက်ရှိဆိုတဲ့ လက်ဆောင်မွန်ကို မင့် ဘာသာ မင်း ရှာတွေ့ထားတယ်၊ နောက်ထပ်လည်း သိချင် နားလည်ချင်သေးပုံပေါက်နေတော့ ငါ တတ်သိ နားလည် ထားတာတွေ မင်းကို မျှဝေပေးပါမယ်လေ' တဲ့။

အဲဒီလို ပြောပြမယ်ဆိုရင် ကျေးဇူးတင် ဝမ်းမြောက် မှာ ဖြစ်တဲ့အကြောင်း လူရွယ်က ပြောတော့ အဘိုးအို ဆက်ရှင်းပြတယ်။

'နာကျည်းကြေကွဲစရာ အခြေအနေတွေနဲ့ ကြုံတွေ့ ရတဲ့အခါ မင်းကိုယ်မင်း တစ်ခုခုနဲ့ အာရုံပြောင်းဖို့ ကြိုးစား မယ့်အစား အဲဒီအတွေ့အကြုံတွေကနေ သင်ခန်းစာ ယူ တတ်ဖို့ အရေးကြီးတယ်ကွယ့်'

http://www.cherrythitsar.org



ပစ္စုပ္ပန်မှာ တည်အောင်နေတယ်ဆိုတာ
အာရုံပျံ့လွင့်မှုတွေကို ဖယ်ထုတ်ပြီး

လောလောလတ်လတ် အရေးကြီးနေတာတွေကို
အာရုံစိုက်ခြင်းပဲ ဖြစ်တယ်။

သင့် အာရုံဝင်စားမှုဟာ
သင့် အတွက် သင်ကိုယ်တိုင်ဖန်တီးပေးတဲ့
လက်ဆောင်မွန်ပဲ ဖြစ်ပေတယ်။

http://www.cherrythitsar.org



'ဒါဆို ခက်ခဲကျဉ်းကျပ်တဲ့ အခြေအနေတွေမှာ တောင် ကျွန်တော့်ကို ပစ္စုပ္ပန်မှာ စိတ်တည်မထားနိုင်အောင် နှောင့်ယှက်နေပြီး အရေးမပါတဲ့ အာရုံပျံ့လွင့်မှုတွေကို မောင်းထုတ်ပစ်ရမယ်ပေါ့နော်'

'မင့်ဘဝမှာ ကြုံရတဲ့ အဖြစ်အပျက်တွေကို မင်း ဥပမာထားလို့ရတယ်လေ၊ မင်း စောစောပိုင်းက ပြောခဲ့တယ်လေ၊ မင့် လုပ်ငန်းခွင်မှာ ပြဿနာတွေ ကြုံနေရတယ်၊ နောက်ပြီး မင်းရဲ့ ပုဂ္ဂလိကဘဝမှာလည်း စိတ်ဆင်းရဲစရာ တွေ ကြုံခဲ့ရတယ်ဆို။

'ဒီတော့ မင်းကိုယ်မင်း မေးကြည့်ချင်လိမ့်မယ်၊ 'ငါ လုပ်ငန်းခွင်မှာ မကြာခဏဆိုသလို အာရုံပျံ့လွင့်တတ်သလား၊ ဒါမှမဟုတ် အဲဒီအချိန်တုန်းက အရေးကြီးတဲ့ ကိစ္စတွေကို ငါ အပြည့်အဝ အာရုံစိုက်လေ့ရှိခဲ့သလား' လို့။

'ကဲ၊ လုပ်ငန်းခွင်ပြင်ပက မင်းရဲ့ ပုဂ္ဂလိကဘဝ အကြောင်း စဉ်းစားပါဦး။

'မင့်ကောင်မလေးနဲ့ မင်း အတူရှိနေချိန်မှာ မင့်စိတ်က သူနဲ့အတူ ဘယ်လောက်အထိ အတူရှိနေသလဲ၊ မင်းတို့အတူ ရှိနေချိန်မှာ မင်း စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး အာရုံစိုက် ရလောက်အောင် သူဟာ မင်းအတွက်အရေးကြီးရဲ့လား။

'ပေါင်းသင်းဆက်ဆံရေးတစ်ခုမှာ လူတစ်ဖက်သား ကို အစစအရာရာ အရေးစိုက်ဖို့လိုတယ်ကွယ့်၊ သူတို့ရဲ့

http://www.cherrythitsar.org



‘ကောင်းကွက်’ တွေ၊ ‘ဆိုးကွက်’ တွေကို သတိပြုမိလေ သူတို့ရဲ့ ရှောင်ကွင်းမှုကို မင်းခံရမယ့်အစား ဖြစ်ပေါ်လာ နိုင်တဲ့ ပြဿနာတွေကို ရင်ဆိုင်ပြီး ဖြေရှင်းနိုင်တာပေါ့။

‘ဒီတော့ စိတ်ချမ်းသာမှုရဖို့နဲ့ အောင်မြင်မှုရဖို့ လက်ဆောင်မွန်ကို တခြားလူတွေ ဘယ်လို အသုံးချတယ် ဆိုတာ သာဓကတွေ ထုတ်ပြနေမယ့်အစား လာမယ့် သီတင်းပတ်တွေမှာ မင်းဘာသာမင်း ဖော်ထုတ်တာ ပိုပြီး အဓိပ္ပာယ်ရှိလိမ့်မယ်ကွ’

‘ကျွန်တော်ဒီကနေ ထွက်မသွားမီ ဘိုးဘိုးကို အတိတ် နဲ့ ပစ္စုပ္ပန်အကြောင်း မေးလို့ရမလားဟင်’

လူရွယ်က စကားစလိုက်တယ်။

ဒီတော့ အဘိုးအိုက ‘အဲဒီ အရေးကြီးတဲ့ကဏ္ဍတွေ အကြောင်းကတော့ နောက်မှ ဆွေးနွေးကြတာပေါ့ကွာ၊ ခုလောလောဆယ်မှာတော့ တို့များ ပစ္စုပ္ပန်မှာပဲ နေကြရ အောင်ပါ။

‘မင်း ပစ္စုပ္ပန်မှာ တည်နေပြီး လောလောဆယ်အရေး ကြီးတာကို အာရုံစူးစိုက်ထားခြင်းအားဖြင့် မင်းဘာသာမင်း ထူးဆန်းအံ့သြစရာတွေ့ရှိချက်တွေ အများကြီးထပ်တွေ့ လာလိမ့်မယ်’ လို့ တိုက်တွန်းတယ်။

လူရွယ်ဟာ အဘိုးအိုဆီက ထွက်ခွာမလာမီပစ္စုပ္ပန် မှာ စိတ်တည်ထားတဲ့အကြောင်းနဲ့ ပတ်သက်ပြီး ဖော်ထုတ်

သိရှိထားသရွေ့ကို အကျဉ်းချုပ်ချရေးပြီး မှတ်သားထား လိုက်တယ်။

*ယခု လက်ရှိအခိုက်အတန့်မှာ ဖြစ်ပျက်နေတာတွေ အပေါ် အာရုံစိုက်။*

*အဆင်ပြေချောမွေ့တဲ့ အနေအထားကို ကျေးဇူးတင် ဝမ်းမြောက်ပါ။ ပြီးတော့ အဲဒီအပေါ်မှာ ထပ်ဆင့် တည်ဆောက်ယူပါ။*

*လတ်တလော အရေးကြီးနေတာကို ဂရုစိုက် အလေး ထားပါ။*

လူရှယ်က အဘိုးအိုကို ကျေးဇူးတင်စကားပြော တယ်။ ပြီးတော့ သူ လုပ်ငန်းခွင်ကို ပြန်သွားဖို့ အဆင်သင့် ဖြစ်နေပြီဆိုတဲ့အကြောင်း၊ ပြီးတော့ သူ ရှာဖွေတွေ့ရှိထား တာတွေကို လက်တွေ့ အသုံးချဖို့ ကြိုးစားမယ်ဆိုတဲ့ အကြောင်း ပြောသတဲ့။

ဒီစကားရဲ့အဓိပ္ပာယ်က လက်ရှိအချိန်မှာ ဖြစ်ပေါ်နေ တဲ့ အဆင်ပြေမှုကိုရော အဆင်မပြေမှုကိုပါ အာရုံသွင်းရ မယ်လို့ ဆိုလိုတာဖြစ်ကြောင်း သူ သိနေပြီလေ။ ဒါမှ သူ အောင်မြင်မှုရရှိဖို့ကို ဟန့်တားနှောင့်ယှက်နေတဲ့ အခက်အခဲ တွေ၊ ပြဿနာတွေကို ဖယ်ရှား ကျော်လွှားနိုင်တော့မှာပေါ့။

\+ + +

http://www.cherrythitsar.org



နောက်တစ်ပတ် အလုပ်ပြန်ဆင်းတဲ့အခါကျတော့ လူရွယ်ဟာ အဘိုးအိုနဲ့ ဆွေးနွေးတိုင်ပင်တုန်းက ရေးမှတ်ခဲ့တဲ့ မှတ်စုတွေကို ပြန်ပြီး ဆန်းစစ်လေ့လာတာပေါ့။

အဲဒီနောက်တော့ လက်စမသတ်နိုင်လို့ အချိန်တော်တော်ကြာကြာကတည်းက အကြွေးတင်နေတဲ့ စီမံကိန်းတစ်ခုကို ထိုင်ပြီး အပြတ်ဖြတ်တော့တယ်။ သူ ဒီအလုပ်ကို နေ့ရွှေ့ညရွှေ့ လုပ်နေတာ တော်တော်ကြာပြီ။ ဘာဖြစ်လို့လဲဆိုတော့ လိုအပ်တဲ့ သတင်းအချက်အလက်တွေ စုဆောင်းရတာ ခက်ခဲမယ်လို့ ထင်ထားလို့ပဲ။

ဒီနောက်မှာမှ သူ လေ့လာဆည်းပူးထားတဲ့ အတွေးအမြင် အယူအဆတွေကို အသုံးချဖို့ သတိရလာတယ်။

သူဟာ ပစ္စုပ္ပန်မှာ ဝင်စားဖို့ ခဏကလေး အချိန်ယူလိုက်တယ်။ ပြီးတော့ အသက်ပြင်းပြင်း တစ်ချက်ရှူတယ်။ သူ့ဝန်းကျင်ကို လှည့်ပတ်ကြည့်တယ်။ နောက်ပြီး လောလောဆယ် သူရောက်နေတဲ့ အနေအထားကို နှစ်ထောင်းအားရ အသိအမှတ်ပြုလိုက်တယ်။

http://www.cherrythitsar.org



သူ့ကို ရာထူးတိုးမပေးခဲ့ပေမယ့်လည်း သူ့မှာအလုပ်တော့ ရှိနေသေးတယ်ဆိုတာ သိမြင်မိတယ်။ သူ အလုပ်လုပ်နေရတဲ့ လုပ်ငန်းပတ်ဝန်းကျင်က ကောင်းတယ်။ သူ့ လုပ်ငန်းခွင် အနေအထားက စနစ်တကျ ဖွဲ့စည်းထားပြီး တိကျဆိတ် အေးချမ်းတယ်လေ။

နောက်ပြီး သူ့ လုပ်ရည်ကိုင်ရည်ကို တစ်နည်းတစ်ဖုံထုတ်ပြလို့ရမယ့် အလုပ်တစ်ခု သူ့မှာ ရှိနေသေးတယ်မဟုတ်လား။

တကယ်တော့ အဆင်ပြေချောမွေ့နေတဲ့ သူ့လက်ရှိအနေအထားတွေကို နှစ်ထောင်းအားရ ဖြစ်နေရမှာ။ အဲဒီလို ပျော်ရွှင်ခံစားဖို့ကို ယီးတီးယောင်ကောင်နဲ့မေ့လျော့သွားဖို့ သိပ်လွယ်မှန်း သူ သဘောပေါက်မိတယ်လေ။

အဲဒီနောက်မှာတော့ သူက လောလောဆယ် အရေးကြီးနေတဲ့ကိစ္စကို အာရုံစိုက်လိုက်တယ်။ ဒီစီမံကိန်းတစ်ခုပြီးမြောက်အောင်လုပ်ဖို့ အရေးကြီးကြောင်း သူ သိတယ်။ ဒါမှ နောက်ထပ်ကျရောက်လာမယ့် တာဝန်ဝတ္တရားတွေကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်အောင် ဒီအောင်မြင်မှုကို အခြေပြုပြီး အားသစ်မာန်သစ်တွေ၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ တည်ဆောက်ယူလို့ရမယ်လေ။

http://www.cherrythitsar.org



သူက ပြဿနာတွေ၊ အခက်အခဲတွေကို ဆန်းစစ်တယ်။ လေ့လာတယ်။ နောက် တစ်ခုပြီးတစ်ခု ရှင်းထုတ်ပစ်တယ်။ အဲဒီမှာ အဟန့်အတားကြီးကြီးမားမားနှစ်ခုနဲ့ ရင်ဆိုင်ကိုးတော့တာပဲ။ ဒါပေမယ့်လည်း သူက အာရုံပြောင်းမပစ်ဘူး။ အာရုံပြောင်းပြီး တခြားတစ်ခုခုကို ကောက်ကိုင်မယ့်အစား လက်တလော ရင်ဆိုင်နေရတဲ့ ပြဿနာထဲမှာပဲ အာရုံကိုစိုက်ထားတယ်။

အခု လောလောဆယ် ဘာလုပ်ဖို့လိုသလဲဆိုတာ တစ်ခုတည်းကိုပဲ အာရုံပြုထားပြီး လုပ်စရာရှိတာ ဆက်လုပ်နေတယ်။

သူ လက်စသတ်နေတဲ့ စီမံကိန်းဟာ နှစ်နာရီလောက် အကြာမှာ ပြီးစီးသွားတာကို သူ တအံ့တသြ တွေ့လိုက်ရတယ်လေ။ ဒီစီမံကိန်းက အသေးစားစီမံကိန်းကလေးဖြစ်ပေမယ့်လည်း ခုလို ပြီးပြတ်အောင်မြင်သွားတော့ ရင်ထဲမှာ ကြည်နူးပီတိဖြစ်မိတာပဲ။ သူဟာ အလုပ်တစ်ခုကို ပတ်ပတ်နပ်နပ် လုပ်လိုက်နိုင်ပြီဆိုတာ သိနေတာပေါ့။

‘လုပ်ငန်းခွင်မှာ ငါ ခုလောက် ကြည်ကြည်နူးနူး မဖြစ်မိတာ တော်တော်ကြာပါပြီကော’ လို့ သူ့ဘာသာသူ တွေးမိသတဲ့။

‘ပစ္စုပ္ပန်မှာ စိတ်တည်ထားတဲ့နည်းဟာ ငါ့အတွက် တကယ်အလုပ်ဖြစ်ပါကလား’

http://www.cherrythitsar.org



နောက်သီတင်းပတ်တွေအတွင်းမှာတော့ လူရွှယ်ဟာ သူ့အလုပ်ထဲမှာပဲ သူ့ကိုယ်သူ နှစ်မြှုပ်ထားလိုက်တော့တယ်။ အဲဒီလို လုပ်ခြင်းအားဖြင့် သူ့အလုပ်ခွင်က လူတွေ အလွန့်အလွန် မြင်ရ တွေ့ရခဲတဲ့ ရူးရူးနစ်နစ် ပြင်းပြင်းပြပြ အာရုံဝင်စားမှုကို တွေ့မြင်ကြရတယ်ဆိုပဲ။

လက်ဆောင်မွန် အကြောင်း မဆည်းပူး မလေ့လာမီကဆိုရင် သူဟာ အစည်းအဝေးတွေထဲမှာ တိုင်ရင်းတောင်စဉ်ရေမရ စိတ်ကူးယဉ်နေလေ့ရှိတယ်။ သူမျှော်လင့်ထားတဲ့ ရာထူးတိုးဖို့အကြောင်း စိတ်ကူးယဉ်အိပ်မက်မက်နေခဲ့တာပေါ့။

လုပ်ငန်းခွင်မှာ ပြောင်ပြောင်မြောက်မြောက်နဲ့ စွမ်းရည်ပြချင်သပါ့ဆိုရင် ပစ္စုပ္ပန်ကိုပဲ ရှုထားဖို့အရေးကြီးကြောင်း ခုတော့ သူ သိသွားပြီလေ။

တခြားလူတွေက စကားပြောလာတဲ့အခါ သူ တွေးလက်စ ကိစ္စကို ခဏမေ့ထားလိုက်ပြီး တစ်ဖက်သားပြောတဲ့ စကားကို တလေးတစား ဂရုတစိုက် နားထောင်တတ်လာတယ်။ သူတို့ပြောတဲ့ အကြောင်းကိစ္စတွေကို စိတ်ပါလက်ပါ ဝင်ဆွေးနွေးဖို့ အားထုတ်တယ်။ အနည်းဆုံး အကြံဉာဏ်အသစ်တစ်ခုတော့ ပေးနိုင်ရမယ်လို့ သူ့ကိုယ်သူ စိန်ခေါ်ထားသတဲ့။

သိပ်မကြာလိုက်ပါဘူး။ လူရွှယ် ပြောင်းလဲလာတာကို ဖောက်သည်တွေရော လုပ်ဖော်ကိုင်ဖက်တွေကပါ

http://www.cherrythitsar.org



သတိပြုမိလာကြတယ်။ သူ့ရဲ့ ငေးငေးငိုင်ငိုင် အမူအကျင့်တွေကနေ သူတို့ရဲ့ လိုအပ်ချက်တွေကို အမှန်တကယ်စိတ်ဝင်စားတဲ့ ဟန်ပန်တွေပေါက်လာတယ်။ ခုတော့သူဟာ တစ်ပါးသူတွေရဲ့ လိုအပ်ချက်တွေကိုရော သူအလုပ်လုပ်နေတဲ့ အဖွဲ့အစည်းရဲ့ လိုအပ်ချက်ကိုပါ သူတက်နိုင်တဲ့နည်းနဲ့ ကူညီဖြည့်ဆည်းပေးသူ ဖြစ်နေပြီလေ။

သူ့ရဲ့ ပုဂ္ဂလိကဘဝမှာလည်း ပြောင်းလဲမှုတွေဖြစ်ပေါ်လာတာကို သူ့ သူငယ်ချင်းတွေ တွေ့မြင် သတိပြုမိလာတယ်။ သူပြောတာကို သူ့ဆရာအဘိုးအိုက ဂရုတစိုက် နားထောင်လေ့ရှိတဲ့အတိုင်း သူကလည်း တခြားတစ်ပါးသူတွေပြောတဲ့စကားကိုကလေးတစားနားထောင်တက်လာတယ်။

ကနဦးပိုင်းမှာတော့ ပစ္စုပ္ပန်မှာ စိတ်တည်ထားဖို့၊ အတိတ်ကာလဖြစ်ရပ်တွေအတွက် စိတ်ဆင်းရဲမနေဖို့၊ နောက်ပြီး အနာဂတ်ကာလအတွက် ပူပန်သောကပွားမနေဖို့ ဆိုတာတွေ ဖြစ်မြောက်လာဖို့ အသည်းအသန်အားထုတ်ရတာကလား။ ဒါပေမယ့် ပစ္စုပ္ပန်မှာ စိတ်တည်ထားနိုင်အောင် ကြိုးစားရင်း ကြိုးစားရင်းနဲ့ ကျန်တဲ့ အားထုတ်မှုတွေကို လုပ်ဖို့ လွယ် လွယ် လာတာတွေ့ရတယ်။

သူ့ရဲ့သဘောထားအမြင် ပြောင်းလဲလာတဲ့အတွက် ထွက်ပေါ်လာတဲ့ ရလဒ်ကတော့ သူ့အလုပ်နဲ့ သူ့ဘဝကိုးတက်ပြောင်းလဲလာတာပေါ့။

http://www.cherrythitsar.org



အလုပ်ကို မက်မက်မောမောလုပ်မှုနဲ့ တာဝန်ယူမှု တွေ တိုးတက်မြင့်မားလာတာကို သူ့အလုပ်ရှင်ရော သူ့မိတ်ဆွေတွေပါ သတိထားမိလာကြတော့တယ်။

အလုပ်ကို ဒီ့ထက်ပြောင်ပြောင်မြောက်မြောက်လုပ်ပြ နိုင်လို့ သူဟာ တကယ်ပဲ အားပေးချီးမြှောက်ထိုက်သူ ဖြစ်လာရိုးမှန်ရင် သူ ရာထူးတစ်ဆင့်တိုးဖို့ အလားအလာ ရှိကြောင်း သဘောပေါက်စပြုလာတယ်။ သူ့အလုပ်ရှင် အပေါ်ထားရှိတဲ့ မကျေမချမ်းမှုတွေ တဖြည်းဖြည်းအားပျော့ လာတယ်။ ယုတ်စွအဆုံး တစ်ခါတစ်ခါမှာပေါ့လေ။

သူ့ရဲ့ ပြောင်းလဲမှုတွေထဲက အရေးအကြီးဆုံး တိုးတက် ပြောင်းလဲမှုတစ်ခုကတော့ အလွန် ချစ်စရာ ကောင်းတဲ့ မိန်းကလေးတစ်ယောက်နဲ့ ဆုံစည်းမိကြတာ ဖြစ်တယ်လို့ ဆိုရမှာပဲ။ သူတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦး တော်တော်ကြီး စွဲစွဲမက်မက် မြတ်မြတ်နိုးနိုး ဖြစ်နေကြ ပြီလေ။

http://www.cherrythitsar.org



သူ့အတွက် အစစအရာရာ အကောင်းဘက်ကို ပြောင်းလဲနေသယောင်ရှိတယ်။ လူရွယ်ဟာ ပိုပြီး အသက်ဝင် ဖျတ်လတ်လာပြီး သူ့ဘဝသူ ဣန္ဒြေရရ ထိန်းသိမ်းနိုင်လာတယ်။ သူဟာ သူ့ကိုယ်သူ ဟိုကုန်းကထက်ပိုပြီး ယုံကြည်စိတ်ချလာတယ်။ ပိုပြီး စိတ်ဓာတ်ကြံ့ခိုင်လာတယ်။ ပြီးတော့ အလုပ်တွေ ပိုပြီး တွင်တွင်ကျယ်ကျယ် လုပ်နိုင်လာတယ်။

သူဟာ လောလောဆယ် သူ ရရှိခံစားနေရတဲ့အရာတွေအတွက် ကျေးဇူးတင် ဝမ်းမြောက်နေမိတယ်။ အရေးကြီးတာတွေကို အလေးထား ဂရုစိုက်တယ်။ အဲဒါတွေအားလုံးထက် အရေးကြီးတာက သူ ဒီလိုနေထိုင်ရတာကို ကြည်နူးကျေနပ်နေတာပဲ။

ပစ္စုပ္ပန်ဆိုတာ မင်းကိုယ်မင်းပေးလို့ရတဲ့ လက်ဆောင်မွန်တွေထဲမှာ အကောင်းဆုံးလက်ဆောင်ပဲလို့ အဘိုးအို မိန့်ကြားတာ အံ့သြစရာ မဟုတ်တော့ဘူးပေါ့။

ဒီလိုအခြေအနေတွေ တိုးတက်ပြောင်းလဲလာပေမယ့်လည်း ပစ္စုပ္ပန်မှာ စိတ်တည်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ သိတယ်လို့ ထင်လိုက်ချိန်မှာပဲ ပြဿနာတစ်ခု ပေါ်လာတော့တာပဲ။

အခက်အခဲက သူ့အလုပ်ရှင်အတွက် စီမံကိန်းတစ်ခုကို တစ်စုံတစ်ယောက်နဲ့တွဲပြီး အလုပ်လုပ်ချိန်မှာ ပေါ်လာ

တာပဲ။ အဲဒီ တခြားလူက မဖြစ်စလောက်ကလေးပဲ ကြိုးစား အားထုတ်တယ်။ ပြီးတော့ အကြံဉာဏ်ဆိုတာလည်း နည်းနည်းကလေးပဲ ပေးဖော်ရတယ်။ ဒီတော့ သူ့ကို နှစ်ယောက်ပေါင်းပြီး ဒီထက်ပိုပြီး အားထုတ်ဖို့ အဲဒီလူကို ပြောမယ့်အစား ဒါမှမဟုတ် ကြုံနေရတဲ့ ပြဿနာကို အလုပ်ရှင်သိအောင် တင်ပြမယ့်အစား လူရွယ်က အလုပ်ကို သူတစ်ယောက်တည်း ကျုံးလုပ်တော့တယ်။

သိပ်များများ မကြာပါဘူး။ သူ့အလုပ်တွေနောက်ကျလာတော့တယ်။

အဲဒီနောက် သူ့စီမံကိန်းပြီးစီးရမယ့်ရက်မှာ မပြီးစီးတော့ဘူး။

စီမံကိန်းက အရေးကြီးတဲ့ စီမံကိန်းလေ။ ဒါ မပြီးတော့ အလုပ်ရှင်က သူ့မကျေနပ်မှုကို ထုတ်ဖော်ပြသတော့တာပေါ့။

လူရွယ်က တွက်လိုက်တယ်။ သူတော့ ရှုံးနိမ့်သွားပြီလို့။ သူ့ရဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေနဲ့ အသစ်ပေါက်ဖွားလာတဲ့ ကိုယ်စွမ်းကိုယ်စတွေ တဖြည်းဖြည်း ပျောက်ဆုံးကုန်တော့တယ်။

ဘာတွေ ချွတ်ချော်ကိမ်းစောင်းခဲ့ပါလိမ့်။ သူဟာ ပစ္စုပ္ပန်ကာလမှာ အပြည့်အဝ အာရုံဝင်စားခဲ့သားပဲလို့ သူတွေးတယ်။

http://www.cherrythitsar.org



စိတ်ဆင်းရဲနေတဲ့လူရွယ်ဟာ ခေါင်းကြီးငိုက်စိုက်ချပြီး ခြေပစ်လက်ပစ်နဲ့ သူ့စားပွဲမှာထိုင်နေတယ်။ သူစိတ်ပန်း လူနွမ်းဖြစ်နေပြီ။

အဘိုးအိုသာ သူ့လိုအနေအထားမျိုးကြုံရင် ဘာလုပ်မလဲလို့ သူအကွေးကွန့်ကြည့်တယ်။

သူ့စိတ်ထဲ မရေမရာ၊ ချီတုံချတုံနဲ့ပဲ အဘိုးအိုဆီပြန်လာခဲ့တယ်။ အဘိုးအိုနဲ့ စကားစမြည်ပြောကြည့်လိုက်ဦးမယ် ဆိုတဲ့ စိတ်ကူးနဲ့ပေါ့။

\+ + +

http://www.cherrythitsar.org

# လေ့လာဆည်းပူးခြင်း

အဘိုးအိုက လူရွယ်ကို လိုက်လိုက်လဲလဲ ကြိုဆိုနှုတ်ဆက်တယ်။

'ငါ မင်းကို မျှော်နေတာကွ'

'ပစ္စုပ္ပန်မှာ စိတ်တည်အောင် ထိန်းနိုင်ရင် ကျွန်တော် လုပ်နေတာတွေ အောင်မြင်လိမ့်မယ်၊ စိတ်ပျော်ရွှင်မှုခံစားရလိမ့်မယ်လို့ ဘိုးဘိုးကြီး ကျွန်တော့်ကို ပြောခဲ့တယ်နော်'

လူရွယ် ပဏာမပျိုးတယ်။

'ပစ္စုပ္ပန်မှာ အာရုံဝင်စားနေလို့ရအောင် ကျွန်တော် အပြင်းအထန် ကြိုးစားခဲ့ပါတယ်၊ အဲဒီလိုလုပ်ဆောင်တဲ့အတွက် ကျွန်တော် ခံစားရတဲ့ ကောင်းကျိုးတွေကိုလည်း သိနိုင် ခံစားနိုင်နေပါပြီ၊ ဒါပေမယ့် အဲဒီလောက်နဲ့ မလုံလောက်သလို ဖြစ်နေတယ် ဘိုးဘိုးရဲ့'

http://www.cherrythitsar.org



'အေး၊ ငါ မအံ့သြပါဘူးကွယ်၊ ပစ္စုပ္ပန်ကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်ဖို့ဆိုတာ လက်ရှိ အခိုက်အတန့်ထဲမှာ ပျော်ဝင်နေထိုင်တာလောက်ထက် အားထုတ်ရမယ်ကွယ့်။

'ဒါပေမယ့် ဒီသဘောကို မင်းဘာသာမင်း ဖော်ထုတ်တွေ့ရှိအောင် ငါ စောင့်နေခဲ့တာ'

လူရွယ် ကြုံနေရတဲ့ ပြဿနာအကြောင်း ပြောပြဖို့ အဘိုးအိုက တိုက်တွန်းတယ်။ လူရွယ်ပြောပြတာ နားထောင်ပြီးတဲ့အခါကျတော့ အဘိုးအိုက ပြောတယ်။

'ဒီတော့ ဟိုလူက မင်းကို အထောက်အကူသိပ်မပေးဘူး၊ ဒါကို မင်းက ပြဿနာကို တိတိလင်းလင်း ရင်ဆိုင်မဖြေရှင်းဘဲ ဝန်ထုပ်ဝန်ပိုးကြီးကို မင့်ပခုံးပေါ် ပြောင်းယူတဲ့နည်းနဲ့ တုံ့ပြန်ဆောင်ရွက်ခဲ့တယ်ဆိုပါတော့'

အဲဒီနောက် အဘိုးအိုက မေးတယ်။

'အဲဒီလို အပြုအမူမျိုး အရင်ကလည်း လုပ်ခဲ့တယ်လို့ မင်း ငါ့ကို ပြောဖူးတယ်မဟုတ်လား'

'ဟုတ်ပါတယ်' လို့ လူရွယ်က ဝန်ခံစကားဆိုတယ်။ 'ဘာဖြစ်လို့ အဲဒီလိုလုပ်သလဲဆိုတော့ ကျွန်တော်က ထိပ်တိုက် ရင်ဆိုင်ရတာကို ဘယ်တုံးကမှ မနှစ်မြို့ခဲ့လို့ပါ၊ ကျွန်တော့် အလုပ်ရှင်ကလည်း ပြောပါတယ်၊ ကျွန်တော့် စီမံ အုပ်ချုပ်မှုနဲ့ ခေါင်းဆောင်မှုမှာ ပြဿနာပေါ်နေတာ အဲဒီ အားနည်းချက်ကြောင့်လည်း ပါတယ်တဲ့'

http://www.cherrythitsar.org



ပြီးမှ သူက ဆက်ပြောတယ်။

'အဲဒီလိုဖြစ်နေတာ အလုပ်ခွင်မှာသာ မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော့်ကောင်မလေးကလည်း စွပ်စွဲတယ်၊ ကျွန်တော်တို့ရဲ့ ပြဿနာတွေကို လျစ်လျူရှုထားတယ်တဲ့ လေ၊ ကျွန်တော်တို့ ခွာပြဲသွားတာ အဲဒီအကြောင်းကြောင့် လည်း ပါတယ်ခင်ဗျ။

'နောက်ပြီး ကျွန်တော် မရလိုက်တဲ့ ရာထူးတိုးမှုကို လည်း ခဏခဏ စဉ်းစားနေမိတယ်၊ ဒီကိစ္စကို မေ့မေ့ ပျောက်ပျောက်နေဖို့ ဘာလို့ ဒီလောက် အခက်အခဲတွေ့နေ ရသလဲဆိုတာ ကျွန်တော်ဖြင့် နားမလည်နိုင်လောက် အောင်ပဲ'

ဒီတော့ အဘိုးအိုက ပြောတယ်။

'အင်း၊ ဟောဒီစကားကလေးက အထောက်အကူ ရချင် ရလိမ့်မှာပေါ့ကွယ်'

http://www.cherrythitsar.org



အတိတ် အတွေ့အကြုံတွေကနေ
သင်ယူဆည်းပူးမှု မပြုခဲ့ဘူးဆိုရင်
အတိတ်ကို အတိတ်မှာပဲ ထားခဲ့ဖို့
ခက်ခဲ ပင်ပန်းပေလိမ့်မယ်။

သင်ယူဆည်းပူးမှု ပြုလုပ်ပြီးတာနဲ့
အတိတ်ကို အတိတ်မှာ ထားရစ်ခဲ့မယ်ဆိုရင်
ပစ္စုပ္ပန်ကို တိုးတက်ကောင်းမွန်အောင်
သင် စွမ်းဆောင်ရာရောက်တယ်။

http://www.cherrythitsar.org



'အဲဒီ အတွေးအမြင်ကို ကြိုက်တယ်ဗျ' လို့ လူရွယ်က ပြောတယ်။

'ဒီစကားက အတော်ကြီး အဓိပ္ပာယ်ရှိတာပဲ'

အဲဒီနောက် သူက မေးလိုက်တယ်။ 'ကျွန်တော်တို့ ပြောလက်စ အကြောင်းအရာကို ပြောင်းပြီး ပြောမယ်ဆိုရင် ဘိုးဘိုး စိတ်အနှောင့်အယှက် ဖြစ်မှာလားဟင်၊ ကျွန်တော် မေးစမ်းပါရစေ ဘိုးဘိုးရယ်၊ ဘိုးဘိုး ဘယ်လိုလုပ်ပြီး အဲဒီလောက် တကယ်သိနားလည်နေတာလဲလို့'

အဘိုးအိုက ရယ်မောရင်း ပြောလိုက်တယ်။

'အင်း၊ ငါက စိတ်ဝင်စားစရာကောင်းတဲ့ ဌာနတစ်ခုမှာ နှစ်ပေါင်းများစွာကြာအောင် အလုပ်လုပ်ခဲ့တာကွယ့်၊ လူတွေက သူတို့ အလုပ် အကြောင်းတွေ၊ သူတို့ ဘဝ အကြောင်းတွေ ပြောကြဆိုကြတာကို ငါ နားထောင်ခဲ့တယ်၊ တချို့လူတွေ ဆင်းရဲဒုက္ခရောက်နေချိန်မှာ တချို့ ကတော့ ပြည့်စုံ အဆင်ပြေနေကြတယ်၊ ဒါပေမယ့် သူတို့တစ်တွေမှာ ပုံစံတူစရိုက်တွေ ရှိနေတယ်ကွယ့်'

'ပြဿနာပတ်လည်ဝိုင်းနေသူတွေမှာ ဘယ်လိုစရိုက် တူတွေ ရှိနေသလဲ ဟင်၊ ဘိုးဘိုး သတိပြုမိတာကလေးတွေ ပြောပြပါဦး'

လူရွယ်က မေးလိုက်တယ်။ သူ့မေးခွန်းကို ကြားရတာနဲ့ ဒီလူရွယ် ဘယ်လိုအတွေ့အကြုံနဲ့ ရင်ဆိုင်နေရတယ် ဆိုတာ အကဲခတ်လို့ရတာပေါ့။

http://www.cherrythitsar.org



'အိမ်း၊ အဆင်ပြေနေတဲ့လူတွေအကြောင်း အရင်ဆုံး မမေးတာတော့ စိတ်ဝင်စားစရာပဲဟေ့'

'အားလားလား'

လူရွှယ့်ပါးစပ်က ပွင့်ထွက်သွားတယ်။

'အားလားလား ဆိုတာ အမှန်ပဲ၊ မင်း ဘာဖြစ်လို့ အဲဒီလိုတွေ လုပ်မိသလဲဆိုတာ သိချင်ပေမယ်၊ မင်း သိပ် အဆင်မပြေဘူးဆိုတာ ဘိုးဘိုး သိပါတယ်ကွာ၊ဒီတော့ မင်းဆန္ဒရှိမယ်ဆိုရင် တို့များ အဲဒီကပဲ စဆွေးနွေးကြရ အောင်လေ'

အဘိုးအိုက ကမ်းလှမ်းတယ်။

'အခက်အခဲ အကျပ်အတည်းတွေ အများဆုံးတွေ့နေ ရသူ တော်တော်များများဟာ သူတို့လုပ်မိခဲ့တဲ့အမှားတွေ အကြောင်း တွေးပြီး စိတ်သောကရောက်နေတတ်ကြတယ်၊ ဒီလိုမှမဟုတ်ရင် သူတို့လုပ်မိမယ့်အမှားတွေအတွက် ကြိုပြီး စိုးထိတ်ဗျာပွေနေတတ်ကြတယ်၊ တချို့တွေဆို အတိတ် ကာလတုန်းက လုပ်ငန်းခွင်မှာဖြစ်ခဲ့တဲ့ ကိစ္စတစ်ခုခု အကြောင်း တနုံ့နုံ့တွေးပြီး ဒေါသထွက်နေတတ်ကြတယ် လေ'

အဘိုးအို ရှင်းပြတော့ လူရွှယ်က ဝန်ခံစကားပြော တယ်။

'အဲဒီခံစားချက်ကို ကျွန်တော် သိတာပေါ့'

‘ဘဝမှာ အဆင်ပြေ အောင်မြင်နေသူတွေကတော့ မျက်မှောက်ကာလမှာ လုပ်နေတဲ့ သူတို့အလုပ်ပေါ်မှာပဲ အာရုံစိုက်ထားလေ့ရှိကြတယ်၊ သူတို့လည်း အများသူငါ နည်းတူ အမှားတွေ လုပ်မိကြတာပါပဲ၊ ဒါပေမယ့် သူတို့က ကိုယ့်အမှားတွေဆီကနေ သင်ခန်းစာထုတ်ယူ နိုင်စွမ်း ရှိတယ်၊ ပြီးတော့ အဲဒီကိစ္စကို အတိတ်မှာချန်ထား ရစ်ခဲ့ပြီး ရှေ့ခရီးကို ဆက်တယ်၊ နောက်ပြီး သူတို့က ပြုမိခဲ့တဲ့ အမှားတွေအကြောင်းကို သိပ်ပြီး ဇာချဲ့ပြောနေလေ့ မရှိကြဘူး’

အဘိုးအိုက သူ့စကားကို ဆက်ပြန်တယ်။

‘ငါ့အမြင်မှာတော့ မင်းဟာ မင်းရဲ့အတိတ်ဖြစ်ရပ် တွေကနေ ပညာယူရမယ့်အစား အဲဒီအကြောင်းတွေကို ဥပေက္ခာပြုထားပုံရသကွ။

‘လူတော်တော်များများဟာ အတိတ်ကို ပြန်ကြည့်ဖို့ ရှောင်ရှားကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအတိတ် တုန်းက အမှားတွေက သူတို့ကို စိတ်အနှောင့်အယှက်ပေး မှာစိုးလို့၊ သူတို့က ‘ကျွန်တော့်ရဲ့ အတိတ်ကာလ အတွေ့ အကြုံတွေက ဒီကနေ့ ကျွန်တော် ဒီလိုဖြစ်လာအောင် တွန်းပို့လိုက်တာပေါ့ဗျာ’ ဆိုတဲ့ စကားမျိုး ပြောကြတယ်။

‘တကယ်လို့ သူတို့ရဲ့ အတိတ်တုန်းက ဖြစ်ရပ်တွေကို လေ့လာဆန်းစစ်ပြီး အဆင်မပြေတဲ့ ကိစ္စတွေကနေ

http://www.cherrythitsar.org



သင်ခန်းစာယူတတ်ခဲ့ရင် သူတို့ ဒီကနေ့ ဘယ်အနေအထား ရောက်နေမလဲဆိုတာကျတော့ ကိုယ့်ကိုယ်ကို ပြန်မမေး ကြဘူး။

'အဲဒီ ပစ်ပယ်ထားခြင်းရဲ့ ရလဒ်က ဘာလဲဆိုတော့ သူတို့ ဘာပညာမှ မရလိုက်တာပဲပေါ့'

ဒီတော့ လူငယ်က ပြောတယ်။

'ဒီတော့ သူတို့လည်း ကျွန်တော့်လိုပဲပေါ့၊ မှားပြီးသား အမှားမျိုးတွေကိုပဲ ထပ်တလဲလဲ မှားနေတာပေါ့နော်၊ အဲဒီ နယ်ပယ်တွေမှာတော့ သူတို့ရဲ့ ပစ္စုပ္ပန်အတွေ့အကြုံ တွေဟာ သူတို့ရဲ့ အတိတ်အတွေ့အကြုံတွေလိုပဲ ဖြစ်နေ တာပေါ့နော်'

'သိပ် သင့်မြတ်မှန်ကန်တဲ့ စကားပေါ့ကွယ်'

အဘိုးအို ကျေကျေနပ်နပ် တုံ့ပြန်ပြောတယ်။

'မင်းရဲ့ ခံစားချက်တွေကို အတိတ်အတွေ့အကြုံတွေ ကနေ သင်ခန်းစာထုတ်ယူဖို့ အသုံးမချတဲ့အခါကျတော့ ပစ္စုပ္ပန်ကာလရဲ့ ပျော်ရွှင်ကြည်နူးစရာတွေကို ဆုံးရှုံးရတာ ပေါ့၊ အတိတ်ဖြစ်ရပ်တွေကနေ မှန်မှန်ကန်ကန် ပညာယူ တတ်ပြီဆိုတာနဲ့ ပစ္စုပ္ပန်ရဲ့ ပျော်ရွှင်ကြည်နူးစရာတွေကို ခံစားဖို့ ပိုပြီး လွယ်ကူသွားပြီပေါ့။

'လူတစ်ယောက်ဟာ အတိတ်ဖြစ်ရပ်တွေထဲမှာပဲ နစ်မွန်းကျင်လည်မနေရဘူးဆိုတာ အမှန်အကန်ပဲ၊ ဘာ

http://www.cherrythitsar.org



ကြောင့်လဲဆိုတော့ အတိတ်မှာပဲ ကျင်လည်နေမှတော့ သူဟာ ပစ္စုပ္ပန်မှာ မနေတော့ဘူးပေါ့၊ တစ်ခုတော့ရှိတယ်၊ အတိတ်ကာလထဲမှာ နစ်မျော မနေသင့်ပေမယ့် ကိုယ့်အမှားတွေကနေ သင်ခန်းစာထုတ်ယူလို့ရအောင် အတိတ်ဖြစ်ရပ်တွေကို အသုံးချဖို့တော့ အရေးကြီးတယ်၊ ဒီလိုမဟုတ်ဘဲ အတိတ်ကာလတုန်းက မင်း အောင်အောင်မြင်မြင် ထွန်းထွန်းပေါက်ပေါက် စွမ်းဆောင်နိုင်ခဲ့တယ်ဆိုရင်လည်း အတိတ်ကို ပြန်ကြည့်ရမှာပဲ၊ အဲဒီတုန်းက ဘာကြောင့် ပေါက်မြောက် အောင်မြင်ခဲ့သလဲဆိုတာ ဆန်းစစ် လေ့လာပြီး မင့်အောင်မြင်မှုတွေပေါ်မှာ ထပ်ဆင့် အောင်မြင်မှုတွေရအောင် တည်ဆောက်ယူရမယ်'

လူရွယ် ဦးနှောက်ချောက်နေတယ်။ ဒီတော့ သူက မေးတယ်။

'ကျွန်တော်တို့ ဘယ်အချိန်မျိုးမှာ ပစ္စုပ္ပန်မှာအာရုံပြုထားပြီး ဘယ်အချိန်မျိုးမှာ အတိတ်ကနေ သင်ခန်းစာတွေ ထုတ်ယူသင့်သလဲ'

'ဟား၊ သိပ်ကောင်းတဲ့ မေးခွန်းပေါ့'

အဘိုးအိုက မှတ်ချက်ချတယ်။

'ဟောဒီ အတွေးအမြင်ကလေး ဖတ်ကြည့်၊ မင်းအတွက် အသုံးကျကောင်း အသုံးကျမှာပါ'

http://www.cherrythitsar.org



ပစ္စုပ္ပန်ကာလမှာ
သင် စိတ်ဆင်းရဲနေတဲ့အခါမျိုး
ဒါမှမဟုတ်
မအောင်မြင်ဘူးလို့ ခံစားနေရချိန်မျိုး၊

အဲဒီအချိန်ဟာ
အတိတ်ဖြစ်ရပ်တွေကနေ
သင်ခန်းစာထုတ်ယူရမယ့်
ဒါမှမဟုတ်
အနာဂတ်အတွက် စီမံကိန်းချရမယ့်
အချိန်ပဲဖြစ်တယ်။

'ပစ္စုပ္ပန်ရဲ့ ပျော်ရွှင်ကြည်နူးစရာတွေကို လုယက်ဖျက်ဆီးပစ်နိုင်တဲ့ အရာဆိုလို့ နှစ်မျိုးပဲရှိတယ်၊ အတိတ်အကြောင်းကို အပျက်သဘောဆောင်တဲ့ အမြင်နဲ့တွေးတဲ့ အတွေးတွေပဲ'

အဘိုးအိုက ဆက်ရှင်းပြတယ်။

'အတိတ်အကြောင်း မင်း ဘာတွေ စဉ်းစားသလဲ ဆိုတာကို ဦးစားပေး ဆန်းစစ်ကြည့်တဲ့နည်းနဲ့ စပြီးကြိုးစားကြည့်ရင် မင်း အကျိုးအများကြီးရှိမယ်။

'အနာဂတ်အပိုင်းကိုတော့ နောက်များမှ ဆွေးနွေးကြတာပေါ့ကွာ'

အဘိုးအိုက ကတိပြုလိုက်တယ်။

ဒီတော့ လူရွယ်က 'ဒါဆို ပစ္စုပ္ပန်ကာလမှာပျော်ရွှင်ကြည်နူးရေးကို တစ်ခုခုက နှောင့်ယှက်ဖျက်ဆီးနေတယ်လို့ စိတ်ထဲထင်လာရင် အဲဒီအချိန်ဟာ အတိတ်ကို ပြန်ကြည့်ပြီး သင်ခန်းစာယူရမယ့် အချိန်ပဲပေါ့နော်' လို့ မေးလိုက်တယ်။

'အမှန်ပေါ့'

အဘိုးအိုက အတည်ပြုတယ်။

'အတိတ်ကာလထက် ပစ္စုပ္ပန်ကာလက ပိုကောင်း၊ ပိုအဆင်ပြေအောင်လုပ်ချင်တဲ့ အချိန် ဘယ်အချိန်မဆိုဟာ သင်ခန်းစာယူတဲ့အချိန်ပဲပေါ့။

http://www.cherrythitsar.org



'ပစ္စုပ္ပန်ကာလရဲ့ ပျော်ရွှင်ကြည်နူးမှုတွေကို နှောင့်ယှက် ဖျက်ဆီးနေတဲ့ ဝမ်းနည်းကြေကွဲစိတ်တွေဖြစ်ပေါ်လာရင်၊ ဒါမှမဟုတ် အတိတ်အကြောင်း မကောင်းတွေးနေမိရင် အဲဒီအချိန်ဟာ အတိတ်ကို ဆန်းစစ်ပြီး သင်ခန်းစာထုတ်ယူရမယ့် အချိန်ပဲပေါ့'

'ကျွန်တော် တစ်စုံတစ်ခုကို အဆိုးမြင်နေတဲ့အချိန်ဟာ ဘာကြောင့် သင်ခန်းစာထုတ်ယူဖို့ကောင်းတဲ့အချိန် ဖြစ်နေရတာလဲဟင်'

လူရွယ် အတွေးကွန့်ပြီး မေးတယ်။

'ဘာဖြစ်လို့လဲဆိုတော့ မင်းကို သင်ခန်းစာပေးဖို့ မင့်ခံစားချက်တွေကို အသုံးချလို့ ရနိုင်တာကြောင့်' လို့ အဘိုးအိုက အဖြေပေးတယ်။

'ဒါဆို သင်ခန်းစာထုတ်ယူတတ်အောင် ကျွန်တော် ဘယ်လို လေ့ကျင့်ရမလဲ ခင်ဗျ'

'ငါသိထားတဲ့ အကောင်းဆုံးနည်းကတော့ မင်းကိုယ်မင်းမေးခွန်းသုံးခုမေးပြီး တကယ်နိုင်သလောက် ရိုးရိုးသားသားနဲ့ လက်တွေ့ကျကျဖြေကြည့်ဖို့ပဲ၊ ဖြေရမယ့်မေးခွန်းသုံးခုက

*အတိတ်တုန်းက ဘာဖြစ်ခဲ့သလဲ။*

*အဲဒီအဖြစ်အပျက်ကနေ ငါ ဘာသင်ခန်းစာရခဲ့သလဲ။*

*ခု အဲဒီအဖြစ်နဲ့မတူအောင် ဘာလုပ်လို့ရမလဲ*

ဆိုတာတွေပဲ။

http://www.cherrythitsar.org



ဒီတော့ လူငယ်က သူ့အတွေးကို ပြောတယ်။

'တစ်နည်းပြောရရင် ကိုယ်မှားခဲ့တဲ့ အမှားအကြောင်း ပြန်စဉ်းစားကြည့်၊ နောက်ပြီး အဲဒီလို မမှားအောင် ခု ဘာလုပ်လို့ရမလဲဆိုတာ ကြံဆကြည့်ရမယ်ပေါ့'

'ဟုတ်တယ်၊ တစ်ခုတော့ရှိတယ်၊ မင်းကိုယ်မင်း သိပ် ချိုးချိုးနှိမ်နှိမ် သဘောမထားနဲ့၊ အဲဒီအချိန်တုန်းက မင်းတတ်သလောက် မှတ်သလောက်နဲ့ အကောင်းဆုံး ဖြစ်အောင် လုပ်ခဲ့တာပဲဆိုတာ ပြန်ပြီး သတိရ၊ ခု မင်း ပိုတတ်ပြီး ပိုသိလာတယ်ဆိုရင် မင့် လုပ်ရပ်လည်း ပိုကောင်းလာမှာပေါ့'

လူရွယ်က စကားထောက်ပေးတယ်။

'ဒါဆို ကျွန်တော် ဒီပုံဒီနည်းပဲ ပြုမူမယ်ဆိုရင် ဒီ အဖြေမျိုးပဲ ထွက်မယ်၊ ဒါပေမယ့် ကျွန်တော် တစ်မျိုးတစ်ဖုံ ပြုမူကျင့်ကြံမယ်ဆိုရင် အဖြေတွေ တစ်မျိုးတစ်ဖုံ ထွက်လာ မယ်ပေါ့'

အဘိုးအိုက အတည်ပြုတယ်။

'အမှန်ပေါ့၊ မင်္ဂလာသတင်းကလေးတစ်ခုက မင်း အတိတ်ကနေ သင်ခန်းစာများများထုတ်ယူနိုင်လေ မင်းမှာ နောင်တရစရာနည်းလေပဲကွ၊ နောက်ပြီး ပစ္စုပ္ပန်မှာပျော်ဝင် နေဖို့ အချိန်များများရလေပဲ'

လူရွယ်ဟာ အဘိုးအိုဆီက ထွက်ခွာမလာမီ နောက် ထပ် မှတ်စုကလေးတွေ ရေးမှတ်လိုက်ပြန်တယ်။

http://www.cherrythitsar.org



အတိတ်တုန်းက ဘာဖြစ်ခဲ့သလဲဆိုတာ
ပြန်ပြီး ဆန်းစစ်လေ့လာပါ။

အဲဒီဖြစ်ရပ်တွေကနေ
အဖိုးတန်သင်ခန်းစာတစ်ခုခု ထုတ်ယူပါ။

သင် ထုတ်ယူရရှိတဲ့ သင်ခန်းစာကို
ပစ္စုပ္ပန်ကာလ တိုးတက်ကောင်းမွန်ရေးအတွက်
အသုံးချပါ။

သင် အတိတ်ကို ပြုပြင်ပြောင်းလဲလို့ မရဘူး၊
ဒါပေမယ့် အတိတ်ကနေ သင်ခန်းစာ
ထုတ်ယူလို့ရတယ်။

အနေအထား တူတာတွေပေါ်ပေါက်လာရင်
အကြောင်းကိစ္စတွေကို မတူ ခြားနားအောင်
ဆောင်ရွက်၊
ပြီးတော့ ပိုပြီး ထွန်းပေါက်အောင်မြင်တဲ့
ပစ္စုပ္ပန်ကာလကို
ပျော်ရွှင်ခံစားပါလေ။

နောက်နေ့မနက်ကျတော့ လူရွယ်ဟာ လုပ်ငန်းခွင်ရှိရာကို သွားရင်း ပညာရှိ အဘိုးအိုပြောခဲ့တဲ့ စကားတွေကို ပြန်ပြီး သုံးသပ်လာခဲ့တယ်။

အဲဒီနေ့မှာ သူက လက်ရှိ မျက်မှောက်ကာလမှာပဲ အာရုံကို တည်ထားနိုင်အောင်၊ နောက်ပြီး အကိုက်ကနေ သင်ခန်းစာထုတ်ယူဖို့ အခွင့်အရေးတွေ တွေ့အောင်ကြိုးစားအားထုတ်တော့တာပဲ။

အရင်တစ်ခါ ပူးပေါင်းကူညီဖို့ ပျက်ကွက်ခဲ့တဲ့ မိန်းကလေးပဲ ခုတစ်ခါ ပျက်ကွက်တဲ့အခါ သူက သူ့ရဲ့ စိုးရိမ်ပူပန်မှုတွေအကြောင်း အမျိုးသမီးကို ပြောပြတယ်။

ကနဦးပိုင်းမှာ မိန်းကလေးက လူရွယ်ရဲ့မေတ္တာရပ်ခံမှုတွေကို မကျေမချမ်း ဖြစ်တယ်။ ဒွက်ပေပြီး ငြင်းဆန်နေတယ်။ ဒါပေမယ့် သူတို့ရဲ့ ဆွေးနွေးပွဲလည်း ပြီးသွားရော လူရွယ်က သူ့အပေါ် ရိုးရိုးသားသား ဖြောင့်ဖြောင့်မှန်မှန် ဆက်ဆံပါကလားဆိုပြီး မိန်းကလေးဟာ ဝမ်းသာကြည်နူးသွားတယ်။ အလုပ်ကို ကောင်းကောင်းမွန်မွန်နဲ့ အချိန်မီပြီးပြတ်အောင်လုပ်ဖို့ လိုကြောင်း သူ သဘောပေါက်သွားတယ်။ အလုပ်လက်စသတ်မယ့်ရက်ကို ရောက်ချင်လှပါပြီလို့တောင် သူက ပြောလာတယ်။

http://www.cherrythitsar.org



လူရှယ်လည်း သူ့ အတိုက် အတွေ့အကြုံကနေ သင်ခန်းစာထုတ်ယူနိုင်လို့ ဒီတစ်ခါ ဟိုအရင်နဲ့မတူအောင် ဆောင်ရွက်လိုက်နိုင်လို့ ကြည်နူးပီတိဖြစ်မိတာပေါ့။ ရှေ့ လာမယ့် သီတင်းပတ်တွေမှာ သူထုတ်ယူထားတဲ့ သင်ခန်းစာတွေကို အသုံးချတော့တဲ့အတွက် လူရှယ်ဟာ အလုပ်အကိုင်လုပ်ဆောင်ရာမှာ ပိုပြီး ထိရောက်အောင်မြင်လာတော့တယ်။

လုပ်ငန်းမှာရှိတဲ့ တခြားလူတွေနဲ့ပေါင်းသင်းဆက်ဆံရေးလည်း တိုးတက်ကောင်းမွန်လာတာပေါ့။ အဲဒီ တိုးတက်မှုတွေရဲ့ ရလဒ်ကတော့ သူ့သူဌေးက သူ့ကို ယုံယုံကြည်ကြည်နဲ့ တာဝန်တွေ ပိုပေးလာတယ်။ နောက်တော့ ရာထူး တိုးပေးတဲ့အထိပဲ။

သူ့ရဲ့ ကိုယ်ရေးဘဝမှာတော့ သူနဲ့တွဲနေတဲ့ ကောင်မလေးနဲ့ ဆက်ဆံရေးဟာ အဆင်ပြေချောမွေ့လာတယ်။ သူတို့နှစ်ယောက် တွဲသွား တွဲလာအချိန်တွေ များသထက် များလာတယ်။ အဲဒီအခါကျ သူတို့နှစ်ဦးစလုံးအတွက် သိပ်အရေးကြီးတဲ့ ရင်တွင်းခံစားချက်တစ်မျိုး ပေါ်ပေါက် ဖြစ်ထွန်းလာတော့တယ်။

ဒီတစ်ချီတော့ သူ ရှင်သန်ပေါက်မြောက်သွားပါပြီ။

ဒါပေမယ့် သူ့ရဲ့ တစ်ဆင့်မြင့်ရာထူးသစ်က တာဝန် ဝတ္တရားတွေ အရမ်းများတယ်။ သူ့မှာ လက်မလည်နိုင်

http://www.cherrythitsar.org



ဆောင် အလုပ်များလာတော့တယ်။ ကြာတော့ အရာခပ်သိမ်းကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ဆောင်မြင်မြင် ကိုင်တွယ်ဆောင်ရွက်ဖို့ အခက်အခဲ တွေ့လာတော့တာပေါ့။

ဒီကြားထဲကလည်း သူဟာ မကြာခဏဆိုသလို အသက်ပြင်းပြင်း တစ်ချက်ရှူသွင်းပြီး ပစ္စုပ္ပန်မှာ အာရုံပြုထားတတ်တယ်။ ဒီလို ကျင့်ကြံရတာ တော်တော်ကြီး အကျိုးရှိတာကလား။

ဒါပေမယ့်လည်း မနက်မိုးလင်းလို့ သူ့အလုပ်ဌာနကို ရောက်လာတိုင်း တစ်နေ့ထက်တစ်နေ့ ပိုများလာတဲ့အလုပ်တွေက သူ့ကို ကြို ကြို နေတော့တာကိုး။

သူ့မှာ တစ်နေ့တာ လုပ်ဆောင်ရန် အလုပ်စာရင်း ရေးထားတဲ့ အကျင့်မရသေးဘူး။ ဒီတော့ အလုပ်တွေအများကြီးထဲက ဘယ်အလုပ်ကို ဦးစားပေးလုပ်ရမှန်း မသိဘဲ တွေဝေနေတတ်တယ်။ ဒီစီမံကိန်းတစ်ခုလုပ်လိုက်၊ နောက်စီမံကိန်းတစ်ခုကို လုပ်လိုက်နဲ့ အရေးမကြီးတဲ့အလုပ်တွေနဲ့ အချိန်ကုန်နေလေရော။ တကယ်တမ်းအရေးကြီးတဲ့ အလုပ်တွေကျတော့ မကိုင်မိဘဲ ပစ်ထားသလို ဖြစ်နေတာပေါ့။

သိပ်မကြာလိုက်ပါဘူး။ အလုပ်တွေကို သူ မနိုင်မနင်း ဖြစ်လာတော့ သူ့အလုပ်ရှင်နဲ့လည်း ထိပ်တိုက်တွေ့ရရော။

http://www.cherrythitsar.org



လူရွှယ်ဟာ သူရတဲ့အချိန်ကလေးနဲ့ သူလုပ်ရမယ့်အလုပ်ကာဝန်တွေ မမျှတာကို ပြောပြပြီး လက်နှစ်ဖက်မြှောက်ပြလိုက်တယ်။ ဒီတော့ လူရွှယ်ကို ရာထူး တိုးပေးသင့်မပေးသင့် အလုပ်ရှင်ဟာ စတင် တွေးလာတော့တာပေါ့။

လူရွှယ် စိတ်ဓာတ်ကျသွားတယ်။ ဘာလုပ်ရမှန်းလည်းမသိဘူး။ ဒီတော့ သူ့မိတ်ဆွေ အဘိုးအိုဆီကို နောက်ထပ်တစ်ခေါက် သွားလည်ဦးမယ်ဆိုပြီး ထွက်လာခဲ့တယ်။

\+ \+ \+

# စီမံကိန်း

'နေလို့ ထိုင်လို့ ကောင်းရဲ့လားဟေ့'

အဘိုးအိုက ဆီးကြို နှုတ်ဆက်တယ်။

'တစ်ခါတလေ နေကောင်းတယ်၊ တစ်ခါတလေတော့လည်း နေမကောင်းဘူး ဘိုးဘိုးရဲ့'

အဲဒီနောက် သူ့အခက်အခဲတွေကို ပြောပြတော့တယ်။

'ကျွန်တော်တော့ နားမလည်နိုင်လောက်အောင်ပဲ'

လူငယ် ပဏာမ ပျိုးတယ်။

'ကျွန်တော် ပစ္စုပ္ပန်မှာ လုံးဝဥဿုံ နှစ်မြှုပ်ထားခဲ့တယ်။

'ကျွန်တော် လက်ရှိလုပ်နေတာကို ရှူးရှူးနစ်နစ် အာရုံစိုက်နိုင်တဲ့ ကျွန်တော့်စွမ်းရည်အကြောင်း လူတွေက ထင်မြင်ချက်တွေ ပေးကြတယ်။

'အတိတ်ဖြစ်ရပ်တွေအပေါ် စိတ်ပျက်လက်ပျက် နောင်တရမနေဘဲ အတိတ်ဖြစ်ရပ်တွေကနေ သင်ခန်းစာ

http://www.cherrythitsar.org



ထုတ်ယူတဲ့ ကျင့်စဉ်ကို ကျင့်ခဲ့တယ်၊ ကျွန်တော်လေ့လာ ဆည်းပူးထားတာတွေကို အသုံးချခဲ့တယ်ဆိုပါတော့၊ ခုဆို အစစအရာရာပိုပြီး အဆင်ပြေချောမွေ့လာပြီပေါ့ ဘိုးဘိုးရာ။

'ဒါပေမယ့် ကျွန်တော် အရာရာကိုင်းကို နိုင်အောင် ထိန်းလို့မရဘူး ဘိုးဘိုးရဲ့၊ ကျွန်တော် လုပ်နေရတဲ့ အလုပ်က ကျွန်တော့်အတွက် သိပ်ကြီးလွန်းနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ'

အဘိုးအို ခေါင်းတညိတ်ညိတ်လုပ်နေတယ်။

'လောလောဆယ်မှာတော့ မင့်အတွက် တာဝန်က ကြီးလွန်းချင် ကြီးလွန်းနေပေမယ်၊ ဒါပေမယ့် မင်း မသိမမြင်သေးတာက လက်ဆောင်မွန်မှာ အဓိက လိုအပ်ချက် နောက်ဆုံးတစ်ချက် ရှိနေသေးတယ်ဆိုတာကိုပဲ။

'မှန်တယ်၊ မင်း အတိတ်ကနေ သင်ခန်းစာတွေ ထုတ်ယူတယ်၊ ပြီးတော့ အဲဒီသင်ခန်းစာတွေ အသုံးချပြီး ပစ္စုပ္ပန်ကို တိုးတက်ကောင်းမွန်အောင်လုပ်တယ်၊ ပစ္စုပ္ပန်ကို မြင်အောင်ရှုနေတဲ့အတွက် မင့်ဝန်းကျင်က ကမ္ဘာလောကကြီးကို တန်ဖိုးထား လေးစားတက်လာတယ်၊ ဒီလောကကြီးထဲမှာ ပိုပြီး ထိထိရောက်ရောက် နေတက်လာတယ်၊ ဒီတော့ မင်း အများကြီးတိုးတက်လာတဲ့ သဘောပေါ့ကွာ။

'အဲဒီလိုဖြစ်လာပေမယ့်လည်း မင်း ရုတ်တရက် သဘော မပေါက်သေးတာက တတိယ လိုအပ်ချက်ရဲ့

http://www.cherrythitsar.org



အရေးပါ အရာရောက်မှုပဲ၊ အဲဒီ ကာကိုယလိုအပ်ချက် ဆိုတာက အနာဂတ်လေကွာ’

‘ဒါပေမယ့် အနာဂတ်ထဲမှာ သွားနေချိန် များလွန်းတဲ့ အခါကျတော့ ကျွန်တော် စိုးရိမ်ကြောင့်ကြစိတ်တွေ ပေါ်လာရော၊ ကျွန်တော် ပိုင်ဆိုင်ချင်တဲ့ အိမ်အကြောင်း၊ ဒါမှမဟုတ် ကျွန်တော်ရချင်တဲ့ ရာထူးကိုးမှုတွေအကြောင်း၊ ဒါမှမဟုတ် ကျွန်တော် ဖြစ်စေချင်တဲ့ မိသားစုအကြောင်း စိတ်ကူးယဉ်နေမိတဲ့အခါ ကျွန်တော် ပစ္စုပ္ပန်မှာ မရှိတော့ ဘူးဆိုတာ သိပါတယ်၊ အဲဒီအခါ ကျွန်တော်က ဘာလုပ် ရမှန်းမသိ ဖြစ်သွားရောခင်ဗျ’

လူရှယ်က အဲဒီလိုပြောတော့ အဘိုးအိုက ရှင်းပြ တယ်။

‘အနာဂတ်မှာ သွားနေတာ အမြော်အမြင်ကြီးရာ မရောက်တာ အမှန်ပဲ၊ ဒါကြောင့် မင်း ပူပင်သောကတွေထဲ မှာ နစ်မြုပ်ပြီး လမ်းပျောက်နေတာပေါ့ကွယ်၊ ဒါပေမယ့် အနာဂတ်အတွက် စီမံကိန်းချဖို့ကျတော့ အရေးကြီးနေပြန် ရော။

http://www.cherrythitsar.org



'ကံကောင်းထောက်မမှုကို အားမကိုးဘဲ ပစ္စုပ္ပန်ထက် အနာဂတ်ကို ပိုပြီး သာယာလှပစေဖို့ ကြံဆောင်နိုင်တဲ့ နည်းက တစ်နည်းပဲရှိတယ်၊ အဲဒီနည်းက စီမံကိန်းချတဲ့ နည်းပဲ။

'နောက်ပြီး မင်း မတော်တဆ ကံကောင်းလာတဲ့တိုင် အောင် အဲဒီကံဟာ ညှိုးမှိန်သွားနိုင်တယ်၊ အဲဒီလို ကံညံ့ သွားပြီဆိုရင် ပိုပြီး ကြီးမားတဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင် ရတက်တယ်၊ ရင်ဆိုင်ဖြေရှင်းဖို့ ပြဿနာအသစ်တွေ တစ်လှေကြီးနဲ့ ကြုံရတက်တယ်၊ ဒီတော့ မင်း ကံကောင်း ခြင်းကို မှီခိုအားထားနေလို့ မရဘူး။

'အနာဂတ်အတွက် စီမံကိန်းချခြင်းက ကြောက်စိတ် တွေ လျော့နည်းစေတယ်၊ တွေဝေစိတ်တွေ နည်းပါးစေ တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ အနာဂတ်ဘဝ အောင်မြင်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်နေ တာကိုး၊ မင်း ဘာလုပ်နေတယ်ဆိုတာ မင့်ဘာသာ မင်း သိတယ်၊ အဲဒါတွေ ဘာကြောင့်လုပ်နေတယ်ဆိုတာလည်း မင်းသိတယ်'

လူရွယ်က သိချင်စိတ်တွေကြွလာပြီး

'အနာဂတ်အတွက် စီမံကိန်းချတာနဲ့ ပစ္စုပ္ပန်မှာ တည်အောင်နေတာ ဘယ်လိုဆက်နွယ်နေသလဲ ဘိုးဘိုး'

အဘိုးအိုက 'မင်း အနာဂတ်အတွက် စီမံကိန်းချပြီးတာနဲ့ မင်း ပူပင်သောကနည်းနည်းနဲ့ ပစ္စုပ္ပန်ကို ပျော်ရွှင်ခံစားလို့ရပြီပေါ့။

'စီမံကိန်းချတယ်ဆိုတာ မင်းတစ်နေ့တာအတွက် ဘာတွေလုပ်ဖို့ လိုအပ်သလဲဆိုတဲ့ ခန့်မှန်းချက်တွေပဲပေါ့၊ မင်းမှာ လမ်းညွှန်မြေပုံရှိနေပြီ၊ မင်း လိုချင်တဲ့ အနာဂတ်ဘဝ ဖြစ်လာအောင် လောလောဆယ်လုပ်ဖို့ လိုအပ်တာတွေကို အာရုံစူးစိုက်နိုင်အောင် လမ်းပြမြေပုံက ထောက်ပြတယ်၊ သတိပေးနှိုးဆော်တယ်' လို့ ပြောပြတယ်။

ဒီတော့ လူရွယ် ပြန်မေးပုံက 'ဒီတော့ အနာဂတ်အတွက် စီမံချက်ဆွဲခြင်းအားဖြင့် ကျွန်တော် ပစ္စုပ္ပန်မှာ ပိုပြီး ပြည့်ပြည့်ဝဝ ပျော်နိုင်တာပေါ့နော်' တဲ့။

'ဟုတ်တယ်၊ မင်း ဒီပုံဒီနည်း စဉ်းစားကြည့်လေ'

http://www.cherrythitsar.org



အနာဂတ်ကို
ဘယ်သူမှ ကြိုတင်ဟောကိန်းထုတ်လို့ မရသလို
ဘယ်သူမှ ထိန်းချုပ်လို့ မရဘူး။

ဒီလိုဖြစ်ပေမယ့်လည်း
သင် တွေ့လို မြင်လိုတာကို များများစီမံကိန်းချလေ၊
ပစ္စုပ္ပန်မှာ
သင် စိုးရိမ်ကြောင့်ကြရမှု နည်းလေ၊
နောက်ပြီး အနာဂတ်ကို
ပိုပြီး သိနေ မြင်နေလေပေါ့။

http://www.cherrythitsar.org



အဘိုးအိုက သူ့စကားကို ဆက်ပြန်တယ်။

'ငါတို့အလုပ်ဘဝမှာရော ကိုယ်ပိုင်ဘဝမှာပါ ငါတို့ရဲ့ အိပ်မက်တွေ ပျက်ပြယ်ကုန်တတ်တယ်၊ ငါတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်တွေ ပျောက်ကုန်တတ်တယ်၊ အဲဒီလို လမ်းပျောက်ကုန်ကြတာမှာ အဖြစ်အများဆုံး ချို့ယွင်းချက်ကတော့ စီမံကိန်းမရှိခြင်းပဲ'

'ဒီတော့ ဘယ်အချိန်မျိုးမှာ ကျွန်တော် အနာဂတ်အတွက် စီမံကိန်းချရမလဲဟင်'

လို့ လူရွယ်က မေးတယ်။

အဘိုးအို ပြန်ပြောလိုက်ပုံက ရှင်းတယ်၊ 'အနာဂတ်ကို ပစ္စုပ္ပန်ထက် ပိုကောင်းပြီး ပိုထွန်းတောက်စေချင်တဲ့ စိတ်ဆန္ဒ ဖြစ်လာတဲ့အချိန်ဆိုရင် ဘယ်အချိန်ပဲဖြစ်ဖြစ် အဲဒါ စီမံကိန်းဆွဲရမယ့် အချိန်ပဲကွ' တဲ့လေ။

'ဒီတော့ အဲဒီလိုလုပ်ဖို့ ဘိုးဘိုးတွေ့ထားတဲ့အကောင်းဆုံး နည်းလမ်းကို ပြောပြပါဦး' လို့ လူရွယ်က မေတ္တာရပ်ခဲ့တယ်။

အဘိုးအိုက ပြောပြပါတယ်။

*'မေးခွန်းသုံးခု မေးကြည့်တဲ့နည်းနဲ့ စီမံချက်ဆွဲရမယ်ကွ။*

*သာယာလှပတဲ့ အနာဂတ်ဘဝဆိုတာ ဘယ်လိုရှိမလဲ။*

*အဲဒီလို ဖြစ်လာအောင်လုပ်ဖို့ ငါ့စီမံကိန်းတွေက ဘာတွေလဲ။*

*သာယာလှပတဲ့ အနာဂတ်ဘဝဖြစ်လာအောင် ဒီနေ့ ငါ ဘာတွေလုပ်မှာလဲ။*

'မင်းအနေနဲ့ မင်းတွေ့လို မြင်လိုတဲ့ အနာဂတ်ဘဝ ပန်းချီကားချပ်ကို ပကတိအရှိတရားနဲ့ နီးစပ်အောင် ခြယ်မှုန်းနိုင်ရမယ်၊ ပြီးတော့ အဲဒီအနေအထားကို အောင်အောင်မြင်မြင် ဖန်တီးရယူလို့ ရတယ်ဆိုတာကို ယုံကြည်နေရမယ်၊ အဲဒီလို ခံယူချက်ခိုင်မာလေ မင်းရဲ့ စီမံကိန်းကိုဖန်တီးဖို့ ပိုလွယ်လေပဲ။

'အရေးကြီးတာက မင်းရဲ့ ထွန်းတောက်တဲ့အနာဂတ်ဘဝ ဖြစ်ပေါ်လာရေးကို အထောက်အကူဖြစ်စေမယ့် အလုပ်တစ်ခု၊ အဲဒီတစ်ခုဟာ ဘယ်လောက်ပဲ သေးသေးမွှားမွှား ဖြစ်နေပေမယ့်လည်း တစ်ခုခုတော့ လုပ်နေရမယ်'

ဒီတော့ လူရွယ်က သူ့မှတ်စုထဲမှာ ရေးမှတ်လိုက်တယ်။

သာယာလှပတဲ့ အနာဂတ်ဘဝဟာ
ဘယ်လိုနေမလဲ ဆိုတာ
စိတ်ကူးပုံရိပ် ဖော်ကြည့်ပါ။

အဲဒီဘဝမျိုး ဖြစ်ထွန်းလာအောင်
လက်တွေ့ကျတဲ့ စီမံကိန်းတစ်ခု ဖန်တီးပါ။

သင့် စီမံကိန်းကို လောလောဆယ်ပဲ
အကောင်အထည်ဖော်ပါ။

http://www.cherrythitsar.org



လူရွယ်ရဲ့ မျက်လုံးအစုံဟာ ဝင်းခနဲ ရွှန်းလက်သွားတယ်။

'အဲဒါ အမှန်ပဲ ဘိုးဘိုးရဲ့၊ အလုပ်ထဲမှာ ကျွန်တော် စီမံကိန်း မဆွဲဘဲနဲ့ ရည်မှန်းချက်တွေချမှတ်တဲ့အခါ ဒါမှ မဟုတ် အနာဂတ်ပြဿနာတွေကို တွက်ဆတဲ့အခါ ကျွန်တော် လမ်းပျောက်သွားတော့တာပဲ။

'ကျွန်တော်ဟာ သိပ်ပဓာနမကျတဲ့ကိစ္စတွေနဲ့ အချိန်ကုန်နေတတ်တယ်၊ တကယ်တမ်း ပဓာနကျပြီး ကျွန်တော် အာရုံစိုက်ဖို့လိုတဲ့ ကိစ္စတွေကျတော့ အချိန်သိပ် မပေးနိုင်တော့ဘူး။

'ကျွန်တော် မနိုင်ဝန် အပိခံရသလို ခံစားနေရတာ ဘာ့ကြောင့်လဲဆိုတာ ခုမှ သဘောပေါက်စပြုလာတယ်၊ ကျွန်တော်က စီမံကိန်းအရင်ချပြီး အဲဒီစီမံကိန်းအတိုင်း လိုက်လုပ်တာမှ မဟုတ်ဘဲကိုး'

ဒီတော့ အဘိုးအိုက အကြံပေးတယ်။

'လက်ဆောင်မွန်ရဲ့ အပိုင်းသုံးပိုင်းကို တန်ဖိုးကြီးတဲ့ ကင်မရာကင်တဲ့ သုံးချောင်းထောက်လို သဘောထားကြည့်ပါလား၊ ခြေထောက်သုံးချောင်းနဲ့ ဟန်ချက်ညီညီထိန်းပေးထားတာလေ၊ ပစ္စုပ္ပန်မှာ စိတ်တည်ထားဖို့ရယ်၊ အတိတ်ကနေ သင်ခန်းစာထုတ်ယူဖို့ရယ်၊ အနာဂတ်အတွက် စီမံကိန်းချဖို့ရယ်၊ တကယ်လို့ မင်းမှာ အနာဂတ်အတွက်

http://www.cherrythitsar.org



စီမံကိန်းမရှိဘူးဆိုရင် မင်း ဦးတည်ရာမဲ့ လွင့်မျောနေတော့မှာပေါ့။

'မင့်အလုပ်နဲ့ မင့်ဘဝကို လက်ဆောင်မွန်ရဲ့ခြေသုံးချောင်းဖြစ်တဲ့ ပစ္စုပ္ပန်၊ အတိတ်နဲ့ အနာဂတ်ပေါ်မှာ ဟန်ချက်ညီအောင် ထိန်းထားနိုင်ရင် မင်းစိတ်ကူးပုံဖော်ထားတဲ့ ပန်းချီကားဟာ ပိုပြီး ပီပြင် ပြတ်သားလာတာပေါ့။

'အဲဒီအခါကျ တွေ့လာ ကြုံလာသမျှ အကြောင်းကိစ္စတိုင်းကို ပိုပြီး နိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်းနိုင်လာမယ်လေ'

\+ + +

အဘိုးအို ပြောပြလိုက်တဲ့ စကားတွေကို လေးလေးနက်နက် ချင့်ချိန်တွေးဆရင်း လူရွယ်ဟာ လုပ်ငန်းခွင်ရှိရာကို ပြန်လာတယ်။ ခါတိုင်းထက်ပိုပြီး တက်ကြွလို့။ ခါတိုင်းထက်ပိုပြီး ကြည်လင်ပြတ်သားတဲ့ အတွေးတွေ တွေးပွေ့လို့ပေါ့။

မနက်တိုင်း တစ်နေ့တာအတွက် စီမံချက်ကို ကြိုရေးတယ်။ ဒါမှ သူ့ရည်မှန်းချက် ပြည့်မြောက်မယ်ဆိုတာ သိနေတယ်။ တစ်နေ့တာအတွင်း မမျှော်လင့်ဘဲ ပေါ်ပေါက်လာမယ့် ကိစ္စတွေနဲ့ သူ့စီမံချက်ထဲက အလုပ်တွေနဲ့ အပေးအယူ လိုက်ပိုလျော့လုပ်လို့ရအောင်လည်း စီစဉ်ထားတယ်။ သူက တစ်ပတ်စာအတွက် တစ်လစာအတွက်

http://www.cherrythitsar.org



ရည်မှန်းချက်တွေကိုလည်း တစ်နေ့စာ စီမံချက်ချနည်းအတိုင်း ချမှတ်တယ်လေ။

အစည်းအဝေးတွေမတိုင်မီ အချိန်ကောင်းကောင်းယူပြီး သူ ဖြစ်မြောက်အောင်မြင်ချင်တာ ဘာတွေလဲဆိုတာ ပြန်လှန်သုံးသပ်တယ်။

အလုပ်ပြီးရမယ့် သတ်မှတ်ရက်ကို သိရတဲ့အခါ သူက အသေးစိတ်အချိန်ဇယားဆွဲတာပဲ။ အလုပ်တစ်ခုချင်းအတွက် အချိန် တိတိကျကျ သတ်မှတ်ပေးထားတာပေါ့။

သူဟာ သူ့ရဲ့ ကိုယ်ရေးဘဝမှာလည်း ဒီ စီမံကိန်းချနည်းကိုပဲ အသုံးပြုတော့တယ်။ သူ့ ပြက္ခဒိန်ပေါ်မှာ ဖြစ်ရပ်တွေ စီကာစဉ်ကာ သွင်းတယ်။ ပြီးတော့ စီမံကိန်းကိုလည်း စီစဉ်တကျ ရေးဆွဲတယ်။

သူငယ်ချင်းတွေနဲ့ တွေ့ကြဆုံကြမယ်ဆိုရင် ချိန်းထားတဲ့နေရာကို အရောက်သွားဖို့ အချိန်ကို ပိုပိုသာသာ ချန်ထားတယ်။ ကိုယ့်အိမ်နဲ့ ကိုယ့်ရုံးမှာကျတော့ ချိန်းထားချိန် နောက်ဆုံးမိနစ်ကျော်သွားရင် ဘယ်တော့မှ ဆက်စောင့်မနေတော့ဘူး။

သူက အနာဂတ်အတွက် စီမံကိန်းချတယ်။ အဲဒီ စီမံကိန်းကို ပစ္စုပ္ပန်ဘဝ ပိုပြီး သာယာတိုးတက်ရေးအတွက် သုံးတယ်။ အဲဒီလို ပြုကျင့်တဲ့အခါ သူဟာ တခြားလူတွေကို စိတ်ဓာတ်မြှင့်တင်ပေးနိုင်စွမ်း ရှိလာတယ်။ ဒီအတွက်

ဖြစ်မြောက်အောင်မြင်မှုတွေ ပိုရလာတယ်။ သူ့သက်တမ်းတစ်လျှောက်မှာ ခုလက်ရှိကာလလောက် တစ်ခါမှ မပျော်ခဲ့ဖူးဘူး။ နောက်ပြီး လက်ရှိကာလလောက် သူ့ဘဝ သူနိုင်နိုင်နင်းနင်း စီမံကွပ်ကဲနိုင်တာ မရှိခဲ့ဖူးဘူး။

အဲဒီအချိန်တွေအတွင်း သူ ဘယ်လောက်ထိ စွမ်းစွမ်းတမံ အလုပ်လုပ်နိုင်တယ်ဆိုတာ သိမြင်လာတဲ့ သူ့သူဌေးက သူ့ကို ရာထူးတိုးပေးလိုက်ပြန်ရော။

အဲဒီဖြစ်စဉ်တွေထဲမှာ အရေးအကြီးဆုံးဖြစ်နိုင်တာကတော့ လူရွယ်ဟာ သူ့ကောင်မလေးနဲ့ စေ့စပ်ကြောင်းလမ်းလိုက်တာပဲ။ နောက်တော့ ကောင်မလေးကို ဘဝအဖော်မွန်အဖြစ် ရွေးလိုက်တယ်။ သူတို့ရဲ့ အနာဂတ်ဘဝကို အတူလက်တွဲ တည်ဆောက်ကြဖို့ စီမံကိန်းဆွဲလိုက်ကြတာပေါ့။

ခုဆိုရင် လူရွယ်ဟာ လုပ်ငန်းခွင်ကိုသွားတဲ့ တစ်နေ့တာတိုင်းမှာ သူ လေ့လာဆည်းပူးထားတဲ့ အတွေးအခေါ် အယူအဆတွေကို အသုံးချတယ်။ ကျင့်သုံးတယ်။ ပစ္စုပ္ပန်မှာ တည်အောင်နေဖို့၊ အတိတ်ကနေ ပညာယူဖို့အနာဂတ်အတွက် ကြိုတင်စီစဉ်ဖို့ဆိုတဲ့ အဆိုအမိန့်တွေပေါ့လေ။

ဒီလို ကျင့်ကြံတာ အရမ်းအကျိုးရှိပါတယ်။ သူဟာ လုပ်ရည်ကိုင်ရည် ပြည့်ဝလာတယ်။ လုပ်ဖော်ကိုင်ဖက်တွေရဲ့ လေးစား အားကျမှုကို ရလာတယ်။ ပြီးတော့ ခက်ခဲနက်နဲတဲ့ အလုပ်တာဝန်အများစုကို နိုင်နိုင်နင်းနင်းဆောင်

http://www.cherrythitsar.org



ရှက်နိုင်လောက်အောင် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချလာ တယ်။

အဲဒီနောက် တစ်နေ့မှာတော့ လူရွှယ်ဟာ ခန့်မှန်းခြေ ဝင်ငွေ ထွက်ငွေစာရင်း အစည်းအဝေးကို တက်ရတယ်။ သူတို့ ကုမ္ပဏီက လက်ရှိထုတ်လုပ်ရောင်းချနေတဲ့ ထုတ် ကုန်တွေ အရောင်းကျနေတယ်ဆိုတာ လူရွှယ် သိတာပေါ့။ စီးပွားရေးက အေးနေတယ်။ ဒါပေမယ့် ပြိုင်ဖက်ကုမ္ပဏီ တချို့က သူတို့ထက် အရည်အသွေးသာတဲ့ ထုတ်ကုန် တွေကို သူတို့ထက် ဈေးချိုချိုနဲ့ ရောင်းနေကြတယ်ဆိုတာ တော့ ဝန်ခံရမှာပဲ။

ဒီတော့ ဘဏ္ဍာရေးဌာနက တာဝန်ရှိသူတွေက အားလုံး ဝိုင်းပြီး ကျခံရမယ့် ကုန်ကျစရိတ် ဖြတ်တောက် ရေး အစီအစဉ်ကို ထောက်ခံ တင်ပြလာတော့ သူ သိပ် မအံ့သြမိတော့ဘူး။ ဒီအစီအစဉ်ရဲ့ အဓိပ္ပာယ်ကတော့ သူ အပါအဝင် အမှုထမ်းအားလုံး အရေးကြီးတဲ့ ခံစားခွင့်တွေ အဖြတ်ခံရမယ်။ တချို့လူတွေ အလုပ်ပြုတ်မယ်ပေါ့။

အစည်းအဝေးကျင်းပနေစဉ်မှာ သူက လောလော ဆယ် ဘာတွေဖြစ်နေသလဲဆိုတာကို စူးစိုက် လေ့လာ တယ်။ ကုန်ကျစရိတ်များလှတဲ့ သုတေသနနဲ့ ကီထွင်ထုတ် လုပ်မှုဌာနကို အနည်းဆုံး တစ်နှစ်လောက် ပိတ်ထား လိုက်ဖို့ ဘဏ္ဍာမန်နေဂျာတွေက အကြံပေးတဲ့အကြောင်း

တစ်ယောက်ယောက်က ပြောတာ သူ ကြားလိုက်ရတယ်။ အဲဒါဆို အမြန်ဆုံး ငွေချေတာပြီးသား ဖြစ်သွားမယ်။ အစည်းအဝေးတက်နေသူတော်တော်များများက ဒီထောက်ခံ တင်ပြချက်ဟာ အဓိပ္ပာယ်ရှိတယ်လို့ ယူဆကြတာပေါ့။

ဒါပေမယ့် အမျိုးသမီးတစ်ယောက်က သူ့အမြင်ကို ထုတ်ပြောတယ်။ သူက သူတို့ဟာ ပြဿနာအစစ်အမှန်ကို ကိုင်တွယ်ဖြေရှင်းနေတာ မဟုတ်ဘူးတဲ့။ သူပြောတာက လူရှယ် စဉ်းစားနေတာနဲ့ တစ်ထပ်တည်းကျနေတာကိုး။

ဒါနဲ့ လူရှယ်က သူ့အယူအဆကို ရှင်းဖွင့်တော့တယ်။

'ကျွန်တော်တို့ရဲ့ပြဿနာအစစ်အမှန်ဟာ ကျွန်တော်တို့ ထုတ်ကုန်တွေက ပြိုင်ဖက်တွေရဲ့ထုတ်ကုန်တွေလောက် မကောင်းတာ ဖြစ်နိုင်တယ်နော်၊ ကျွန်တော်တို့ သုတေသနနဲ့ ကီထွင်ထုတ်လုပ်မှုစရိတ်တွေ ဖြတ်လိုက်ရင် လောလော ဆယ် ငွေချေတာပြီးသား ဖြစ်ကောင်းဖြစ်သွားမယ်။

'ဒါပေမယ့် ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံပြီးအနာဂတ် ကာလမှာ ပိုကောင်းတဲ့ ထုတ်ကုန်အသစ်တွေ မထုတ်နိုင်ဘူး ဆိုရင် ကျွန်တော်တို့ ကုမ္ပဏီ နှစ်ပေါင်းအနည်းငယ်အတွင်း မှာ ဗုန်းဗုန်းလဲကျတဲ့ အန္တရာယ်နဲ့ တိုးနိုင်တယ်'

သူ့ဝေဖန်ချက်တွေက အစည်းအဝေးတက်သူတွေ အချင်းချင်း အကျိုးအနယ် ဆွေးနွေးဖို့ ဆွပေးလိုက်သလို ဖြစ်သွားတာပေါ့။

http://www.cherrythitsar.org



အဲဒီ သီတင်းပတ်နှောင်းပိုင်းမှာ လူရွယ်ဟာ သူ့အလုပ်ရှင်ရဲ့ ထောက်ခံအားပေးမှုနဲ့ အစီရင်ခံစာတစ်စောင် ပြုစုတယ်။ သူတို့ရဲ့ ထုတ်ကုန်တွေမှာ ဘယ်လိုအရည်အသွေးမျိုးတွေ ရှိသင့်ကြောင်း ဝယ်သူတွေရဲ့ ဆန္ဒသဘောထားကို စစ်တမ်းကောက်ယူထားတဲ့ အစီရင်ခံစာပေါ့။

သူက သူတို့ထုတ်လုပ်လို့ရနိုင်တဲ့ ထုတ်ကုန်အသစ်တွေကို စပြီး ပုံဖော်ပြတယ်။ အဲဒီလို ပုံဖော်ပြရင်း သူတို့ကုမ္ပဏီရဲ့ အနာဂတ်ဘဝဟာ ဘယ်လောက်တွန်းကောက်အောင်မြင်မလဲဆိုတဲ့ စိတ်ကူးပန်းချီကားချပ် ပုံပေါ်လာအောင် စုတ်ချက်ကလေးတွေ တို့ပေးလိုက်တာပေါ့။

နောက်လအနည်းငယ်အတွင်းမှာ ဖောက်သည်တွေ လိုလားတဲ့အရည်အသွေးတွေပြည့်ဝတဲ့ ထုတ်ကုန်တွေထုတ်နိုင်အောင် အမှုထမ်းတချို့က စီစဉ်ဆောင်ရွက်မှုတွေပြုကြတယ်။

သူတို့ထုတ်လုပ်လိုက်တဲ့ ထုတ်ကုန်အသစ်အားလုံး မှန်းချက်နဲ့ နှမ်းထွက် မကိုက်ပေမယ့်လည်း အဲဒီအထဲက ထုတ်ကုန်တစ်မျိုးက ထ'ပေါက်'သွားတာကလား။ ဒီတော့ သူတို့ကုမ္ပဏီလည်း အောင်မြင် ထမြောက်လာပြန်တာပေါ့။

http://www.cherrythitsar.org



အနာဂတ်အတွက် စီမံကိန်းချရမယ်ဆိုတဲ့ ကျင့်ထုံးကို သင်ယူဆည်းပူးခဲ့မိတဲ့အတွက် ကျေးဇူးတင် ဝမ်းမြောက်မဆုံး ဖြစ်မိတယ်။ ဒီကျင့်ထုံးကြောင့် သူနဲ့ သူ့အဖွဲ့အစည်းဟာ အကျိုးအမြတ် အများကြီးခံစားခဲ့ရတယ်။

\+ + +

နောင် နှစ်ကာလကြာလာတော့ လူရွယ်ကလေးဟာ ယောကျ်ားရင့်မာကြီး ဖြစ်လာတော့တာပေါ့လေ။

သူက အဘိုးအိုနဲ့ အထိအတွေ့ အဆက်အသွယ် မပြတ်အောင် နေတယ်။ သူ စိတ်ချမ်းသာနေတယ်။ သူ့ဘဝ ထွန်းတောက်အောင်မြင်နေတယ်ဆိုတာ သိရတော့ အဘိုးအိုလည်း ပီတိတွေဖြာရတာပေါ့။

အဲဒီ သူကို့ဘဝတွေ သာယာချမ်းမြေ့နေပေမယ့်လည်း တစ်နေ့မှာတော့ ရှောင်လွှဲမရတဲ့ ကိစ္စတစ်ခု ဖြစ်ပေါ်လာတော့တယ်။

အဘိုးအို ကွယ်လွန်သွားတယ်လေ။

ဉာဏ်အမြော်အမြင်တွေ ပြည့်လျှမ်းနေတဲ့သူ့အသံကို ကြားခွင့် နာခွင့် မရတော့ဘူးပေါ့။

ဒီလူ ပျာသွားတာပေါ့။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိလောက်အောင် ဖြစ်သွားတယ်။

http://www.cherrythitsar.org



အဘိုးအိုရဲ့ အသုဘကို ဂုဏ်သရေရှိ မြို့မျက်နှာဖုံးတွေ လိုက်ပို့ကြတယ်။ ဒါ့အပြင် အဘိုးအို ကမကထပြုထားတဲ့ ကလပ်တွေက လူငယ်ကလေးတွေ၊ ကလေးမကလေးတွေလည်း လိုက်ပို့ကြတယ်။

လူကောင်းကော်များများက အဘိုးအိုရဲ့ အံ့ချီးဖွယ်ရာဇာတ်လမ်းကို ဂုဏ်ပြုပြောဆိုကြတယ်။ ကလေးတစ်အမွှမ်းတင်ကြတယ်။ ကြည့်ရတာ အဘိုးအိုဟာ လူတော်တော်များများကို ကူညီဖေးမခဲ့ပုံပဲ။

အသုဘရှု ပရိတ်သတ်တွေ တစ်ယောက်ပြီး တစ်ယောက် ထပြောနေတဲ့ ချီးကျူးဂုဏ်ပြုစကားတွေကို ဒီလူထိုင်နားထောင်နေတယ်။ နောက်တော့ တဖြည်းဖြည်း သိမြင်သဘောပေါက်လာတယ်။ အဘိုးအိုဟာ လူပေါင်းတော်တော်များများရဲ့ ဘဝတွေကို ဆွဲလှန်ပစ်လိုက်သလို သိသိသာသာပြောင်းလဲသွားအောင် စွမ်းဆောင်နိုင်ခဲ့တာကလား။

'ငါရော အဘိုးအိုလိုဖြစ်ပြီး တခြားလူတွေကို ကူညီစောင့်ရှောက်လို့ရအောင် ဘာတွေကို ဘယ်လိုလုပ်ရမလဲ'

အဘိုးအိုရဲ့ လက်ရင်းတပည့်ဖြစ်တဲ့ ဒီလူ အတွေးကြွယ်နေမိတယ်။

\+ + +

http://www.cherrythitsar.org



အဖြေတွေ ရှာဖွေရင်း ဒီလူဟာ သူ ငယ်စဉ်ကောင်ကျေး ကလေးဘဝကုန်းက မွေ့လျော်ပျော်ပါးခဲ့တဲ့ အဝန်းအဝိုင်း ဒေသကို ပြန်သွားတယ်။

သူ့ချက်မြှုပ်ဒေသမှာ သူ့မိဘတွေ မရှိတော့တာ ကြာပြီ။ သူကို ပြောင်းရွှေ့သွားတာ နှစ်ပေါင်းများစွာကြာခဲ့ ပြီ။ သူ အဘိုးအိုဆီလာပြီး လည်ပတ်မှပဲ ဒီနေရာ၊ ဒီဒေသ ကလေးကို အရောက်အပေါက်ရှိခဲ့တာလေ။

ခုတော့ အဘိုးအိုရဲ့ အိမ်ကလေးဟာ ဟောင်းလောင်း ဖြစ်နေပြီ။ မြက်ခင်းပြင်ပေါ်မှာတော့ 'ရောင်းရန်' ဆိုတဲ့ ဆိုင်းဘုတ်တစ်ခု ထောင်ထားလေရဲ့။ ညနေချမ်းတွေမှာ အဘိုးအို ထိုင်ပြီး ကြည်နူးမွေ့လျော်ခဲ့တဲ့ အိမ်ရှေ့ဝရန်တာ ပေါ်က ဒန်းကို ငေးငေးမောမော ကြည့်နေမိတယ်။

သူ ဝရန်တာပေါ်တက်သွားတယ်။ ပြီးတော့ ဒန်း ပေါ်မှာ မဝံ့မရဲကလေး ထိုင်လိုက်တယ်။ မတော်တဆ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ သံကွင်းတွေ ပြတ်ကျရင် ဘယ့်နှယ့်လုပ်မလဲ။ သူက ယွဲ့ယွဲ့သာရှိတော့တဲ့ သစ်သား ကျောမှီကို မှီချလိုက်တယ်။ သူ ကြားရတဲ့အသံကတော့ ဒန်းအို ဒန်းဟောင်းကြီးက ညည်းညူလိုက်တဲ့ တကျွိကျွိ အသံတွေပဲရှိတယ်။

အဘိုးအိုဆီက သူ သင်ယူဆည်းပူးခဲ့တဲ့ ပညာတွေ အကြောင်း ပြန်တွေးနေမိတယ်။

http://www.cherrythitsar.org



ခုဆို သူဟာ စိတ်ကို ပစ္စုပ္ပန်မှာ ကည်ထားနိုင်တဲ့ အချိန်တွေ များ များ လာပြီဆိုတာ သိနေတယ်။ လက်ရှိ အခိုက်အတန့်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ သူ အာရုံပြု နိုင်လာပြီ။ နောက်ပြီး အရေးကြီးတဲ့ ကိစ္စတွေကို ရွေးထုတ် အာရုံစိုက်နိုင်စွမ်းရှိလာပြီလေ။ အဲဒီကျင့်စဉ်ဟာ ထူးထူး ခြားခြား အကျိုးများကြောင်း သူ တွေ့လာတယ်။

သူ လောလောဆယ် လုပ်ဆောင်နေတဲ့ အလုပ်ထဲမှာ အပြည့်အဝ အာရုံစိုက်ထားတဲ့အခါတိုင်း သူ ပိုပြီးကြည်နူး ပျော်ရွှင်နေတယ်။ ပြီးတော့ သူ့ရဲ့ အလုပ်အကိုင်စွမ်းရည် တွေ ပိုပြည့်လာတယ်။

သူက ပစ္စုပ္ပန်ကာလ ပိုပြီး သာယာချမ်းမြေ့ရေး အတွက်အတိတ်ဖြစ်ရပ်တွေကနေ ထုတ်ယူထားတဲ့သင်ခန်း စာတွေကို အသုံးချတယ်။ ဒီတော့ ဟိုတုန်းကလိုမှားပြီးသား အမှားမျိုး ထပ်ကျူးလွန်မိတာတွေ နည်းလာတာပေါ့။

အနာဂတ်အတွက်စီမံကိန်းချထားတာဟာ အနာဂတ် ဘဝ ပိုပြီး ထွန်းတောက်ဖို့ အထောက်အကူရတယ်ဆိုတာ ကို သူ အကြိမ်ကြိမ် တွေ့ခဲ့ရတယ်။ ဒါပေမယ့် ဒီကျင့်စဉ် တွေအားလုံးကို ပကတိ အရှိတရားနဲ့ယှဉ်ပြီး ပြန်သုံးသပ်ဖို့ လိုနေသေးတယ်လို့ ဒီလူ တွေးတယ်။ အထူးသဖြင့် မှီခို အားထားရမယ့် အဘိုးအို မရှိတော့တဲ့အချိန်မျိုးမှာ ပိုပြီး လိုအပ်တယ်လို့ ထင်တယ်လေ။

http://www.cherrythitsar.org



ဒီလူ မျက်လုံးတွေ စုံမှိတ်လိုက်တယ်။ ဒန်းပေါ်မှာ ထိုင်ရင်း ငြိမ့်ငြိမ့်ကလေး ရှေ့နောက် လွှဲယမ်းနေတယ်။ အာရုံကို ပစ္စုပ္ပန်မှာပဲ စုစည်းထားတယ်။ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းမှုကို ခံစားလိုက်ရတယ်။

ဖြည်းဖြည်းချင်း ဖြည်းဖြည်းချင်းနဲ့ အဘိုးအိုကို မြင်ယောင်လာမိတယ်။ ဝရန်တာပေါ်မှာလေ။ သူနဲ့ ယှဉ်ရက်ထိုင်လို့။ အဘိုးအိုကိုယ်တိုင်ကိုယ်ကျပဲ သူ့နံဘေးမှာ ရောက်နေသလိုလို။

အဘိုးအိုရဲ့ အသံကို ပီပီပြင်ပြင် ကြားနေရသလိုလို။ ဟိုတုန်းက သူတို့နှစ်ယောက် ပြောဆိုဆွေးနွေးခဲ့ကြတဲ့ စကားတွေ တသဲ့သဲ့ ပြန်ကြားလာရတယ်။ သူဟာ အဘိုးအိုရဲ့ ကြီးမားတဲ့ ဉာဏ်အမြော်အမြင်ကို သိရှိခံစားလာရပြန်တယ်။ နောက်ပြီး အဘိုးအိုရဲ့ မေတ္တာ ကရုဏာ တရားရဲ့ နွေးထွေးမှုကို တသိမ့်သိမ့် ခံစား သိရှိရပြန် တယ်။

http://www.cherrythitsar.org



အဘိုးအိုဟာ သူ့တစ်သက်တာလုံး တခြားလူတွေကို ကူညီတာနဲ့ အချိန်ကုန်နေရှာတာကလား။ သူ့မှာ အချိန် လုံလောက်တယ်လို့ ရှိတာမဟုတ်ဘူး။ ဒီတော့ သူဟာ သူ့ ကိုယ်ကျိုးစီးပွားအတွက် သူ့အချိန်တွေကို မသုံးဘဲ ဘာ့ကြောင့် တခြားလူတွေကို လက်ဆောင်မွန်အကြောင်း မျှဝေ သင်ကြားပေးပြီး အချိန်ကုန်ခံနေသလဲ။

အဲဒီလူဟာ မျက်လုံးတွေ ဆက်မှိတ်ထားပြီး ဒန်းကို ငြိမ့်ငြိမ့်ကလေး ဆက်လွှဲနေတယ်။ ပြီးတော့ သူ့ရဲ့စိတ် စွမ်းအားတွေကို စုစည်းပြီး ဒီမေးခွန်းပေါ်မှာ အာရုံစိုက်ထား လိုက်တယ်။ တစ်စတစ်စနဲ့ တဖြည်းဖြည်းချင်း အဖြေထွက် လာတယ်။

အဘိုးအိုမှာ ရည်မှန်းချက်တစ်ခုရှိလို့သာ သူ ဒီလို လျှောက်လုပ်နေတာပေါ့။ သူ့ရည်မှန်းချက်က ကိုယ်ကျိုး စီးပွားကို ကျော်လွန်သွားတဲ့ ရည်မှန်းချက်မျိုးလေ။ သူ မနက်မိုးလင်းရင် အိပ်ရာကထလာတဲ့ ရည်မှန်းချက်ကိုက တခြားလူတွေ စိတ်နှလုံးပျော်ရွှင်စေဖို့ လိုရာဆန္ဒတွေ ပြည့်ဝစေဖို့ကိုး။

တကယ်တမ်းကျတော့ အဘိုးအိုဟာ ဘာပဲလုပ်လုပ်၊ သူလုပ်သမျှတိုင်းကို ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာချည်းပါပဲ။ လက်ဆောင်မွန်အကြောင်း သင်ပေးတာပဲဖြစ်ဖြစ်၊ ကုမ္ပဏီ အစည်းအဝေးတစ်ခုကို ဦးစီးပြုလုပ်တာပဲဖြစ်ဖြစ်၊ သူ့ မိသားစုနဲ့ အေးအေးလူလူ အပန်းဖြေနေတာပဲဖြစ်ဖြစ်

http://www.cherrythitsar.org



အဘိုးအိုဟာ သူလုပ်သမျှကို ရည်မှန်းချက်နဲ့ လုပ်ခဲ့တာ ချည်းပါကလား။

နောက်ပြီး အဲဒီရည်မှန်းချက်ရှိတဲ့သဘောသဘာဝ ကလေးကပဲ ပစ္စုပ္ပန်၊ အတိတ်နဲ့ အနာဂတ်ကို ပေါင်းစည်း ဆက်စပ်ပေးနေတာပေါ့။ နောက်ပြီး သူ့ဘဝကို အဓိပ္ပာယ် ရှိနေစေတာပေါ့။

ဒီလူ မျက်လုံးတွေဖွင့်လိုက်တယ်။ ဒါပဲပေါ့။ အားလုံး ကို စုစုစည်းစည်းဖြစ်အောင် နှောင်ဖွဲ့ပေးထားတာ ဒီနှောင် ကြိုးကလေးပါပဲကလား။

ဒီလူ သူ့မှတ်စုစာအုပ်ကလေး ထုတ်လိုက်တယ်။ ပြီးတော့ ရေးမှတ်တယ်။

*ပစ္စုပ္ပန်မှာ ဖြစ်တည်နေထိုင်ခြင်း၊ အတိတ်မှ သင်ခန်း စာ ထုတ်ယူခြင်း၊ အနာဂတ်အတွက် စီမံကိန်းချခြင်း ဆိုတာတွေလောက်နဲ့ မပြီးသေးဘူး။*

*သင် ရည်မှန်းချက်နဲ့ ရှင်သန်နေထိုင်ပြီး ပစ္စုပ္ပန်၊ အတိတ်နဲ့ အနာဂတ်အတွက် အရေးကြီးကိစ္စတွေကို တုံ့ပြန် ဆောင်ရွက်မှသာ သင့်ရဲ့ ပြုမူဆောင်ရွက်ချက် အားလုံး အဓိပ္ပာယ်ရှိလာမယ်။*

ဒီလူ ကုန့်ခနဲရပ်ပြီး ခုလေးပဲ သူရေးပြီးသွားတဲ့ စကားလုံးတွေကို ပြန်ကြည့်နေတယ်။ ဒီစကားလုံးတွေက ဘာ အဓိပ္ပာယ်ကိုဆောင်နေသလဲလို့ သူ တွေးတောကြံဆ နေတယ်။

http://www.cherrythitsar.org



နောက်တော့ သူ သဘောပေါက်သွားတယ်။ ရည်ရွယ်ချက်ရှိရှိ ရှင်သန်နေထိုင်ခြင်းဆိုတာဟာ ဘာတွေကို ဘယ်လို လုပ်ရမယ်ဆိုတာ သိရုံလောက် မဟုတ်ဘဲ ဘာ့ကြောင့် လုပ်ရမယ်ဆိုတာကိုပါ သိနေတာကို ပြောတာပါကလား။

ရည်ရွယ်ချက်ရှိရှိ ရှင်သန်နေထိုင်ပြီး အလုပ်လုပ်နေတယ်ဆိုတာ မြင့်မြတ်တဲ့ မဟာစီမံကိန်းကြီး ဒါမှမဟုတ် ဘဝစီမံကိန်းကြီးတစ်ခု မဟုတ်ဘူး။ ဒါဟာ လူ့ဘဝမှာ ကျင်လည်နေထိုင်တဲ့ နေ့စဉ်ဘဝကို လက်တွေ့ကျကျ ဖြေရှင်းနည်းတစ်ခုပါပဲကလား။

မင်းရဲ့ အားထုတ်လုပ်ဆောင်မှုတွေက ရလဒ်တွေ ထွက်လာမယ်။ အဲဒီရလဒ်တွေက မင်းအတွက်၊ နောက်ပြီး တခြားလူတွေအတွက် ဘယ်လောက်ထိ ထိရောက်ကောင်းမွန်တဲ့ အကျိုးသက်ရောက်မှုတွေ ရှိသလဲ။ တစ်နေ့တစ်နေ့ မိုးလင်းလို့ အိပ်ရာက ထလာတိုင်း အဲဒီသက်ရောက်မှုကို ဆန်းစစ်ကြည့်ရတာဟာ ရည်ရွယ်ချက်ရှိရှိ ရှင်သန်နေထိုင်ခြင်းပဲပေါ့။

သူက သူ သိမြင် သဘောပေါက်လာတာကို ရေးမှတ်လိုက်တယ်။

http://www.cherrythitsar.org



သင် ဘယ်ပုံဘယ်နည်း
တုံ့ပြန် ဆောင်ရွက်သလဲ ဆိုတာ
သင့်ရည်မှန်းချက်ပေါ်မှာ တည်မှီနေတယ်။

သင် စိတ်ချမ်းသာပြီး
ပိုမိုအောင်မြင် လိုလာပြီဆိုလျှင်
သင့်အနေနဲ့ မျက်မှောက်ကာလမှာ
ပျော်ဝင်နေထိုင်ရမယ့် အချိန်ရောက်နေပြီပေါ့။

ပစ္စုပ္ပန်ကို အတိတ်ထက်ပိုပြီး
သာလွန်ကောင်းမွန်စေချင်လာပြီဆိုရင်
သင့်အနေနဲ့ အတိတ်ကနေ
သင်ခန်းစာထုတ်ယူရမယ့် အချိန်ဖြစ်နေပြီပေါ့။

အနာဂတ်ကို ပစ္စုပ္ပန်ထက်ပိုပြီး
ထွန်းလင်းတောက်ပြောင်စေချင်လာပြီဆိုရင်
သင့်အနေနဲ့ အနာဂတ်အတွက်
စီမံကိန်းချရမယ့် အချိန်သင့်နေပြီပေါ့။

http://www.cherrythitsar.org



သင်ဟာ ရည်ရွယ်ချက်ရှိရှိနေထိုင်ပြီး
လုပ်ကိုင်ဆောင်ရွက်တဲ့အခါ
နောက်ပြီး
မျက်မှောက်ကာလမှာ အရေးကြီးတာကို
တုံ့ပြန်ဆောင်ရွက်တဲ့အခါ

ဦးစီးဦးဆောင်ပြုရာမှာ
စီမံခန့်ခွဲရာမှာ
ကူညီထောက်ပံ့ရာမှာ
အဆွေခင်ပွန်းဖွဲ့ရာမှာ
နောက်ပြီး
မေတ္တာထားရာမှာ
သင့်စွမ်းရည်တွေ ပိုမိုမြင့်မားလာတော့တယ်။

ခုတော့ သူ့မှာ သူ ယုံကြည်ကိုးစားတဲ့၊ သူ့ကို ကောင်းရာ ညွှန်ပြပေးတဲ့ သူ့မိတ်ဆွေကြီး၊ သူ့ဆရာကြီး မရှိတော့ဘူး။ သူ့ကို နည်းပေးလမ်းပြစကားတွေ ပြောဆို ထိန်းမတ်ပေးမယ့် အဘိုးအို မရှိတော့ဘူး။ ဘာပဲဖြစ်ဖြစ် သူ့ရဲ့ ဂုရုကြီး မရှိတော့ပေမယ့်လည်း သူ့အနာဂတ်အတွက် သူ့ဘာသာသူပဲ စီမံကိန်းချဖို့ လိုအပ်နေပြီဆိုတာ ဒီလူ သဘောပေါက်လာတယ်။

သူ လုံလုံလောက်လောက်မှ တတ်သိနားလည်ရဲ့လားလို့ ဒီလူ အတွေးကြွယ်မိတယ်။

ဒီနောက်တော့ သူ ပြုံးလိုက်မိတယ်။ သူ့ဆရာအိုကြီး ဘယ်စကားမျိုးပြောမယ်ဆိုတာ သူ သိနေတယ်လေ။

*ဒီလူ အတော်အသင့် သိနေပြီ။ သူ့မှာ အသိပညာ လုံလုံလောက်လောက်ရှိနေပြီ။ သူဟာ လူတစ်ယောက် လောက်လောက်လားလား ဖြစ်ခဲ့ပါပြီ။*

*တချို့လူတွေက လက်ဆောင်မွန်ကို ငယ်ငယ်ရွယ်ရွယ်နဲ့ ရယူနိုင်အောင် အားထုတ်ကြတယ်။ တချို့က သက်လတ်ပိုင်းအရွယ်ကျမှ လက်ခံရယူကြတယ်။ တချို့က အိုကြီးအိုမ အရွယ်ကျမှ လက်ခံရယူကြတယ်။ တချို့လူတွေကျတော့ ဘယ်တော့မှ ရယူမသွားကြဘူး။*

ဒီလူဟာ ဒန်းကို လွှဲစီးနေရင်း သူ့အတွေးတွေကို ပစ္စုပ္ပန်ဆီ ပြန်ခေါ်ဖို့ ဆုံးဖြတ်လိုက်တယ်။

http://www.cherrythitsar.org



သူဟာ သူ့ရည်မှန်းချက်ကို တွေ့ထားပြီ။ သူလေ့လာသိရှိထားတာတွေကို တခြားလူတွေလည်းတတ်သိနားလည်သွားအောင် အကူအညီပေးရမယ်။

သူ့ရင်ထဲမှာ ကြည်နူးသွားတယ်။ ပြီးတော့ အောင်မြင်မှုကို ခံစားရတယ်။

အောင်မြင်မှုဆိုတာဘာလဲလို့ လေးလေးနက်နက်တွေးဆကြည့်တယ်။ ဒီတော့ အောင်မြင်မှုဆိုတာ လူအမျိုးမျိုးအတွက် အကြောင်းအရာအမျိုးမျိုးဖြစ်တယ်ဆိုတာသိလာတယ်။

အောင်မြင်မှုဆိုတာ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းတဲ့ဘဝတစ်ခု ဖြစ်ချင် ဖြစ်မယ်။

ပိုကောင်းတဲ့ အလုပ်တစ်ခုလုပ်ရတာဖြစ်ချင်ဖြစ်မယ်။

မိသားစုတွေ၊ မိတ်ဆွေတွေနဲ့ ပျော်ပျော်ရွှင်ရွှင်ကြည်နူးနေခွင့်ရတာ ဖြစ်ချင် ဖြစ်မယ်။

ရာထူးကြီးပေးခံရတာ ဖြစ်ချင် ဖြစ်မယ်။

ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းတာ ဖြစ်ချင် ဖြစ်မယ်။

ဝင်ငွေပိုကောင်းလာတာ ဖြစ်ချင် ဖြစ်မယ်။

ဒါမှမဟုတ် တခြားလူတွေကို အပြတ် ကူညီတတ်တဲ့ရည်ရည်မွန်မွန် လူသားတစ်ယောက်ဖြစ်ရေး ဖြစ်ချင်ဖြစ်မယ်။

သူ့ကို အဘိုးအို သင်ပေးထားတာတွေနဲ့ သူ့ကိုယ်ပိုင်အတွေ့အကြုံတွေကနေ ရခဲ့တဲ့ ဖော်ထုတ်တွေ့ရှိချက်တွေပေါင်းစပ်ပြီး သူသိမြင် သဘောပေါက်လာတာရှိတယ်။

http://www.cherrythitsar.org



*အောင်မြင်ခြင်းဆိုတာ*
*သင် ကိုယ်စွမ်းကိုယ်စရှိသလောက်*
*ထွန်းပေါက်လာခြင်းဖြစ်တယ်။*
*နောက်ပြီး လုပ်သင့်လုပ်ထိုက်တဲ့*
*ရည်မှန်းချက်ပန်းတိုင်များဆီကို*
*ခရီးပေါက် အောင်မြင်ခြင်းဖြစ်တယ်။*

*ငါတို့အတွက်*
*အောင်မြင်မှု ဘာလဲဆိုတာကို*
*ငါတို့ တစ်ဦးချင်း တစ်ယောက်ချင်း*
*အခါပွာယ် ကိုယ်စီဖွင့်ကြတယ်။*

ဘယ်လိုလူမျိုးကိုမဆို ပျော်ရွှင်မှုရအောင်၊ အောင်မြင်မှုရစေအောင် ဆောင်ကြဉ်းပေးနိုင်တဲ့ ကိရိယာတန်ဆာပလာတွေကို အသုံးချဖို့ သူ တက်သိနားလည်နေပြီဆိုတာ ဒီလူ သဘောပေါက်သွားတယ်။

ကျင့်စဉ်က တော်တော့်ကို ရိုးရှင်းပါတယ်လို့ သူ တွေးတယ်။ ပစ္စုပ္ပန်က သူ့ကို အားအင်ပြည့်ဖြိုးစေတယ်။ ဒီလို ဖြစ်လာအောင် အတိတ်ကနေ ထုတ်ယူရရှိတဲ့ သင်ခန်းစာတွေက အထောက်အကူပြုတယ်။

နောက်ပြီး ပစ္စုပ္ပန်မှာ သူ တွေ့ကြုံခံစားရတာတွေကို ကုံ့ပြန်ဆောင်ရွက်ခြင်းအားဖြင့် သူဟာ ပိုပြီး အောင်မြင်မှု ရလာတယ်။

http://www.cherrythitsar.org



သူက အရေးကြီးတဲ့ အကြောင်းကိစ္စတွေကိုရွေးပြီး အာရုံစိုက်တယ်။ ဘဝခရီးလမ်းတစ်လျှောက်မှာ တွေ့ရကြုံရတဲ့ အခွင့်အလမ်းတွေနဲ့ စိန်ခေါ်မှုတွေကို ကြည့်တတ်မြင်တတ်လာတယ်။ ကိုင်တွယ်ဖြေရှင်းတတ်လာတယ်။ နောက်ပြီး သူ့လုပ်ဖော်ကိုင်ဖက်တွေ၊ သူ့မိသားစုတွေနဲ့ သူ့မိတ်ဆွေတွေကို တန်ဖိုးထား လေးစားတတ်လာတယ်။

သူဟာ လူသားတစ်ဦးသာဖြစ်တဲ့အတွက် ပစ္စုပ္ပန်ကာလမှာပဲ အမြဲထာဝစဉ် မွေ့လျော်နေနိုင်စွမ်းရှိမှာမဟုတ်ဘူး ဆိုတာကိုလည်း သူ သိမြင်လာတယ်။ ပစ္စုပ္ပန်ကို ရှုမြင်နေဖို့ မကြာမကြာ အာရုံပျက်ကောင်း ပျက်နိုင်တယ်။ ဒါပေမယ့် အဲဒီလိုဖြစ်လာရင် ပစ္စုပ္ပန်ကို ပြန်လာဖို့ သူ့ကိုယ်သူ သတိပေးနေလို့ ရနိုင်တာပဲ။

လက်ဆောင်မွန်က သူ့အတွက် အမြဲထာဝစဉ်ရှိနေမှာပဲ။ သူ လိုချင်တဲ့အချိန် ဘယ်အချိန်မဆို ဒီလက်ဆောင်ကို သူ့ကိုယ်သူ ပေးလို့ရနေတယ်လေ။

သူ သင်ယူဆည်းပူးထားတဲ့ အတွေးအခေါ်တွေ၊ ကျင့်စဉ်တွေကို အကျဉ်းချုပ်ရေးမှတ်ထားဖို့ ဒီလူ ဆုံးဖြတ်လိုက်တယ်။

ဒီမှတ်စုကို သူ့ စာရေးစားပွဲပေါ် သူ့ ရှေ့တည့်တည့်မှာ တင်ထားရမယ်။ ဒါမှ ဒီမှတ်စုထဲမှာပါတဲ့ အကြောင်းအရာတွေကို နေ့စဉ်နေ့တိုင်း သတိရနေမယ်လေ။

\+ \+ \+

http://www.cherrythitsar.org



# လက်ဆောင်မွန်

## သင်၏ ပစ္စုပ္ပန်ကာလများကို အသုံးချနည်း သုံးသွယ်

### *သင် စိတ်ချမ်းသာပြီး အောင်မြင်သူဖြစ်လိုတဲ့အခါ*

*ပစ္စုပ္ပန်မှာ မွေ့ပျော်နေထိုင်ပါ။*
*ပစ္စုပ္ပန်တည်တည်ကို အာရုံပြုပါ။*
*သင့်ရည်မှန်းချက်ကို အသုံးပြုပြီး*
*လောလောဆယ် အရေးကြီးနေတဲ့ကိစ္စကို*
*တုံ့ပြန်ဆောင်ရွက်ပါ။*

http://www.cherrythitsar.org



## ပစ္စုပ္ပန်ကို အတိတ်ထက်ပိုပြီး သာလွန်ကောင်းမွန်လိုတဲ့အခါ

အတိတ်ကနေ သင်ခန်းစာထုတ်ယူပါ။
အတိတ်ဖြစ်ရပ်တွေကို လေ့လာဆန်းစစ်ပါ။
အဲဒီ ဖြစ်ရပ်တွေထဲက တန်ဖိုးရှိတဲ့ သင်ခန်းစာ ထုတ်ယူပါ။
ပစ္စုပ္ပန်မှာ အတိတ်တုန်းကနဲ့ မတူအောင် ဆောင်ရွက်ပါ။

## အနာဂတ်ကို ပစ္စုပ္ပန်ထက် သာလွန် ကောင်းမွန်အောင် ဖန်တီးချင်တဲ့အခါ

အနာဂတ်အတွက် စီမံကိန်းချပါ။
သာယာဝေစည်တဲ့ အနာဂတ်ပုံရိပ်ကို မြင်ယောင်ကြည့်ပါ။
အဲဒီပုံရိပ် တကယ်ဖြစ်လာအောင် အထောက်အကူပြုမယ့် အစီအစဉ်တွေ ချမှတ်ပါ။
သင့် စီမံကိန်းကို ပစ္စုပ္ပန်မှာ အကောင်အထည်ဖော် ဆောင်ရွက်ပါ။

http://www.cherrythitsar.org



နောက်နှစ်တွေ နောက်နှစ်တွေအတွင်းမှာ ဒီလူဟာ သူ လေ့လာဆည်းပူးထားတဲ့ ကျင့်စဉ်တွေကို သူ အကြိမ်ကြိမ် အခါခါ အသုံးချခဲ့တယ်။

အဲဒီလို အသုံးချတဲ့အခါ သူ လက်တလောတွေ့ကြုံရင်ဆိုင်နေရတဲ့ အနေအထားတွေပေါ်မှာ မူတည်ပြီး သူက အကိုးအလျှော့ကလေးတွေ လုပ်တယ်။ ပြင်ဆင် ညှိနှိုင်းမှုကလေးတွေ လုပ်တယ်။ ဒီတော့ သူ လုပ်ဆောင်သမျှ အလုပ်တွေဟာ တစ်ခုထက်တစ်ခု ပိုကောင်းလာ၊ ပိုပြောင်မြောက်လာတော့တာပေါ့။

သူဟာ ရာထူးတွေ အကြိမ်ကြိမ်တိုးတယ်။

နောက်ဆုံးတစ်နေ့ကျတော့ သူဟာ သူ့ကုမ္ပဏီရဲ့ အကြီးအကဲဖြစ်လာတယ်။ သူ့ကို သိသူတိုင်းက လေးစားအားကျခံရတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်လာတာပေါ့။

သူနဲ့အတူရှိနေရင် သူ့ဝန်းကျင်ကလူတွေဟာ ပိုပြီး အသက်ဝင်လာတယ်။ ပိုပြီး မြူးကြွလာတယ်။ သူ့ရှေ့မှောက်ကို ရောက်နေရင် သူတို့ စိတ်ချမ်းသာနေကြတယ်။ အားတက်သရော ဖြစ်နေတတ်ကြတယ်။

တခြားသူတွေ စကားပြောနေရင် သူဟာ လူများစုထက်ပိုပြီး စူးစူးစိုက်စိုက် နားထောင်တတ်တယ်။ အဲဒီလို နားထောင်ရင်း အလားအလာတွေကို ကြိုတွက်နေတတ်တယ်။ အဖြေတွေရှာနေတတ်တယ်။ သူဟာ လူတကာထက် အရင်စောပြီး အဖြေရှာတွေ့သွားတာချည်းပဲ။

http://www.cherrythitsar.org



သူ့ရဲ့ ပုဂ္ဂလိကဘဝမှာတော့ သူဟာ မေတ္တာလွှမ်းခြုံတဲ့ မိသားစုတစ်ခု ဖန်တီးနိုင်ခဲ့တယ်။ သူ့ဇနီးနဲ့ သူ့ကလေးတွေကို သူချစ်သလို သူတို့ကလည်း သူ့ကို ပြန်ပြီး ချစ်မြတ်နိုးကြတယ်။

သူဟာ တဖြည်းဖြည်းနဲ့ သူ လေးစားအားကျတဲ့ အဘိုးအိုနဲ့ တော်တော်ကြီး တူ တူ လာတယ်။

ဒီလူဟာ လက်ဆောင်မွန်နဲ့ပက်သက်ပြီး သူ လေ့လာသိရှိထားတာတွေကို တခြားလူတွေပါ သိရှိနားလည်လာအောင် မျှဝေပေးရတာ သိပ်ပြီး ကြည်နူးမွေ့လျော်တယ်။

လက်ဆောင်မွန်ဓာတ်လမ်းကို လူတော်တော်များများ သဘောကျ လက်ခံပြီး ပညာယူကြတယ်ဆိုတာ သူသိတာပေါ့။ အဲ၊ တချို့ကတော့လည်း သဘောကျလက်ခံခြင်း မရှိကြပါဘူး။

အင်းလေ၊ ဒါကတော့ သူ့သဘော သူဆောင်လိမ့်မယ်ဆိုတာ သူ သဘောပေါက်ထားပါတယ်။

မနက်ပိုင်းတစ်ခုမှာတော့ ဒီပုဂ္ဂိုလ်ရဲ့ ရုံးခန်းထဲမှာ အမှုထမ်းသစ်တစ်စု စုဝေးရောက်နေတယ်။ အမှုထမ်း အသစ်တွေကို သူကိုယ်တိုင် ကြိုဆိုနှုတ်ဆက်လေ့ရှိတာ သူ့အစဉ်အလာလေ။

မိန်းမငယ်တစ်ယောက်က ပုဂ္ဂိုလ်ကြီးရဲ့ စာရေးစားပွဲ ပေါ်မှာ မှန်ဘောင်သွင်းပြီး ထောင်ထားတဲ့ ကတ်ပြားတစ်ခု ကိုသတိထားလိုက်မိတယ်။ အဲဒီကတ်ပြားပေါ်မှာ ခေါင်းစဉ် တပ်ထားတာက လက်ဆောင်မွန် တဲ့။

'ဆရာ့စားပွဲပေါ်မှာ အဲဒီကတ်ပြားကလေး ဘာဖြစ်လို့ တင်ထားတယ်ဆိုတာ ကျွန်မ မေးခွင့်ရှိပါသလား ဆရာ' လို့ မိန်းကလေးက မေးတယ်။

'သိပ်ရတာပေါ့'

ပုဂ္ဂိုလ်ကြီးက ပြန်ပြောတယ်။

'အဲဒီကတ်ပြားပေါ်မှာ ရေးထားတာက ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ဆီက ကျုပ်ကြားခဲ့ရတဲ့ ဇာတ်လမ်း တစ်ပုဒ်ရဲ့ အကျဉ်းချုပ်ပေါ့၊ အဲဒီဇာတ်လမ်းက စိတ်ဓာတ် တက်ကြွစရာကောင်းပြီး သိပ်ပြီး လက်တွေ့အသုံးတည့်တဲ့ ဇာတ်လမ်းပေါ့ကွယ်၊ ဇာတ်လမ်းရည်ရွယ်ချက်က စိတ် ချမ်းသာအောင်၊ နောက်ပြီး အောင်မြင်မှုတွေရအောင် ဘယ်ပုံဘယ်နည်း ကျင့်ကြံနေထိုင်ရမလဲဆိုတာပေါ့ကွယ်။

http://www.cherrythitsar.org


'ဒီဇာက်လမ်းက ကျုပ်အတွက်တော့ တကယ်ကို အထောက်အကူရခဲ့တာပဲဟေ့'

လူသစ်အုပ်စုထဲက တော်တော်များများက ကက်ပြား ကလေးကို အပြန်ပြန် အလှန်လှန် ကြည့်ကြတယ်။

'ကျွန်မ ကြည့်ရမလားဟင်'

မိန်းကလေးက မေးတယ်။

'ရပါတယ်'

ပုဂ္ဂိုလ်ကြီးက မှန်အောင်သွင်းကက်ပြားကို လှမ်းပေး လိုက်တယ်။

မိန်းမငယ်က ဖြည်းဖြည်းချင်း ဖတ်ကြည့်တယ်။ ပြီးတော့ တခြားလူတွေဆီကို လက်ဆင့်ကမ်းလိုက်တယ်။

စာကို ဖတ်ကြည့်ပြီးတဲ့ မိန်းကလေးက 'ဒီစာသား တွေက လောလောဆယ် ကျွန်မ ရင်ဆိုင်နေရတဲ့ အခြေ အနေမျိုးအတွက် အရမ်းအထောက်အကူပြုနိုင်မယ့်သဘော ရှိတယ်ရှင့်' လို့ ပြောလိုက်တယ်။

သူက မှန်အောင်သွင်းကက်ပြားကို ပုဂ္ဂိုလ်ကြီးလက် ထဲ ပြန်အပ်ရင်း 'အဲဒီဇာက်လမ်းကို ကျွန်မကို့နားထောင်လို့ ရမလားဟင်' လို့ မေးတယ်။

http://www.cherrythitsar.org



သူကို့အုပ်စုဟာ အစည်းအဝေးစားပွဲကြီးနံဘေးမှာ ဝိုင်းပတ်ထိုင်ကြတယ်။ ပုဂ္ဂိုလ်ကြီးက လက်ဆောင်မွန် ဇာတ်လမ်းကို ဖောက်သည်ချတယ်။ အဲဒီနောက် သူ့စားပွဲပေါ်က ကတ်ပြားကို မိတ္တူပွားထားတဲ့ စာရွက်တွေကို သူ့စားပွဲ အံဆွဲထဲကထုတ်ပြီး ဝေပေးတယ်လေ။

'ဒီလက်ဆောင်မွန်က ကျုပ်ကို အကျိုးပြုခဲ့သလို ခင်ဗျားတို့ကိုလည်း အကျိုးပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်'

နောင် အချိန်ကာလတွေတော်တော်ကြာသွားတဲ့အခါ ကတ်ပြားအကြောင်း စ မေးခဲ့တဲ့ မိန်းမငယ်ဟာ ပုဂ္ဂိုလ်ကြီးရဲ့ ရုံးခန်းထဲ ရောက်လာပြန်တယ်။

ဒီကလေးမက တာဝန်တွေ၊ ဝတ္တရားတွေ သူတကာထက် ပိုယူခဲ့တယ်။ နောက်ပြီး သူ့လုပ်ငန်းမှာသူ ထူးချွန်ပြောင်မြောက်ပုံရတယ်။

'လက်ဆောင်မွန် ဇာတ်လမ်းအတွက် ကျေးဇူးတင်တဲ့ အကြောင်း ဆရာ့ကို ပြောချင်လို့ပါ ဆရာ၊ အဲဒီကတ်ပြားကလေးကို ကျွန်မ ကိုယ်နဲ့မကွာ ဆောင်ထားပြီး ခဏခဏ ပြန်ဖတ်ပါတယ်၊ တန်ဖိုးမဖြတ်နိုင်လောက်အောင် ကောင်းတဲ့ အသိပညာတွေပါ ဆရာ'

အဲဒီလို ချီးပစကားပြောပြီး မိန်းကလေး ပြန်ထွက်သွားတယ်။

http://www.cherrythitsar.org



နောက်ကျတော့ မိန်းကလေးဟာ ဒီဇာတ်လမ်းကို သူ့မိသားစုတွေသိအောင် ပြောပြတယ်။ သူ့မိတ်ဆွေတွေနဲ့ လုပ်ငန်းဆိုင်ရာ လုပ်ဖော်ကိုင်ဖက်တွေသိအောင် ဖြန့်ဝေပေးတယ်။

ဒီဇာတ်လမ်းကို ကြားရသူတော်တော်များများဟာ ကြီးပွားအောင်မြင်လာကြတယ်။ အဲဒီလိုပဲ သူတို့အလုပ်လုပ်နေတဲ့ အဖွဲ့အစည်းတွေလည်း တိုးတက် ဖွံ့ဖြိုးလာတယ်။

အဘိုးအိုဆီက သင်ယူရရှိခဲ့တဲ့ အသိပညာတွေဟာ မျိုးဆက်သစ် တစ်ဆက်ကိုတောင် အကျိုးပြုနိုင်စွမ်းရှိနေတယ်ဆိုတာ သိရတော့ ပုဂ္ဂိုလ်ကြီးဟာ ပီတိတွေဖြာရတာပေါ့လေ။

\+ \+ \+

http://www.cherrythitsar.org



ဆယ်စုနှစ်ကော်ကော်များများ ကျော်လွန်လာတဲ့အခါ စိတ်ချမ်းသာ လက်ချမ်းသာနဲ့ ကြီးပွားချမ်းသာပြီး လူအများလေးစားကြည်ညိုခံရတဲ့ ပုဂ္ဂိုလ်ကြီးကိုယ်တိုင် အဘိုးအိုတစ်ဦး ဖြစ်လာတော့တာပေါ့။

သူ့ကလေးတွေ ကြီးပြင်းပြီး သူတို့အိမ်ထောင်တွေနဲ့ သူတို့ ဖြစ်ကုန်ပြီ။ သူ့ဇနီးသည်ကတော့ သူ့ရဲ့ အချစ်ဆုံးနဲ့ အရင်းနှီးဆုံး ဘဝအဖော်မွန်တစ်ဦး ဖြစ်လာတာပေါ့လေ။

သူဟာ စီးပွားရေးလောက ကနေ အနားယူထားပြီ ဖြစ်ပေမယ့်လည်း လက်ဆောင်မွန်က သူ့ကို အားတွေမာန်တွေ ဆက်ပြီး အလျှံပယ် ဖြည့်တင်းပေးနေဆဲပဲ။ သူနဲ့သူ့ဇနီးဟာ သူတို့အသိုက်အဝန်းအတွက် အများအကျိုးဆောင် လုပ်ငန်းတွေကို စေတနာ သဒ္ဒါတရား ထက်ထက်သန်သန်နဲ့ လုပ်ကြတယ်။

တစ်နေ့မှာတော့ သမီးကလေးတစ်ဦးထွန်းကားထားတဲ့ လူငယ် ဇနီးမောင်နှံတစ်တွဲဟာ ပုဂ္ဂိုလ်ကြီးတို့နေတဲ့ လမ်းထဲကို ပြောင်းလာကြတယ်။ သိပ်မကြာပါဘူး။ သူတို့မိသားစုဟာ ပုဂ္ဂိုလ်ကြီးတို့အိမ်ကို အလည်လာကြတယ်။

http://www.cherrythitsar.org



သမီးကလေးက 'ဘိုးဘိုးကြီး' လို့ သူခေါ်တဲ့ ပုဂ္ဂိုလ်ကြီး ပြောတာတွေကို နားထောင်ရတာ တယ်ပြီး သဘောကျတာ ကို။ ဘိုးဘိုးကြီးအနားမှာနေရတာ ပျော်စရာကောင်းတယ်။ ဘိုးဘိုးကြီးမှာ ထူးခြားချက်တစ်ခုခုတော့ ရှိတာ အမှန်ပဲ။ ဘာလဲဆိုတာကိုသာ သူ မသိတာလေ။ ဘိုးဘိုးကြီး ကြည့်ရတာ စိတ်လက် ချမ်းသာနေပုံရတယ်။ ဘိုးဘိုးကြီးကို ကြည့်ပြီး ကလေးမကလေးဟာ သူလည်း ပျော်နေတယ်။ နောက်ပြီး သူ့ကိုယ်သူ နှစ်သက်အားရနေတယ်။

'ဘိုးဘိုးကြီးဟာ ဘာကြောင့်များ ဒီလောက်ထူးထူး ခြားခြား ဖြစ်နေပါလိမ့်'

ကလေးမကလေး တအံ့တသြတွေးနေမိတယ်။

'ဒီလောက် အိုမင်းရင့်ရော်နေသူတစ်ယောက်ဟာ ဘယ်လိုဖြစ်ပြီး ဒီလောက် စိတ်ချမ်းသာ လက်ချမ်းသာ နေနိုင်ပါလိမ့်'

တစ်နေ့တော့ ကလေးမကလေးက သူ့ဘိုးဘိုးကြီးကို မေးကြည့်တယ်။ ဘိုးဘိုးကြီး ပြုံးလိုက်တယ်။ ပြီးတော့ ကလေးမကလေးကို လက်ဆောင်မွန်အကြောင်း ပြောပြ တော့တယ်။

ကလေးမကလေးဟာ ဝမ်းသာအားရ ထခုန်တော့တာပဲ။

သူဟာ ကစားဖို့ ပြေးထွက်သွားရင်း ကလေးမကလေး တက်တက်ကြွကြွ မြူးမြူးထူးထူး အော်နေသံကို သူ့ဘိုးဘိုးကြီး ကြားလိုက်ရတယ်။

‘ဟေး၊ တစ်နေ့နေ့ကျ တစ်ယောက်ယောက်က သမီးကို ပေးလာမှာကတော့ လက်ဆောင်မွန် ပါကွယ်’





ဇာတ်လမ်း ကြားရပြီး
နောက်ပိုင်း

http://www.cherrythitsar.org



ဘီလ်က သူပြောနေသည့် ဇာတ်လမ်းကို နိဂုံးချုပ်လိုက်တော့ လစ်ဇ်က ပြုံးပြီးပြောသည်။

'ငါ့အတွက် အဲဒါမျိုး လိုအပ်နေပါတယ်ဟယ်'

တို့နောက် သူက ထပ်ဖြည့်ပြောသည်။

'ငါ မှတ်စုတွေ တော်တော်များများ လိုက်ရေးမှတ်နေတာ နင် သတိထားမိမှာပါ၊ စဉ်းစားစရာ တွေးစရာတွေကတော့ တစ်ပုံကြီးပဲဟေ့'

သူ ခဏကြာအောင် နှုတ်ဆိတ်နေသည်။ ခုနကလေးကပဲ ကြားခဲ့ရသည့် ဇာတ်လမ်းကို လေးလေးနက်နက်ပြန်စဉ်းစားနေသည်။ ချင့်ချိန်ဝေဖန်နေသည်။

နောက်ဆုံးတွင် လစ်ဇ် စကားဖြတ်လိုက်သည်။

'ဒီဇာတ်လမ်းကို ပြန်ပြောပေးတဲ့အတွက် ကျေးဇူးအရမ်းတင်ပါတယ် ဘီလ်'

တို့နောက် သူ ဆက်ပြောသည်။

'ငါ ဒီကျင့်စဉ်တွေကို ကြိုးစားပြီး အသုံးချကြည့်ဖို့စဉ်းစားထားတယ်၊ ပြီးတော့ ဘာတွေဖြစ်လာမလဲ ကြည့်မှာပေါ့ဟယ်၊ အဲဒီလို ငါ့ဘာသာငါ ပြန်ဆန်းစစ်ပြီးရင်တို့နှစ်ယောက် နောက်တစ်ခါလောက် စကားပြောဖို့ အချိန်ပေးနိုင်ဦးမလားဟင်'

'ရပါတယ်'

ဘီလ် သဘောတူလက်ခံလိုက်၏။

'နင်နဲ့ တွေ့ရတာ အရမ်းစိတ်ချမ်းသာစရာကောင်းပါတယ် ဘီလ်ရယ်'

လစ်ဇ် ပြောသည်။ နောက်ပြီး ယဉ်ကျေးဖွယ်ရာ စကား တစ်ခွန်း နှစ်ခွန်း ပြောပြီး လှုချင်းခွဲ သွားသည်။

လစ်ဇ်ထွက်ခွာသွားတော့ ဘီလ် အတွေးကြွယ်နေမိ၏။ သူ့မိတ်ဆွေသည် သည်ဇာတ်လမ်းမှ ဘယ်လို အကျိုးကျေးဇူးတွေ ရသွားလေသည် မသိ။

ဒါကို သူ သိရအောင် နည်းနည်းကလေးတော့ အချိန်ယူရလိမ့်မည်။

ထို့နောက် သူ့ရုံးတွင် သူ့အဖွဲ့သားများနှင့် အစည်းအဝေး ပြုလုပ်ပြီးချိန်၌ သူ့တယ်လီဖုန်းအသံဖမ်းစက်ထဲတွင် သတင်းတစ်ခု ဝင်နေသည်ကို ကြားရသည်။ သတင်းပေးထားသူမှာ လစ်ဇ်။

'ဘီလ်၊ ဒီရက်ပိုင်းအတွင်း နေ့လယ်စာစားဖို့ အချိန်ရမလား' တဲ့။

ရက်အတန်ကြာသွားပြီးသည့်နောက် စားသောက်ဆိုင်ထဲသို့ ဘီလ်ဝင်လာသောအခါ လစ်ဇ်က ရောက်နှင့်နေပြီ။ သူ့ကြည့်ရတာ ပင်ပန်းနွမ်းနယ်နေပုံ သို့မဟုတ် သောကပွေနေပုံမရ။ ထိုသွင်ပြင်များနှင့် ပြောင်းပြန်ပါပဲ။

http://www.cherrythitsar.org



'ဟေး၊ နင့်ကြည့်ရတာ အပြတ်သားနားနေတာပါလား လစ်ဖ်၊ ကဲ ဆိုစမ်း၊ ဘာကိစ္စ'

လစ်ဖ် ပြုံးသည်။

'နင် ငါ့ကိုပြောပြတဲ့ ဇာတ်လမ်း မှတ်မိသေးလား၊ လက်ဆောင်မွန်လေ'

ဘီလ် ခေါင်းညိတ်သည်။

'အင်း၊ မှတ်မိပါတယ်'

'အဲ၊ အဲဒီဇာတ်လမ်းကြားရပြီးနောက်ပိုင်းက စပြီး အဖြစ်အပျက်တွေ ဖြစ်ပျက်ခဲ့တာ အများကြီးပဲ၊ ငါ နင့်ကို ပြောမပြဘဲ မနေနိုင်တော့လွန်းလို့ ခုလို ချိန်းရတာ ဟဲ့။

'ကိုနှစ်ယောက်အတူ နေ့လယ်စာစားပြီး စကားစမြည် ပြောကြတော့ ငါ နင့်ကို သတိပြုမိပါတယ်၊ ကို့တစ်တွေ အတူ အလုပ်လုပ်ခဲ့စဉ်တုန်းကနဲ့ မတူတော့တဲ့ နင်က အကြီးအကျယ်ပြောင်းလဲသွားတယ်လေ၊ ပြောင်းလဲတာကလည်း အကောင်းဘက်ကို ပြောင်းလဲတာပါ။

'ဒီတော့ နင်ပြောပြတဲ့ ဇာတ်လမ်းအကြောင်း စပြီး စဉ်းစားတော့တာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဇာတ်လမ်းက နင့်ကို အကျိုးပြုခဲ့တာ သိသာထင်ရှားနေတာကိုး။

http://www.cherrythitsar.org



'နောက် လေး ငါးရက်လောက်နေတော့ အလုပ်လုပ်နေရင်း အဲဒီအကြောင်း ငါ သတိရပြန်ရော။

'ငါက ငါ့အလုပ်ရှင်နဲ့ပတ်သက်ပြီး ဗျာများနေရတာဟဲ့၊ ငါမှာ အလုပ်ပိလွန်းပြီး မလှုပ်နိုင်တော့ဘူး၊ ဒီကြားထဲ သူက တို့ရဲ့ ဈေးကွက်ဖော် စီမံချက်တွေ ပြုပြင်ပြောင်းလဲဖို့ ဖိအားပေးနေတယ်လေ၊ လုပ်ဖို့ မလိုဘူးလို့ ငါထင်ထားတဲ့ ပြုပြင်ပြောင်းလဲမှုတွေပေါ့၊ ငါတို့က ကိုယ်စိတ်နှစ်ပါးစလုံး ပုံအောပြီး လုပ်ပေးနေရက်သားနဲ့ သူက ဒီထက်ပိုပြီး ကောင်းဆိုလာတော့ ငါ သူ့ကို မကျေမနပ်ဖြစ်မိတာပေါ့။

'စီးပွားရေးနဲ့ ဈေးကွက်အနေအထားက ဘယ်လိုပြောင်းလဲနေတာ၊ တို့က အဲဒီအပြောင်းအလဲနဲ့ လိုက်လျောညီထွေဖြစ်အောင် ဘယ်လိုပြင်ဆင်ညှိနှိုင်းကြမလဲဆိုတာတွေပဲ ဖိပြောနေတာကလား၊ ဒါပေမယ့် ငါက အဲဒါတွေ မကြားချင်တော့ဘူး။

'ဒီစကားတွေက သူပြောလွန်းလို့ အပ်ကြောင်းထပ်နေပြီ၊ ဈေးကွက်ဖော်စီမံကိန်းသစ် ရေးဆွဲသင့်တာ ကြာလှပြီတဲ့လေ၊ ဒါပေမယ့် ဒီတစ်ခါကျတော့ သူက ငါ့ကိုစွပ်စွဲတယ်၊ ငါဟာ ငါ့ရဲ့ အောင်မြင်မှုအဟောင်းတွေထဲမှာ ယစ်မူးနေတုန်းပဲတဲ့၊ ငါဟာ အတိတ်ကိုပဲ ဖက်တွယ်ထားပြီး အတိတ်မှာပဲ ဝဲလည်နေတယ်တဲ့လေ။

'ငါ့ရဲ့ အရင်ဆုံးတုံ့ပြန်ချက်က သူပြောနေတာတွေကို ပေယျာလကန်ပြုထားလိုက်ဖို့ပဲ၊ ဘာကြောင့်လဲဆိုတော့

http://www.cherrythitsar.org



ငါ့မှာ တခြားလုပ်စရာ စီမံကိန်းတွေ အများကြီးရှိတယ် ဆိုတာကို သိနေတာကိုး။

'ဒါပေမယ့် ဇာတ်လမ်းထဲမှာ အဘိုးအိုပြောတဲ့စကား တစ်ခွန်းကို ပြန်သတိရမိတယ်၊ '*သင် အတိတ်ကနေ သင်ခန်းစာတွေ ထုတ်ယူလို့ရတယ်၊ ဒါပေမယ့် အတိတ်မှာ မွေ့ပျော်နေတာကတော့ အမြော်အမြင်ရှိရာမရောက်ဘူး*' ဆိုတာလေ၊ နောက်တော့ ငါသိချင်စိတ်တွေ ပေါ်လာတယ်၊ ငါ အတိတ်မှာမွေ့ပျော်နေတဲ့ အချိန်တွေ သိပ်ကြာလွန်းမက ကြာနေပြီလားလို့။

'နောက်ပြီး အနာဂတ်အကြောင်းတွေးပြီး အရမ်းပူပန် သောကပွားနေခဲ့တယ်၊ အနာဂတ်အတွက် ငါ ဘာမှမပြင်ဆင်ရသေးဘူးလို့ စိတ်ထဲ ခံစားရတယ်လေ'

ထို့နောက် သူက ရယ်ရယ်မောမောဖြင့် ဆက်ပြောသည်။

'ငါဟာ လက်ရှိပစ္စုပ္ပန်ကလွဲရင် တခြားနေရာအများစုမှာ လျှောက်ပြီး အချိန်ဖြုန်းနေမိတယ် ထင်တာပဲ။

'ဘာပဲဖြစ်ဖြစ်လေ၊ လက်ဆောင်မွန်ဇာတ်လမ်း အကြောင်း ငါစဉ်းစားခဲ့ပါတယ်၊ အထူးသဖြင့် အဆုံးသတ် အပိုင်းပေါ့'

'ဘယ်အခန်းလဲဟဲ့'

ဘီလ် မေးလိုက်၏။

http://www.cherrythitsar.org



'ပစ္စုပ္ပန်မှာ ဖြစ်ကည်နေထိုင်ခြင်းဆိုတာ၊ မင်းရဲ့ လက်ကလေး ရည်မှန်းချက်က ဘာလဲဆိုတာ သတိကပ်ပြီး အဲဒီ ရည်မှန်းချက်အတိုင်း တုံ့ပြန်ဆောင်ရွက်တာပဲ ဆိုတာကို ပုဂ္ဂိုလ်ကြီး သဘောပေါက်သွားတဲ့အပိုင်းပေါ့။

'အရင်တုန်းကတော့ ဒီအကြောင်း ငါ သိပ်နား မလည်ခဲ့ဘူး၊ ဒါပေမယ့် မကြာခဏဆိုသလို လှုပ်ရှားနေတာ အားလုံးရပ်ပြီး ကိုယ့်ကိုယ်ကို ပြန်မေးမိတယ်၊ 'ငါ့ရဲ့ လက်ကလေး ရည်မှန်းချက်က ဘာလဲ၊ နောက်ပြီး အဲဒီ ရည်မှန်းချက် လက်တွေ့အကောင်အထည် ပေါ်လာအောင် ငါ ဘာတွေလုပ်နေသလဲ' လို့။

'အဲဒီအခါမှာ ငါ့မှတ်စုတွေ ပြန်ဖတ်ပြီး ပြန်သုံးသပ်မိတယ်၊ ပြီးတော့ ပိုပြီး နားလည်လွယ်အောင် ပြန်ရေးတယ်၊ ငါ သိနားလည်ထားတာတွေကို လက်တွေ့အသုံးချလို့ရအောင် ဖြည့်စွက်တာကလေးတွေ လုပ်တယ်၊ အဲဒီနောက် အဲဒီကျင့်စဉ်ကို ကျင့်သုံးကြည့်တော့တာပဲ။

‘ပထမဦးဆုံးအကြိမ် ကျင့်သုံးကြည့်တာ အိမ်မှာဟဲ့၊ တစ်မနက် ရုံးလာဖို့ အိမ်မှာပြင်ဆင်နေတုန်းပေါ့၊ မနက်စောစောစားချိန် ငါ့သားကလေးက သူ့ကို တယုတယ ဂရုစိုက်စေချင်တဲ့ အချိန်မှာ ငါက အမြဲလို အလုပ်များနေတတ်တာဟဲ့။

‘ဒါပေမယ့် ပစ္စုပ္ပန်ကို မြင်အောင်ရှုလာတဲ့အခါကျ ငါ့ရဲ့ ရည်မှန်းချက်ကိုသိမြင်လာတယ်၊ အဲဒီအခါကျငါ့သားလေး လိုအပ်နေတဲ့အလေးထားဂရုစိုက်မှုတွေကို ငါပေးအပ်နိုင်စွမ်းရှိလာတယ်၊ ပစ္စုပ္ပန်မှာ သူနဲ့ အမှန်တကယ် အတူရှိနေအောင် ကျင့်ကြံနိုင်စွမ်းရှိလာတယ်၊ ယခုလက်ရှိပစ္စက္ခကာလမှာ သူ့အတွက် အရေးကြီးနေတာတွေကို ငါ ဂရုတစိုက် နားထောင်တယ်၊ အဲဒီလိုနေလိုက်တော့ သားလေးရော ငါပါ စိတ်ချမ်းသာရတာပေါ့ဟယ်၊ ခုတော့ ငါတို့သားအမိ ကြည်နူးပျော်ရွှင်ရတဲ့ အဲဒီအချိန် မျိုးတွေ ခဏ ခဏ ရလာပြီလေ။

‘ပစ္စုပ္ပန်မှာ လုံးလုံးလျားလျား ပျော်ဝင်နေတိုင်ဖို့ အတွက် အားထုတ်တယ်ဆိုရုံကလေး အားထုတ်ရတာ သိလာပြီး ဒီလို လိုက်နာကျင့်ကြံလိုက်တဲ့အတွက် ထူးခြားမှုတွေ ဘယ်လောက်သိသိသာသာ ဖြစ်လာတယ်ဆိုတာ တွေ့ရတော့ ငါ မယုံနိုင်လောက်အောင် အံ့သြမိတယ်ဟဲ့’

လစ်ဇ်က သူ့စကားကို ဆက်ပြန်သည်။

'ဒီဇာတ်လမ်းရဲ့ အကျိုးသက်ရောက်မှုဟာ ငါ့အပေါ်မှာသာမဟုတ်ဘဲ၊ ဒီဇာတ်လမ်းကို ငါပြောပြခဲ့တဲ့ တခြားလူတွေ အပေါ်မှာလည်း အကျိုးသက်ရောက်နေတာတွေ့ရတော့ ငါမှာ အံ့သြပြီးရင်း အံ့သြရပြန်ရော'

'တခြားလူတွေ၊ ဟုတ်လား'

ဘီလ်က မေးသည်။

'အင်း၊ ဥပမာပြောရရင် တစ်နေ့မှာ ငါတို့ရဲ့ထိပ်တန်းအရောင်းသမားတစ်ယောက်ကို ကြည့်ရတာ စိတ်ဓာတ်ကျပုံပေါက်နေတယ်၊ ဒါနဲ့ ငါတို့ အတူ ကော်ဖီသောက်ကြရအောင်လို့ အကြံပေးလိုက်တယ်။

'သူ ဘာစိတ်ညစ်နေသလဲလို့ ငါမေးတော့ သူက ပြောတယ်၊ သူ ကော်မရှင်ရတဲ့ ပမာဏဟာ လွန်ခဲ့တဲ့နှစ် ဒီအချိန်မှာရတဲ့ ငွေရဲ့ တစ်ဝက်လောက်ပဲရှိတယ်တဲ့၊ အဲဒါ ဘာဖြစ်လို့လဲလို့ ငါက မေးတယ်၊ ဒီတော့ သူက 'လက်ရှိ ဈေးကွက်အနေအထားက အရမ်းဆိုးနေတယ်၊ ဒီလိုအခြေအနေမျိုးမှာ ဘယ်သူမှ စွံအောင် ဈေးမရောင်းနိုင်ကြဘူး ဆိုတဲ့ စကားမျိုး ပြောတယ်လေ။

http://www.cherrythitsar.org



'ဒီနောက် သူ့ဒေါသတွေ တဖြည်းဖြည်း ဆူပွက်လာ တော့တယ်၊ 'ကျွန်တော့် အထက်လူကြီးက ကျွန်တော် ခါကိုင်းလို အရောင်းစံချိန်မတင်နိုင်တာဟာ ကျွန်တော့် ဘက်က အားထုတ်မှု အရှိန်လျော့လာလို့တဲ့လေ၊ သူ ပြောတာ ကျွန်တော် မယုံဘူး၊ လွန်ခဲ့တဲ့နှစ်က ဒီကုမ္ပဏီ အတွက် ကျွန်တော်ရှာပေးခဲ့တဲ့ငွေပမာဏဟာ နည်းနည်း နောနောမှ မဟုတ်ဘဲ၊ သူကို့ ဒါကျတော့ ထည့်တွက်ဖို့ မကောင်းဘူးလား' လို့ သူက ပြောတယ်။

'ဒီတော့ ငါက သူ့ကို လက်ဆောင်မွန်ဇာတ်လမ်း ပြောပြလိုက်တယ်၊ အင်း၊ အဲဒီလို ပြောပြခဲ့တာ လွန်ခဲ့တဲ့ သီတင်းပတ် သုံးပတ်ကျော်ကျော်ကလေ၊ ဒီနောက် ဟို တစ်နေ့ကပဲ ဒီလူ ငါ့ဆီ ခဏတဖြုတ် ဝင်လာတယ်၊ မျက်နှာကြီးက ပြုံးလို့၊ ဒါနဲ့ 'မင်း ဘာတွေပြုံးနေတာလဲ' လို့ ငါက မေးလိုက်တယ်။

'ကျွန်တော် မကြာခင်ကလေးကပဲ တုကြီးထည်ကြီး နဲ့ အရောင်းအဝယ်တစ်ခု ဖြစ်သွားတယ်ခင်ဗျ' လို့ သူက ကြွေးကြော်တယ်၊ ကိုနှစ်ယောက် ခဏတဖြုတ် စကားပြော ဖြစ်ကြတယ်၊ သူက သူ့လုပ်ငန်းကိုင်ငန်း ပိုကောင်းလာ တယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ အတိုက်ကိုစွန့်ခွာပြီး ပစ္စုပ္ပန်မှာ ပိုပြီး မျှားမျှားနေဖြစ်အောင် ဘယ်လိုလုပ်ရမယ် ဆိုတာကို ဇာတ်လမ်းထဲက ပညာယူထားလို့ပဲတဲ့လေ။

http://www.cherrythitsar.org



'ဟိုကုန်းက သူ ဘယ်လောက်ဝင်ငွေကောင်းခဲ့ပြီး ခု ဘယ်လောက်ဝင်ငွေကျနေတယ်ဆိုတာ တွေးမိတဲ့အခါ သူ ဒေါသထွက်လာတယ်၊ အဲဒါကို သူ့ဖောက်သည်တွေက ရိပ်မိတာပေါ့လို့ သူက ပြောတယ်။

'သူက ခုတော့ ကျွန်တော့်ဖောက်သည်ရဲ့ မျက်နှာပေါ်မှာ အဆိုးမြင်တဲ့ အကြည့်မျိုးတွေ တွေ့ရတဲ့အချိန်မှာ ကျွန်တော့်ခေါင်းထဲမှာ ဘာတွေးနေသလဲဆိုတာ စိတ်မှတ်နဲ့ မှတ်ထားလိုက်တယ်၊ တွေးလေ့ရှိတာကတော့ လွန်ခဲ့တဲ့နှစ်နဲ့စာရင် ဘယ်လောက်ရောင်းရေးဝယ်တာတွေ ကျဆင်းတဲ့အကြောင်း တွေးနေတာချည်းပါပဲဗျာ။

'အဲဒီနောက် ကျွန်တော့်ကိုယ် ကျွန်တော် မေးကြည့်တယ်၊ ကျွန်တော့်ရဲ့ လက်ကလောရည်မှန်းချက်ကဘာလဲ၊ နောက်ပြီး ကျွန်တော့် အရောင်းစံချိန်ကိုမီအောင် ငါဘာလုပ်နေသလဲ၊ ဒါမှမဟုတ် ငါဟာ ငါ့ဖောက်သည်ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေရဲ့လားလို့။

'ခု နောက်ပိုင်း ဆက်တိုက်လို ဖြစ်လာတာက ကျွန်တော် အိပ်ရာကနေ လန့်နိုးလာပြီး အသိအမြင်တစ်ခု ရလာတာပဲ၊ ကျွန်တော့်ရဲ့ ပူပန်သောကတွေ၊ စိုးရိမ်ကြောင့်ကြတွေဟာ ဖောက်သည်တွေအတွက် အရေးပါ အရာရောက်တာတွေ မဟုတ်ပါကလား၊ ငါ့ရည်မှန်းချက်က ငါ့ဖောက်သည်တွေ လိုအပ်တာကို ရအောင် ဆောင်ရွက်ပေးဖို့ပဲဆိုတာ သဘောပေါက်လာတယ်။

http://www.cherrythitsar.org



'ကျွန်တော် အတိုက်ထဲက ရှန်းထွက်ပြီး ပစ္စုပ္ပန်မှာ လုံးလုံးလျားလျား အာရုံပြုထားတဲ့အခါကျတော့ ကျွန်တော့် ဖောက်သည်တွေရဲ့ လိုအင်ဆန္ဒကိုလောလောဆယ်ဘယ်လို ဖြည့်ဆည်းပေးလို့ရမလဲဆိုတဲ့အပေါ်မှာ အာရုံစူးစိုက်နိုင် လာတယ်၊ အဲဒီလိုလည်း အာရုံစိုက်နိုင်လာရော အပ်ချ် လောင်း... အရောင်းအဝယ်တွေ ဖြစ်လာတော့တာပဲ' တဲ့။

'သူဖော်ထုတ်တွေ့ရှိလာတာကတော့ သူ့အနေနဲ့ ဒီနေ့ သူလုပ်လို့ရတဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ဖို့ဆိုတာပဲ၊ သူ တကယ်တမ်း ထိန်းချုပ်နိုင်တာလည်း ဒါပဲရှိတယ်မဟုတ်လား။

'ဒီဇာတ်လမ်းက သူ့ကို ဘယ်လောက် အကျိုးပြု လိုက်တယ်ဆိုတာ အံ့သြလို့ မကုန်နိုင်ဘူးတဲ့လေ၊ သူက ပြောသွားတာ။

'နောက်ပြီး သူက ပြောသေးတယ်၊ ဒီအကြောင်းကို သူ ဖော်ထုတ်သိလိုက်တာနဲ့ သူ ခံစားနေရတဲ့ စိတ်ဖိစီးမှု တွေ ပေါ်သွားတော့တာပဲတဲ့၊ နောက်တော့ သူဟာ လက်ရှိလုပ်နေတာကို ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်နူးနူးနဲ့ လုပ်နိုင်လာတော့တယ်ဆိုပဲ။

http://www.cherrythitsar.org



'သူက ဓာတ်လမ်းထဲကနေ ကောက်နုတ်ကိုးကား ချက်တွေ တော်တော်များများတောင် ထုတ်ထားတာပေါ့၊ ယုတ်စွအဆုံး သူမှတ်မိတဲ့ပုံစံအတိုင်း ရေးမှတ်ထားတာပေါ့၊ ပြီးတော့ အဲဒီမှတ်စုတွေကို သူ့ရုံးခန်းနံရံပေါ်မှာ ကပ်ထား တယ်၊ ငါတောင် မြင်ခဲ့သေးတယ်'

ဘီလ်က သူ့မိတ်ဆွေမ ကို ကြည့်သည်။ ပြီးတော့ ပြုံးလိုက်သည်။

'အဲဒါ သိပ်ကောင်းတာပေါ့၊ လက်ဆောင်မွန် အကြောင်း ကခြား ဘယ်သူ့ကို ပြောပြသေးလဲ'

'အမှန်အတိုင်းပြောရရင် ပြောပြခဲ့တာပေါ့ဟဲ့'

ပြီးမှ လစ်ဇ်က ဆက်ပြောသည်။

'များမကြာမီက ရုံးက ငါ့မိတ်ဆွေတစ်ယောက်ဟာ စိတ်ဆင်းရဲစရာကောင်းတဲ့ လင်မယားကွာရှင်းပြတ်စဲမှု ကြီးနဲ့ ကြုံခဲ့ရတယ်၊ သူ့ခများ ထိခိုက်နစ်နာမှုလည်းဖြစ်ရ၊ နာကြည်းခံခက်လည်း ဖြစ်ရပေါ့ဟယ်၊ အဲဒီ စိတ်ဝေဒနာ တွေက သူ့အလုပ်ကို သက်ရောက်မှုဖြစ်ကုန်တော့တာ ပေါ့၊ သူ ကိုင်ထားတဲ့ စီမံကိန်းနှစ်ခုဟာ နောက်ကျနေပြီ၊ နောက်ပြီး နာမကျန်းခွင့်တွေ ခဏခဏ ယူလွန်းတော့ သူ့အထက်လူကြီးက သိပ်မကြည်တော့ဘူးပေါ့။

'ဟိုတစ်ညကတော့ ငါ သူ့အိမ်ကို သွားတယ်၊ ခဏ တစ်ဖြုတ် စကားပြောကြတယ်၊ နောက်တော့ ငါ သူ့ကို လက်ဆောင်မွန်ဇာတ်လမ်း ပြောပြလိုက်တယ်။

'နောက် သုံးလေးရက်ကြာတော့ ငါ့မိတ်ဆွေက ငါ့စားပွဲပေါ်မှာ ခွက်တစ်ခွက် လာတင်တယ်၊ သူ ပစ္စုပ္ပန်မှာ စိတ်မတည်နိုင်တဲ့အခါတိုင်း၊ နောက်ပြီး သူတို့ရဲ့ကွာရှင်းပြတ်စဲမှုအကြောင်း တွေးမိပြီး သူ့ခင်ပွန်းဟောင်းကို စိတ်ဆိုး ဒေါသထွက်မိတိုင်း သူ ငါ့ရုံးခန်းကိုလာပြီး စားပွဲပေါ်က ခွက်ထဲမှာ တစ်ဒေါ်လာ တစ်ဒေါ်လာ ထည့်မယ်တဲ့။

'ဒီခွက်ထဲကို တစ်ဒေါ်လာ မထည့်ရတော့ဘူးဆိုတဲ့အခါမှာ ငါတို့ ညစာထွက်စားမယ်တဲ့၊ အဲဒီညစာကို သူဒကာခံမယ်တဲ့ သူက ပြောလည်း ပြော၊ ရယ်လည်းရယ်ပေါ့၊ ငွေကုန်ကြေးကျများမယ့် ညစာစားပွဲအတွက် ကာမိလောက်အောင် ခွက်ထဲမှာ ငွေတွေရောက်နေမှာပါတဲ့လေ။

'ကနဦးပိုင်း သီတင်းပတ်တွေမှာ သူဟာ တစ်နာရီတစ်ခါလောက် လာပြီး တစ်ဒေါ်လာ ထည့်နေရတာကလား၊ သူ့ဘဝ ဘယ်လိုဖြစ်ခဲ့ရင်ကောင်းမှာ၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ တွေးမိတိုင်း လာနေရတာဆိုတော့ တစ်ခါလာရင် တစ်ဒေါ်လာ၊ နှစ်ဒေါ်လာ ဒါမှမဟုတ် သုံးဒေါ်လာ ထည့်သွားရတာပဲ၊ ဒါပေမယ့် ထည့်ရတဲ့ ဒေါ်လာအရေအတွက် လျော့ကျသွားတယ်၊ ဒီတစ်ပတ်တော့ မယုံချင်စရာဖြစ်လောက်အောင် ခွက်ထဲ တစ်ဒေါ်လာမှ မထည့်ရတော့ဘူး။

http://www.cherrythitsar.org



'ဟိုတစ်နေ့ကတော့ သူက ပြောပြခဲ့တယ်၊ အတိတ်က အကြောင်းတွေကို စားမြုံ့ပြန်နေတဲ့နည်းနဲ့ သူ ဘယ်လောက် အချိန်ကုန် ငွေကုန်နေတယ်ဆိုတာကို အကောင်အထည်နဲ့ တွေ့ရမြင်ရမှ သူ့ဟာ သူ့ကိုယ်သူဘယ်လောက်နစ်နာအောင် လုပ်နေခဲ့မိတယ်ဆိုတာ သဘောပေါက်လာတော့တယ်တဲ့။

'သူဟာ သူ့အလုပ်ကိုအာရုံမစိုက်နိုင်ဘူး၊ သူ့မိတ်ဆွေတွေက သူ့ညည်းတာညူတာကို စိတ်ပျက် ငြီးငွေ့နေပြီ၊ သူ့ရဲ့ စွမ်းအားတွေက အောက်ဆုံးထိကျဆင်းနေပြီ။

'သူလုပ်နေပုံက သူ့ရည်မှန်းချက်ဟာ သူ့ကိုယ်သူထိခိုက်နစ်နာအောင် လုပ်နေဖို့၊ သူ့ကိုယ်သူ နာကြည်းဒေါသ ထွက်နေဖို့လို ဖြစ်နေတယ်၊ အဲ၊ လုပ်စရာရှိတာဆက်လုပ်ဖို့၊ ကိုယ့်ဘဝ ကြီးပွားတိုးတက်အောင် လုပ်ဖို့တော့ စိတ်မကူးဘူးလေ။

'သူက ပြောတယ်ဟဲ့၊ အတိတ်ကို စွန့်လွှတ်နိုင်လေ ပစ္စုပ္ပန်မှာ အာရုံစိုက်နိုင်လေ ဖြစ်လာတယ်တဲ့။

'ထွန်းတောက် ပြောင်မြောက်တဲ့ အနာဂတ်ဘဝ ဘယ်လိုနေမယ်ဆိုတာကို စိတ်ကူးပုံဖော်ကြည့်ရတာဟာ ထူးထူးခြားခြား အကျိုးရှိတယ်လို့လည်း သူက ပြောတယ်ဟဲ့။

'ခုဆိုရင် သူ့ရုံးကနေ အိမ်ကို ကားမောင်းပြန်လာတဲ့အခါ သူအစီအစဉ်ဆွဲလာတာက အိမ်ပြန်ရောက်ရင် သူ့

http://www.cherrythitsar.org



ကလေးတွေနဲ့ ဘယ်လိုနေလိုက်မယ်ဟဲ့ ဆိုတာပဲ ဖြစ်နေတော့တယ်။

'အိမ်ရောက်လို့ ကားပေါ်က မဆင်းမီနဲ့ အိမ်ထဲ လှမ်းမဝင်မီကလေးမှာ ခု ကြုံရတော့မယ့် နာရီပိုင်းတွေ အတွင်း သူ့မိသားစုနဲ့ ဘယ်ပုံဘယ်နည်းနေလိုက်ချင်တယ် ဆိုတာကို စိတ်ကူးပုံရိပ်ဖော်ကြည့်တော့တာပဲ၊ အဲဒီလို အာရုံစိုက်ထားနိုင်တဲ့အတွက် သတင်းစာဖတ်ဖို့ ဒါမှမဟုတ် ရုပ်မြင်သံကြား ကြည့်ဖို့တောင် အာရုံ မပျံ့နိုင်တော့ဘူး ဆိုပဲ။

'ခုတော့ သူ့အိမ်မှာနေရတာ သူ ပျော်ရွှင်ကြည်နူးနေပြီ၊ နောက်ပြီး မေတ္တာထုထည်ကြီးမားတဲ့ မိခင်ဘဝကို ခံယူထားပြီ၊ ခုတော့ သူ့ကိုယ်သူ အရင်ကထက်ပိုပြီး စိတ်ဖြေ ကိုယ်လျှော့နေနိုင်သူတစ်ဦးအဖြစ် ပြန်မြင်နိုင်လာပြီ။

'ခုဆို၊ သူ့အိမ်မှာ အနေအထားတွေ ဘယ်လောက်ကောင်းလာသလဲဆိုတာ ကြည့်ပြီး သူ့မှာ ရင်သပ်ရှုမောဖြစ်နေရတာကလား။

'အထူးကလည်း ပြောနေဖို့ မလိုတာက ငါ့မိတ်ဆွေဟာ လုပ်ငန်းခွင်မှာလည်း ပြောင်ပြောင်မြောက်မြောက် လက်စွမ်းတွေပြနေတာပဲ၊ သူ့တိုးတက်မှုကို လူတော်တော်များများက သတိပြုမိကြတယ်၊ အထူးသဖြင့် သူ့အလုပ်ရှင်ကပေါ့။

http://www.cherrythitsar.org


'ဒီမနက်တော့ သူ ငါ့ရုံးခန်းထဲဝင်လာပြီး ပြောတယ် ဟဲ့၊ 'ကြည့်ရတာ နောက်တစ်ပတ်ဆိုရင်တော့ ကို့နှစ်ယောက် ညစာစားပွဲ ပွဲကြီးပွဲကောင်း နွှဲရတော့မယ်ပုံပဲ၊ ငါ ကျွေးမှာနော်' တဲ့'

'ဟာ၊ အဲဒါ သိပ်ကောင်းတာပေါ့ လစ်ဇ်'

ဘီလ်က ပြောသည်။

'ဒါပေါ့၊ မဟုတ်ဘူးလား'

လစ်ဇ် ပြန်ပြောသည်။

ထို့နောက် သူ့စကားကို ထပ်ဖြည့်သည်။

'ငါ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ငါတို့လုပ်ငန်းခွင်မှာ ဘယ်လောက် တိုးတက်လာသလဲဆိုတာရယ်၊ အဲဒီလို ဖြစ်လာတာဟာ လက်ဆောင်မွန် ကနေ ပညာယူနိုင်လို့ ဆိုတာရယ်ကို ငါ့ယောကျ်ားကို ပြောပြခဲ့တယ်၊ သိလား။

'ငါ့ယောကျ်ားက အမြဲတမ်း စိုးရိမ်သောကပွားနေ တာဟဲ့၊ ကုန်ကျစရိတ်တွေကြေအောင် ဘယ်လိုပေးဆပ်ကြ မလဲဆိုတာလေ၊ သူ့ အမြွာပူးကလေးနှစ်ယောက်ကဖြင့် ငါးနှစ်ပဲ ရှိသေးတယ်၊ ဒါပေမယ့် သူတို့ရဲ့ တက္ကသိုလ်စရိတ် ကာမိအောင် ဘယ်လိုရှာကြမလဲဆိုတာမျိုးပေါ့။

http://www.cherrythitsar.org



'သူက ရာထူးတိုးဖို့ကိုလည်း တယ်ပြီး မက်မော စွဲလမ်းတာကိုး၊ ဒါမှ အိမ်ကြီးကြီးတစ်လုံး ငယ်နိုင်အောင် လို့လေ၊ သူ အလုပ်ကနေ အနားယူတဲ့အချိန်မှာ ငွေကြေး လုံလုံလောက်လောက် မစုမိမှာကိုလည်း စိုးရိမ်သေး တာဟဲ့။

'သူဟာ ကိုမိသားစုကို အလေးထားတယ်၊ ဂရုစိုက် တယ်၊ တာဝန်ယူတယ်၊ ဒီအတွက် ငါ သူ့ကိုချစ်တယ်၊ ဒါပေမယ့် သူ့ကိုယ်သူ သတိမထားမိဘဲ အဲဒီ စိုးရိမ်ပူပန် စိတ်တွေက သူ့ကို ဖိစီးနေတာ ငါက မြင်နေ တွေ့နေရ တယ်။

'ငါ သူ့ကို လက်ဆောင်မွန်ဇာတ်လမ်းကို အရမ်း ပြောပြချင်တာ၊ ဒါပေမယ့် သူ လိုလိုလားလား နားထောင် ချင်စိတ် မပေါ်သေးမချင်း မပြောသေးဘူးလို့ သန္နိဋ္ဌာန်ချ ထားတယ်။

'တစ်ညမှာတော့ သူ ငါ့ကို အဲဒီဇာတ်လမ်းအကြောင်း မေးလာတယ်၊ ဒါနဲ့ ငါက သူ့အကြိုက်ဆုံး ဝိုင်တစ်ခွက် ထည့်ပေးပြီး လက်ဆောင်မွန်ဇာတ်လမ်းပြောပြလိုက်တယ်။

'သူ လေးလေးစားစားမှ နားထောင်ရဲ့လားဆိုတာ ငါ မပြောတတ်ဘူး၊ ဒါပေမယ့် ငါပြောတာလည်းပြီးသွား ရော သူက ပြောတယ်ဟဲ့၊ 'ဒီဇာတ်လမ်းမှာ ငါကြိုက်တဲ့ အပိုင်းက မင်း အနာဂတ်အတွက် စီမံကိန်းချထားရင် မင်း စိုးရိမ်ပူပန်စိတ်တွေ လျော့သွားတယ်ဆိုတဲ့အပိုင်းပဲ၊

http://www.cherrythitsar.org



ဘာဖြစ်လို့လဲဆိုတော့ အနာဂတ်ဘဝကို မင်း သိနေပြီကိုး'
တဲ့။

'သူက မေးသေးတယ်၊ 'ပစ္စုပ္ပန်အကြောင်းပြောရာမှာ အဘိုးအိုပြောခဲ့တာ ဘာပါလိမ့်၊ *အနာဂတ်ကို ပစ္စုပ္ပန်ထက် သာလွန်ကောင်းမွန်စေချင်ရင် အနာဂတ်အတွက် စီမံကိန်း ချထားဖို့ အရေးကြီးတယ်*' တဲ့။

'အဲဒီနောက် သူက ထပ်ပြောတယ်၊ 'မင်းနဲ့ငါ အဲဒီလို ခဏခဏ မလုပ်ဖြစ်ကြဘူးနော်' တဲ့'

တို့နောက် လစ်ဇ် စကားဆက်ပြန်သည်။

'ခက်တာက သူပြောတာ မှန်နေတာပဲ၊ ငါလည်း အနာဂတ်အတွက် စီမံကိန်းချတာ လုပ်သင့်သလောက် မလုပ်ခဲ့ဘူး၊ အဲဒါဟာ ငါတို့ရဲ့ ကြီးမားတဲ့ ချို့ယွင်းချက် ကြီးပေါ့။

'ငါ့ယောကျ်ားက အကြံပြုခဲ့တယ်လေ၊ 'ကိုယ်တို့ နှစ်ယောက် စနေနေ့ မနက်ပိုင်းမှာ အချိန်အားရအောင် ဖယ်ထုတ်ပြီး ကိုယ်တို့ရဲ့ ငွေရေးကြေးရေးကိစ္စတွေကို ဝေဖန်သုံးသပ်ကြရအောင်လေ' တဲ့။

'ငါ သဘောတူလိုက်တယ်၊ 'လောလောဆယ်မှာ တော့ ကျွန်မတို့ရဲ့ ငွေကြေးဆိုင်ရာ မှတ်တမ်းမှတ်ရာတွေ စုစည်းထားလို့ရတယ်လေ၊ ပြီးတော့ ကျွန်မတို့ လိုအပ်မယ် ထင်တဲ့ စာရွက်စာတမ်းတွေပေါ့' လို့ ပြောလိုက်တော့ သူ ပျော်သွားပုံရတယ်ဟဲ့။

'ငါတို့နှစ်ယောက် ငွေကြေးဆိုင်ရာ စီမံကိန်းတစ်ခု သားသားနားနား ဆွဲခဲ့ကြတယ်၊ ကို့ စီမံခဲ့သမျှထဲမှာ အကောင်းဆုံး စီမံကိန်းတစ်ခုပဲ၊ ငါတို့နှစ်ယောက်ပစ်ပယ်ထားတဲ့ အလုပ်တွေ တော်တော်များများ တန်းစီပြီးလုပ်နိုင်ခဲ့ကြတယ်။

'အဲဒီ သီတင်းပတ်အကုန်ပိုင်းမှာ ငါ့ယောက်ျား ငါ့ဆီပေါက်ချလာပြီး အားရပါးရ ပွေ့ဖက်ထားတော့တယ်၊ သူ ဘာဖြစ်လို့ ဒီလောက် စိတ်ကြည်နေသလဲလို့မေးတော့ သူက 'ကိုယ် တော်တော်ကြီး စိတ်ချမ်းသာလာပြီကွ' တဲ့။

'ဘာဖြစ်လို့လဲ' လို့ ငါက မေးလိုက်တယ်။

'သူက 'ဇာတ်လမ်းအကြောင်း စဉ်းစားရင်း ကိုယ်သဘောပေါက်လာတာက ကိုယ်ဟာ အနာဂတ်အကြောင်း တွေးပူနေရတာနဲ့ ဒီကနေ့ လက်ရှိဖြစ်ထွန်းနေတဲ့ အနေအထားတွေကို ပျော်ရွှင်ခံစားနိုင်စွမ်း မရှိခဲ့ဘူး။

http://www.cherrythitsar.org



'ကိုယ်ဟာ ငွေပိုရရေးအတွက် ခါးကျိုးမတတ် ကျုံးရုန်း အလုပ်လုပ်နေခဲ့တယ်၊ ဒီနောက် ငါ ရုတ်တရက် သဘောပေါက်သွားတာက ခုနေမှာ တစ်နှစ်ဝင်ငွေဒေါ်လာ တစ်သန်းရလည်း ငါကို မဝယ်နိုင်တာ တစ်ခုမဟုတ် တစ်ခုတော့ ရှိနေဦးမှာပဲ' လို့။

'သူဟာ သူ့ အနာဂတ်စီးပွားရေးအတွက် ကျုံးရုန်း အလုပ်လုပ်နေပြီး ဇနီးမောင်နှံမိသားစုအတွက် ပျော်ရွှင်ချမ်းမြေ့မှု ခံစားဖို့တော့ အားမထုတ်မိပါကလားဆိုတာ သူ သဘော ပေါက်လာတယ်၊ တကယ်တော့ သူဟာ ဘာ့ကြောင့်ကြိုးစား ပမ်းစား အလုပ်လုပ်နေတယ်ဆိုတာကို မေ့လျော့ နေခဲ့တာ ကလား။

'ငွေရရှိရေးဟာ သူ့ ရည်မှန်းချက်လို သဘောထားပြီး သူ ပြုမူလုပ်ဆောင်နေခဲ့မိတယ်လို့ သူက ပြောပြတယ်၊ သူရှာလို့ရတဲ့ ငွေနဲ့ ကိုယ့်မိသားစုကို ချစ်ကြင်နာဖို့နဲ့ ကျွေးမွေးစောင့်ရှောက်ဖို့ ဆိုတာတွေကို မျက်ခြည်ပြတ်နေ ခဲ့တယ်လေ။

'သူက ပြောပါတယ်၊ 'ကိုယ့်အနေနဲ့ အနာဂတ် အကြောင်း မျက်ရမ်းမှန်းဆ တွေးပူနေမယ့်အစား တစ်နေ့ ချင်း တစ်နေ့ချင်းကို ချမ်းသာသုခ အပြည့်နဲ့ နေနိုင်ဖို့ လိုအပ်တယ်ဆိုတာ ကိုယ် နားလည်ပါတယ်၊ ကိုယ်တို့ ဘယ်လိုအိမ်မျိုးနဲ့ပဲနေနေ၊ ဒါမှမဟုတ် ဘယ်လိုကားမျိုးပဲ စီးနေနေ ကိုယ်တို့နှစ်ယောက် စိတ်ချမ်းသာ လက်ချမ်းသာ

http://www.cherrythitsar.org



ဖြစ်နေတာကို မြင်တွေ့နေသရွေ့ ကာလပတ်လုံး ကိုယ်တို့ရဲ့ သားသမီးတွေလည်း စိတ်ချမ်းသာနေကြမှာပဲဆိုတာ ကိုယ် သဘောပေါက်လာတယ်။

'လွန်ခဲ့တဲ့ စနေနေ့က ကိုယ်တို့လုပ်ခဲ့သလို အနာဂတ်အတွက် စီမံကိန်းချဖို့အရေးကြီးတာ မှန်ပါတယ်၊ ဒါပေမယ့် ကိုယ်တို့ အနာဂတ်မှာ သွားပြီး မွေ့လျော်မနေအပ်ဘူး၊ ခုတော့ အဲဒီနှစ်မျိုးရဲ့ ခြားနားချက်ကို ကိုယ်သိသွားပြီကွ' လို့ သူက ပြောတယ်ဟဲ့'

လစ်ဇ် တစ်ဖြုတ်မျှ ငြိမ်ကိုက်နေသည်။ သူ့ယောကျ်ားနှင့်ပြောခဲ့သည့် စကားတွေကို ပြန်တွေးနေသည်။

ဘီလ် ပြုံးလိုက်၏။ ပြီးမှ မေးသည်။

'နင် အဲဒီစဉ်စားတွေးခေါ်နည်းကို လုပ်ငန်းခွင်မှာ အသုံးချလို့ကော အောင်မြင်လို့လား'

'အောင်မြင်တာပေါ့'

လစ်ဇ် အဖြေပေးသည်။

'သိပ်မကြာသေးခင်ကပဲ အစီရင်ခံစာတစ်စောင် တက်လာတယ်၊ ငါတို့ရဲ့ ဆိုင်ခွဲတစ်ခုက ငါတို့ရဲ့အအောင်မြင်ဆုံး ထုတ်ကုန်တစ်ခုမှာ အရောင်းစံချိန်ထိုးကျနေတယ်ဆိုတဲ့ အကြောင်းလေ။

'ဒီတော့ ဇာတ်လမ်းထဲမှာပါသလိုပဲပေါ့ဟယ်၊ အသုံးစရိတ်တွေ ဖြတ်မယ်၊ လူတွေလျှော့မယ်ဆိုတဲ့ ကောလာဟလ သတင်းတွေ ထွက်လာတော့တာပေါ့။

http://www.cherrythitsar.org



'ဒီသင်္ကြန်ကာလ ကိုယ့်ကောက်ကောက်များများကို သောက်တွေ့ပွားစေတာပေါ့၊ ဘာကြောင့်ဆို ငါတို့ရဲ့မိတ်ဆွေတချို့ အလုပ်ပြုတ်ကုန်နိုင်တာကိုး၊ ဒီတော့ ဒီကိစ္စမှာ ငါဘာလုပ်လို့ ရမလဲလို့ ငါ့ကိုယ်ငါ မေးကြည့်တယ်၊ ငါတို့ ပိုမိုသစ်လွင်ပြီး ပိုမိုအရည်အသွေးမြင့်တဲ့ ထုတ်ကုန်တွေထုတ်ဖို့ အာရုံစိုက်ရမယ်ဆိုတာ ငါ သဘောပေါက်လာတာပေါ့။

'ဒါနဲ့ ရုံးတွင်း စာတစ်စောင် ထုတ်လိုက်တယ်၊ ငါတို့ရဲ့ အနာဂတ်ထုတ်ကုန်တွေအကြောင်း လူတိုင်း ဝိုင်းစဉ်းစားကြဖို့နဲ့ နောက်တစ်နေ့မနက်မှာ နှစ်နာရီကြာ အစည်းအဝေးလုပ်မယ့်အကြောင်း နှိုးဆော်လိုက်တယ်၊

'အစည်းအဝေးမှာ အားလုံး အားအပြည့် မာန်အပြည့်ပဲ၊ ငါ မှန်းထားတာထက် တစ်နာရီ ပိုကြာသွားတယ်၊ ဒါပေမယ့် နေ့လယ်စာစားချိန်လောက်အရောက်မှာ ငါတို့ လက်ခမောင်းခတ်ရလောက်တဲ့ ထွက်ရပ်လမ်းတစ်ခုရှာနိုင်ခဲ့ကြတယ်။

http://www.cherrythitsar.org



'အဲဒီနေ့ မွန်းလွဲပိုင်းမှာ ကန်ဖိုးရှိတဲ့ မွမ်းမံအကြံပေးချက်ကလေးတွေ တင်ပြဖို့ လူတွေလာကြတယ်။

'အနာဂတ်အတွက် စီမံကိန်းချခြင်းအားဖြင့် ငါတို့လုပ်ဖို့ လိုအပ်နေတာကို အောင်အောင်မြင်မြင် လုပ်လိုက်နိုင်တယ်ဆိုတာ ငါသိလိုက်ရတာပေါ့၊ အဲဒီနောက်တော့ ကိုကုမ္ပဏီရဲ့ လက်တလော လိုအပ်ချက်တွေပေါ်မှာပြန်ပြီး အာရုံစိုက်နိုင်၊ အရေးယူ ဆောင်ရွက်နိုင်လာတယ်လေ။

'အဲဒီနေ့ ရုံးဆင်းချိန်ကျတော့ ငါ့သမီးကန်ရမယ့် ဘောလုံးပွဲကို သွားတယ်၊ အဲဒီမှာရှိနေတုန်း ငါပစ္စုပ္ပန်မှာပဲ အာရုံစိုက်ထားတယ်၊ ဆိုလိုတာက ငါတို့ရဲ့ အနာဂတ်ထုတ်ကုန်တွေအကြောင်း ဘေးချိတ်ထားပြီး ငါ့သမီးကိုပဲ ငါ အလေးထား အာရုံစိုက်ထားတယ်၊ တို့ရဲ့ထုတ်ကုန်တွေကိစ္စက မနက်ဖြန်မှာ ဆက်ပြီး ကြံဆလို့ရတယ်လေ။

'ဘောလုံးပွဲလည်း ပြီးသွားရော ငါ့သမီးဆီသွားပြီး ကိုယ်တိုင်ကိုယ်ကျ ချီးကျူးစကားပြောနိုင်ခဲ့တယ်၊ အရင်တုန်းက တစ်ခါမှ မရောက်ခဲ့ဘူးတဲ့ သူ့ဘောလုံးပွဲကို အရောက်သွားနိုင်ခဲ့တယ်၊ ပစ္စုပ္ပန်အရေးကို ဦးစားပေးတတ်လာတယ် ဆိုပါတော့။

http://www.cherrythitsar.org



'တစ်ခုတော့ရှိတယ်၊ လောလောလတ်လတ် အရေးကြီးနေတာတွေက အမှန်မရှိဘူး၊ ပြောင်းလဲနေတယ်ဆိုတာလည်း ငါ သဘောပေါက်တယ်၊ ဒါပေမယ့် ငါ့ရဲ့ယောဘုယျ ရည်မှန်းချက်က ငါ လုပ်သမျှကိုင်းကို ကြည်လင်ပြတ်သားတဲ့ လမ်းညွှန်ချက်တွေ ပေးနိုင်ခဲ့တယ်လေ။

'လက်တလော ရင်ဆိုင်နေရတဲ့ ကိစ္စကို စူးစိုက်အာရုံပြုထားရင် လုပ်ကိုင်ဆောင်ရွက်ရတာ ပိုအဆင်ပြေတာ ငါတွေ့ရတယ်။

'အဲဒီလို သိလာတာ ငါတစ်ယောက်တည်းမဟုတ်ဘူးနော်၊ အဲဒီလို ပြုမူကျင့်ကြံရင် အကျိုးရှိတယ်ဆိုတာကို ငါ့ လုပ်ငန်းခွင်ကရော ငါ့ မိသားစုတွေထဲကပါ လူတော်တော်များများ သိနေကြပြီပဲ'

'နင့်မှတ်စုတွေ သူတို့ကိုရော ပေးဖတ်ရဲ့လား'

ဘီလ်က မေးသည်။

'ပေးဖတ်တာပေါ့'

လစ်ဇ် ပြန်ဖြေသည်။

'ငါ့မှတ်စုတွေကို အကျယ်ချဲ့ပစ်တယ်၊ နောက်ပြီး ဇာတ်လမ်းကိုပါ ငါ မှတ်မိသလောက် ရေးထားတယ်၊ ပြီးတော့ လူ အတော်များများကို ပေးဖတ်တယ်။

http://www.cherrythitsar.org



‘ဒီဇာတ်လမ်းကို ကြားရသူတိုင်း၊ ဒါမှမဟုတ် ဖတ်ရသူတိုင်း အကျိုးရှိသွားတယ်လို့ ပြောလို့မရဘူးဆိုတာတော့ ငါ ဝန်ခံရမယ်ဟဲ့၊ ဒီဇာတ်လမ်းကပေးတဲ့ အသိပညာတွေကို လက်မယူတတ်သူ အနည်းအကျဉ်း ရှိမှာရှိတယ်ပေါ့။

‘ဒါပေမယ့် နားလည်သဘောပေါက်သူတွေကတော့ ကုမ္ပဏီအပေါ် သိသိသာသာ အကျိုးပြုလာတယ်၊ ပြောကြစကားဆိုရင် ကွာခြားမှုက ကြီးကြီးမားမားကို ဖြစ်လာတာကလား’

ပြီးမှ လစ်ဇ်က အကြံပြုသည်။

‘တစ်ခါလောက် နင်ကိုယ်တိုင် လာကြည့်ပါလားဟယ်’

ဘီလ်က လာချင်ကြောင်းပြောသည်။ မကြာမီအတွင်း လာဖြစ်အောင် စီစဉ်မည်ဟုလည်း ကတိပြုသည်။

ထိုနောက် လစ်ဇ်က နာရီကို ကြည့်သည်။ သူ ပြန်သွားရဦးမည်ဖြစ်ကြောင်း သဘောပေါက်သည်။ သူက ချက်လက်မှတ်ကို ကောက်ကိုင်ရင်း ပြောသည်။

‘လက်ဆောင်မွန် ဇာတ်လမ်းက ငါတို့ကို အစစအရာရာ ပြုပြင်ပြောင်းလဲပေးလိုက်တာပေါ့၊ ဒီဇာတ်လမ်းကလေး ပြောပြဖော်ရတဲ့အတွက် ငါ နင့်ကို တကယ့်ကျေးဇူးတင်တယ် ဘီလ်’

‘ရပါတယ် လစ်ဇ်ရယ်’

http://www.cherrythitsar.org



ဘီလ်က ပြောသည်။

'ဒီဇာတ်လမ်းကို အကျိုးရှိရှိ အသုံးချနိုင်တာ ဝမ်းသာပါတယ်ဟာ။

'နောက်ပြီး လူတွေ ပစ္စုပ္ပန်မှာ ဖြစ်တည်နေထိုင်နိုင်လေ သူကိုယ်ရော၊ သူကိုမိသားစုတွေရော နောက်ပြီး သူကိုရဲ့ အဖွဲ့အစည်းတွေပါ အကျိုးခံစားရမယ်ဆိုတာ၊ နင် အသိအမှတ်ပြု လက်ခံလာတာ မင်္ဂလာတစ်ပါးပါ လစ်ဒ်'

'အင်း၊ ငါ စီမံကိန်းတစ်ခု အကောင်အထည်ဖော်နေချိန်ပဲဖြစ်ဖြစ်၊ ငါ့မိသားစုနဲ့ ငါ ပျော်ရွှင်ကြည်နူးနေချိန်ပဲ ဖြစ်ဖြစ် ဒီဇာတ်လမ်းကလေးကို ကိုယ့်ရဲ့ လမ်းညွှန်ချက်အဖြစ် အသုံးပြုလို့ရတယ်လေ။

'ဒီဇာတ်လမ်းက စိတ်ဓာတ်တက်ကြွမှုတွေ အကြီးအကျယ် ဖော်ဆောင်ပေးနိုင်ပြီး လက်တွေ့ကျတဲ့ လမ်းညွှန်ချက် တစ်ခုပါပဲ။

'ငါကတော့ ဒီလမ်းညွှန်ချက်တွေကို ငါ့ကုမ္ပဏီအတွက် ဆက်ပြီး အသုံးပြုဖြစ်အောင်ကို အသုံးပြုဦးမှာ၊ အလုပ်ဖြစ် အကျိုးရှိတဲ့ နည်းနာတစ်ခုခုကို နင် တွေ့တဲ့ အခါ ဒီနည်းကို လူများနိုင်သလောက် များများ၊ မြန်နိုင်သလောက် မြန်မြန် အသုံးပြုစေချင်တာပေါ့။

# (၁၅၂)

'လုပ်ငန်းခွင်မှာရော အိမ်မှာပါ လူတွေ ပျော်ရွှင်ကြတယ်၊ ပြီးတော့ အောင်မြင်မှုရကြတယ်ဆိုရင် လူတိုင်းရဲ့ ဘဝဟာ ပိုပြီး သာယာချမ်းမြေ့လာတာပေါ့'

ဘီလ် ပြုံးလိုက်သည်။ ပြီးမှ ပြောသည်။

'ဟေ၊ ငါ့သူငယ်ချင်း 'ဒေါ်သဲသဲယ' တစ်ယောက် ဘယ်လိုဖြစ်သွားတာလဲဟ'

လစ်ဇ်က ဘီလ်ကို ပြန်ပြုံးပြသည်။ ပြီးမှ ဖြေသည်။

'ဖြစ်နိုင်တာကတော့ ဒီမိန်းမ သူ့ကိုယ်သူ ပြန်ပေးလိုက်တာ ဖြစ်မယ်ဟဲ့၊ ဘာပြန်ပေးလိုက်သလဲဆိုတော့

'လက်ဆောင်မွန်လေ'

စာရှုစ်သူများအား လေးစားလျက်

၆၊ ၁၁၊ ၂၀၀၃။ **မြတ်ငြိမ်း**

http://www.cherrythitsar.org

## မြန်မာပြန်သူ၏
## စာပေ နှင့် ဘဝဖြစ်စဉ် မှတ်တမ်း

၁၉၃၉ ။ဘီအိုစီ၊ အငယ်တန်းအင်ဂျင်နီယာ ဦးထွန်းငြိမ်း၊
ဒေါ်မမ တို့မှ ရေနံချောင်းမြို့တွင် ဒီဇင်ဘာလ ၃ ရက်
နေ့၌ ဖွားမြင်။ မွေးချင်း ငါးယောက်အနက် အငယ်ဆုံး။
အမည်ရင်း မြင့်ဆွေ။

၁၉၄၄ ။ဖခင် ကွယ်လွန်။ ပေါင်းတည်မြို့၊ ဆရာစံကျောင်း
မူလတန်းတွင် ပညာသင်။

၁၉၄၇ ။ရန်ကုန်မြို့သို့ ပြောင်းရွှေ့ရောက်ရှိ။

၁၉၄၈ ။ကြည့်မြင်တိုင် အေဘီအမ် မိန်းကလေးအထက်တန်း
ကျောင်းတွင် ပညာသင်။

၁၉၅၃ ။လမ်းမတော်၊ စိန်ဂျွန်း ဒိုင်အိုစီဇင် ယောကျ်ားကလေး
အထက်တန်းကျောင်းတွင် ပညာသင်။

၁၉၅၇ ။စိန်ဂျွန်းကျောင်းမှ မက်ထရစ်စာမေးပွဲ အောင်မြင်ခဲ့။

၁၉၅၈ ။ဘီ အို စီ ကုမ္ပဏီ ငွေစာရင်းဌာနတွင် အလုပ်ဝင်လုပ်။

၁၉၆၅ ။ဆရာကြီးဦးစံရွှေ၏ သက်ကြီးတက္ကသိုလ် တက်
ရောက်ပြီး ဥပစာဝိဇ္ဇာတန်း အောင်မြင်ခဲ့။

၁၉၆၇ ။လုပ်သားများကောလိပ်မှ ဝိဇ္ဇာဘွဲ့ရခဲ့။ နိုဝင်ဘာလ တွင် ဒေါ်သန်းသန်းအေးနှင့် အိမ်ထောင်ကျ။

၁၉၇၇ ။ချင်းတွင်းစာအုပ်တိုက်မှ ထုတ်ဝေသော ဖိလစ်ပိုင် အမျိုးသားအာဇာနည် ဒေါက်တာရီဇော် စာအုပ်ဖြင့် လုံးချင်း စာအုပ်လောကသို့ စတင်ခြေချ။

၁၉၇၉ ။ဟစ်တလာကို ပြန်လည်မွေးဖွားသူ စာအုပ်ဖြင့် ဘာသာပြန်ဝတ္ထု စတင်ရေးသား။

၁၉၈၀ ။ရှက်မရှိလျှင် တက် တက်မရှိလျှင် လက်ချည်းလှော် မည် စာအုပ် ထုတ်ဝေခဲ့။

၁၉၈၁ ။အထီးကျန်၊ အချစ်ဇာတ်လမ်း၏ နောက်ဆက်တွဲ၊ အဆင်မသင့်လျှင် အသည်းကွဲတတ်သည် (ငြိမ်းကျော် နှင့် တွဲ) ထုတ်ဝေခဲ့။

၁၉၈၂ ။**ငြိမ်းအေး စာပေ** ထူထောင်ပြီး စာအုပ်ထုတ်ဝေရေး လုပ်။

ဤမှန်သောသစ္စာစကားကြောင့်၊ မျက်လုံးထဲမှာ အဖြေ ရှိတယ် ထုတ်ဝေခဲ့။

၁၉၈၃ ။စွန့်လွှတ်ခြင်းများစွာဖြင့်၊ ငွေကျွန် (ပ+ဒု) (တင်မောင် မြင့်နှင့် တွဲ) ဘာသာပြန်ခဲ့။

၁၉၈၄ ။နွယ် (ပ+ဒု)၊ ငွေကျည်ဆန် (ပ+ဒု)တို့ကို ထုတ်ဝေခဲ့။

၁၉၈၅ ။နှောင် (ပ+ဒု)၊ မုဆိုး တို့ကို ထုတ်ဝေခဲ့။

၁၉၈၆ ။အချစ်ဆုံးအတွက် အမုန်းမဟာ ထုတ်ဝေခဲ့။

၁၉၈၇ ။ကေသရာပေါင်း ဖောင်ဆောင်းအားနှင့်အညီ(ပ+ဒု)၊ ဘဝကို ကြက်ခြေခတ်ခဲ့ရပေမယ့်၊ နှုတ်ဆက်အနမ်းလေး ပေးခဲ့ပါ ကိုကို ထုတ်ဝေခဲ့။

၁၉၈၈ ။ရေနံ့ ဓာတုဗေဒ နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဘဏ္ဍာရေးဌာနမှ ငွေစာရင်းအရာရှိ အဆင့်ဖြင့် လုပ်သက်ပြည့် အငြိမ်းစားယူခဲ့။

လေဆန်တိုးပြီး မိုးမှာပျံ ထုတ်ဝေခဲ့။

၁၉၈၉ ။ကျားတစ်အုပ်နှင့် ကြောင်တစ်ကောင်၊ ရုပ်ဆိုးမလေး မောင့်ချစ်သူ၊ တွဲလက်မဖြုတ်စတမ်း၊ စိုးမိုးသူ (ပ+ဒု)၊ မဟာ့ မဟာ (ပ+ဒု+တ+စ) ထုတ်ဝေခဲ့။

၁၉၉၀ ။သူ့ခေတ်နှင့် သူ (ပ+ဒု)၊ အမြင်သာချို့ ရင်မှာ ငို ထုတ်ဝေခဲ့။

၁၉၉၂ ။ဆု (ပ+ဒု)၊ အိပ်မက်ပမာ (ပ+ဒု) ကိုကို ထုတ်ဝေခဲ့။

၁၉၉၃ ။ငွေ (ပ+ဒု)၊ သဲသရာမဆုံးသရွေ့ (ပ+ဒု)ထုတ်ဝေခဲ့။

ဟစ်တလာကို ပြန်လည်မွေးဖွားသူ (ဒု ကြိမ်)

၁၉၉၄ ။ဘဝရိုင်း (ပ+ဒု+တ+စ)၊ အောင်မြင်မှုပန်းတိုင်၊ ဖြူစင်သော လို့ဂုဏ်လမ်းနှင့် ရွဲကြယ်အလင်းစုကိုကို ထုတ်ဝေခဲ့။

စွန့်လွှတ်ခြင်းများစွာဖြင့် (ဒု ကြိမ်)

၁၉၉၅ ။ခေါင်းနှင့်ပန်း (ပ+ဒု+တ)ကိုကို ထုတ်ဝေခဲ့။

၁၉၉၆ ။သားကောင်း သမီးမွန် ထူးချွန်အောင်မြင်ရေး၊ သင့်လက်တစ်ကမ်းမှာ အောင်ပွဲရှာ စာအုပ်များဖြင့် သုတစာပေ စတင်ရေးသားခဲ့။

၁၉၉၈ ။လူတိုင်းအတွက် အဆင့်မြင့် ကိုယ်ရည်ကိုယ်သွေး။

၁၉၉၉ ။မြင်းမိုရ်ရှိ မမြင့်ပါ၊ သို့သော် **...** သော **...** ဆီစီးတိုင်
စာအုပ်ကို (တင်မောင်မြင့် နှင့် တွဲ) ဘာသာပြန်ခဲ့။
**ငြိမ်းအေး:** အတွင်းဖလင် လုပ်ငန်း ထူထောင်ခဲ့။

၂၀၀၀ ။ဖေဖေပေးခဲ့မယ့်အမွေ၊ မှူးပဲအစဖြင့် ထူးကဲဘဝ
တည်ဆောက်သူများ၊ ကိုယ့်နှလုံးသားနှင့် သူ့ဝိညာဉ်
(ပ+ဒု+တ)၊ ဆရာအို၏ ဘဝနေဝင်ချိန်သင်တန်း၊
ဦးထုပ်ခြောက်လုံး စဉ်းစားတွေးခေါ်နည်း၊ ဖိနပ်
ခြောက်ရန် ဆောင်ရွက်နည်း တို့ကို ထုတ်ဝေ။

၂၀၀၁ ။လှမ်းကြည့်မှ လမ်းရှိမှန်းသိမယ်၊ ကူဒေးစာအုပ်တိုက်မှ
ထုတ်ဝေသော နှလုံးသားထဲမှာ အဖြေရှာ ဝတ္ထုစာအုပ်
ဖြင့် အမျိုးသားစာပေဆု (ဘာသာပြန် ရသ စာပေ) ရခဲ့။
တီထွင်တွေး၊ ကိုယ့်ကိုယ်ကိုယ် ကိုးကွယ်၊ ရှက်ရွံ့စိတ်ကို
ဖြိုခွင်းရအောင် တို့ကို ထုတ်ဝေ။
ဟစ်တလာကို ပြန်လည်မွေးဖွားသူ (တ ကြိမ်)၊
အောင်မြင်မှုပန်းတိုင်၊ ဖြူစင်သော လျှို့ဝှက်လမ်းနှင့်
ရှုဝံကြယ်အလင်းစု (ဒု ကြိမ်)
သားကောင်းသမီးမွန် ထူးချွန်အောင်မြင်ရေး (ဒု ကြိမ်)
သင့်လက်တစ်ကမ်းမှာ အောင်ပွဲရှာ (ဒု ကြိမ်)။

၂၀၀၂ ။နှလုံးသားပုံတင်သံများ၊ အချစ်ဓာတ်လမ်း၏ နောက်
ဆက်တွဲ (ဒု ကြိမ်)၊ ဖအေနှစ်ဦးသင်ပေးတဲ့ ဆင်းရဲနည်း
ချမ်းသာနည်း တို့ကို ထုတ်ဝေ။

http://www.cherrythitsar.org

၂၀၀၃ ။**ဆွေမွန် စာပေလုပ်ငန်း:** ထူထောင်ပြီး စာအုပ်ထုတ်ဝေ
ရေး ပြန်လည်လုပ်ကိုင်။
*မြေကြီးရှာသူများ (လူငယ်စာပေ)၊ ရွှေပြည်တန်ဆား*
*(ပုံပြင်) အနာဂတ်ကို ပစ္စုပ္ပန်သို့ ခေါ်ယူပုံသွင်းခြင်း၊*
*အကောင်းဆုံး ဆုံးဖြတ်ချက်များ ချမှတ်နိုင်ဖို့၊ အချစ်ဆုံး*
*တို့ကို* ထုတ်ဝေ။
*လှမ်းကြည့်မှ လမ်းရှိမှန်းသိမယ် (ဒု ကြိမ်)*
*ဤမှန်သော သစ္စာစကားကြောင့် (ဒု ကြိမ်)*
၂၀၀၄ ။ယခုအချိန်ထိ ဘာသာပြန် အတ္ထုပ္ပတ္တိ၊ သုတ၊ ရသ
စာအုပ်ပေါင်း ၆၀ ခန့် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်။

http://www.cherrythitsar.org



## စာပေလောကစာအုပ်တိုက်တွင် ရရှိနိုင်သည့်စာအုပ်များ

| | | | |
|---|---|---|---|
| ၁။ | ညီတော်အာနန္ဒာတစ်သက်တာ ပ၊ ဒု | ဝဏ္ဏသိရိ | ၂၀၀၀ |
| ၂။ | မြတ်ပဋ္ဌာန်းဒေသနာတော်နိဒါန်း | မင်းလူအောင်ကြီး | ၆၀၀ |
| ၃။ | လောကကင်းဝေးနေနိုင်ရေး | တက်ကိုး | ၂၀၀၀ |
| ၄။ | အချစ်နှင့် စိတ်ပညာ | တက်ကိုး | ၈၀၀ |
| ၅။ | မိတ္တဗလဋ္ဌိကာ | ဦးနု | ၂၀၀၀ |
| ၆။ | ကာမကထာ | ဦးနု | ၁၃၀၀ |
| ၇။ | တစ်သက်တာမှတ်တမ်း ပ၊ ဒု | ရွှေဥဒေါင်း | ၂၀၀၀ |
| ၈။ | ကျွန်တော့်ဘဝဇာတ်ကြောင်း ၁၊၂၊၃၊၄ | သော်တာဆွေ | ၁၅၀၀ စီ |
| ၉။ | ယောနသံစင်ရော် | ဘသန်း(မဒ္ဒိက) | ၇၀၀ |
| ၁၀။ | ဗုဒ္ဓဝင်ရုပ်စုံ | နုယဉ် | ၅၀၀ |
| ၁၁။ | အလွယ်ဆုံးအင်္ဂလိပ်စကားပြော | စိုးသန်း | ၄၀၀ |
| ၁၂။ | အကိုတောက်ဝေါဟာရများ | ညွန့်ဝေမိုး | ၁၂၀၀ |
| ၁၃။ | ရွှေပြည်ကန် စာစီစာကုံးများ | ဂုဏ်ထူးဦးသိန်းနိုင် | ၃၀၀ |
| ၁၄။ | ရွှေဒေါင်းတောင်စာစီစာကုံးများ | ဂုဏ်ထူးဦးသိန်းနိုင် | ၃၀၀ |
| ၁၅။ | နာဂသိန်စာစီစာကုံးရေးခြင်း | လှကျွန်း (မြန်မာစာ) | ၃၀၀ |
| ၁၆။ | ဂုဏ်ထူးရှင်မြန်မာစာစီစာကုံး | ဇော်မျိုးညွန့် | ၃၀၀ |
| ၁၇။ | ပန်းကုံတော်စာစီစာကုံး | ရိုးရိုးအေး(ဝိဇ္ဇာ) | ၃၀၀ |
| ၁၈။ | အလင်းလက်ဆောင်စာစီစာကုံး | ဒေါ်သင်းသင်းလှိုင် | ၃၀၀ |
| ၁၉။ | ဂုဏ်ထူးမြန်မာစာစီစာကုံး | ရိုးရိုးအေး (ဝိဇ္ဇာ) | ၄၀၀ |
| ၂၀။ | Distinction Winners Essays | Zaw Myo Nyunt | ၃၀၀ |

# လက်ဆောင်မွန်

| | | | |
|---|---|---|---|
| ၂၁။ | အမွေ | အောင်သင်း | ၅၀၀ |
| ၂၂။ | လက်ခလိုက်စမ်းပါ | အောင်သင်း | ၃၀၀ |
| ၂၃။ | ကိုးကက်ခြင်းဆက်ယုက်ခြင်း | ချစ်ဦးညို | ၃၀၀ |
| ၂၄။ | လောကဓံနှင့် လမ်းလျှောက်ခြင်း | ချစ်ဦးညို | ၃၀၀ |
| ၂၅။ | ဝတ္ထုတို ၁၊ ၂ | မိုးမိုး(အင်းလျား) | ၆၀၀ |
| ၂၆။ | မဂ္ဂဇင်းဝတ္ထုရှည် ၁၊ ၂ | မိုးမိုး(အင်းလျား) | ၈၀၀ |
| ၂၇။ | ဝေဒနာကြာနီပွင့် | မိုးမိုး(အင်းလျား) | ၅၀၀ |
| ၂၈။ | ဂိုး | မိုးမိုး(အင်းလျား) | ၈၀၀ |
| ၂၉။ | ဆုရမဂ္ဂဇင်းဝတ္ထုရှည် | မိုးမိုး(အင်းလျား) | ၈၀၀ |
| ၃၀။ | အောင်မြင်ရေးအကွေးအခေါ် ၅၀ | ချစ်ဝင်းညွန့် | ၆၀၀ |
| ၃၁။ | ချက်ပြုတ်နည်းစွယ်စုံ | ခင်(ကိုင်းရင်းမေ) | ၆၀၀ |
| ၃၂။ | အဓိပတိဟင်းချက်နည်း | နန်းစန်းစန်းအေး | ၇၀၀ |
| ၃၃။ | မြန်မာ့ဆေးမြီးတိုများ | နေဝင်း(လန်ဒန်) | ၄၀၀ |
| ၃၄။ | လူငါးဝကာယ | သာခု | ၇၀၀ |
| ၃၅။ | လူငယ်နဲ့အချစ် | လူထုစိန်ဝင်း | ၅၀၀ |
| ၃၆။ | ဘဝနေ့စဉ်ရှင်သန်ရေး | ခင်မောင်ကိုး(မိုးဇက်) | ၆၀၀ |
| ၃၇။ | မိန်းမနှင့်... | ခင်ဆွေဦး | ၄၀၀ |
| ၃၈။ | မင်္ဂလာနှင့်အခြားအစမ်းစာ | ကိုက်စိုး | ၆၀၀ |
| ၃၉။ | လူ့သဘာဝနှင့်စိတ်ပညာ | ခင်မောင်သန်း | ၈၀၀ |
| ၄၀။ | Flowers and Festivals | Khin Myo Chit | ၈၀၀ |
| ၄၁။ | ကုန်းဘောင်ရွှေပြည် | ဒေါက်တာကိုးလှ | ၆၀၀ |
| ၄၂။ | ကိုင်းပြည်နုနု မှန်ကိုင်းထန်ထန် | ဗိုလ်မှူးကြီး ကင်မောင် | ၈၀၀ |
| ၄၃။ | နက်ဖြန်အတွက်ပြင်ဆင်ခြင်း | ဦးလှမင်း | ၆၀၀ |
| ၄၄။ | ခေါင်းဆောင်မှုပညာ | ဦးလှမင်း | ၆၀၀ |
| ၄၅။ | အက်ဆေးချစ်သူ | မင်းလူ | ၆၀၀ |

http://www.cherrythitsar.org



| | | |
|---|---|---|
| ၄၆။ နိုင်ငံတကာရသစုံပုံပြင်များ | ခင်မောင်ကိုး(မိုးမိတ်) | ၈၀၀ |
| ၄၇။ ဂရင်းညီနောင်ပုံပြင် ၁၀၀ ပေ၊ ၃ | မင်းယုဝေ၊ ငွေတာရီ | ၁၀၀၀ |
| ၄၈။ အိမ်ထောင်ဖက်ရွေးချယ်မှု | ခင်မောင်သန်း | ၅၀၀ |
| ၄၉။ မီးမီးသားသား မေးတက်တဲ့ | | |
| မေးခွန်း ၁၀၀ | မောင်ကြည်သန့် | ၇၀၀ |
| ၅၀။ မြူမှောင်ဝေကင်း | မိုးမိုး(အင်းလျား) | ၄၀၀ |
| ၅၁။ တစ်ဆင်းဂွားအိမ်ဖြူတော်နှစ် | မောင်ဝံသ | ၉၀၀ |
| ၅၂။ ဝတ္ထုတိုများ ၄ | မိုးမိုး(အင်းလျား) | ၈၀၀ |
| ၅၃။ တစ်ဆင်းဂွားတသောင်းတနင်းနှစ် | မောင်ဝံသ | ၉၀၀ |
| ၅၄။ မောင်ခွေးဖိုတဗျာဗျား | မင်းသုဝဏ် | ၄၀၀ |
| ၅၅။ မားစ်ဂြိုဟ်သားနဲ့ဗီးနပ်စ်သူ | ခင်မောင်ကိုး(မိုးမိတ်) | ၉၀၀ |
| ၅၆။ သားငယ်ရွယ်လူးသိစေဦး | သက်လုံ | ၉၀၀ |
| ၅၇။ ရိုးရိုးကြီးဓေယျာ၏ ဘဝခရီး | မင်းယုဝေ | ၆၀၀ |
| ၅၈။ မေတ္တာတမ်းနှားအချစ်သစ်ပင် | မိုးမိုး(အင်းလျား) | ၇၀၀ |
| ၅၉။ လောကမြစ်ပင်လယ်နှင့်… | ဖိုးကျော် | ၇၀၀ |
| ၆၀။ ဧည့်ခံဟာသများ ၇ | စိုးချစ်ဦး | ၅၀၀ |
| ၆၁။ ဘယ်သူ့ဒိန်ခဲငါ့နေရာရွှေ့လို့ရမလဲ | မြတ်ငြိမ်း | ၅၀၀ |
| ၆၂။ မီးလောင်မြေနှင့် အခြားဝတ္ထုတိုများ | ဖိုးကျော် | ၇၀၀ |
| ၆၃။ ဝတ္ထုတိုများ | အဏ္ဏဝါစိုးမိုး | ၇၀၀ |

**စာပေလောက ၁၊ အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်။**
**စာပေလောက ၂၊ အမှတ် ၄၇၀၊ မဟာဗန္ဓုလလမ်းမ။**
**စာပေလောက ၃၊ အမှတ် ၁၄၊ လှည်းတန်းလမ်းမ၊ ကမာရွတ်။**
**စာပေလောက ၄၊ အမှတ် ၄၂၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်း။**
**စာပေလောက ၅၊ အမှတ် ၉၆–၉၈၊ ပန်းဆိုးတန်းလမ်းမ။**
**စာပေလောက ၆၊ ရန်ကင်း အ ထ က ၁ ရှေ့၊ ရန်ကင်း။**

## ငါ့ဒိန်ခဲကို ဘယ်သူရွှေ့ထားသလဲ စာအုပ်ကိုရေးသားခဲ့သည့်
## ဒေါက်တာ စပင်ဆာ ဂျွန်ဆင်က အချိန်မှ ထပ်ဆင့်ရေးသားထုတ်ဝေလိုက်သည့် လက်ဆောင်မှန်

ဒေါက်တာ စပင်ဆာဂျွန်ဆင်၏ စာတိုလေးများက ရိုးရှင်းပြီး မမေ့မလျော့နိုင်စရာသော အမှန်တရားများကို ဖော်ကျူး၏။ ၎င်းစာတိုလေးများက သန်းပေါင်းများစွာသော ကမ္ဘာ့စာဖတ်ပရိသတ်ကြီး၏ အလုပ်အကိုင်နှင့် ဘဝများကို ပြောင်းလဲသွားစေခဲ့၏။ ယခု ဒေါက်တာ စပင်ဆာဂျွန်ဆင်က ယနေ့ခေတ်ကို ကသောင်းကနင်း ခေတ်ကာလကြီးထဲတွင် အောင်မြင်ရေးလမ်းညွှန်အဖြစ် လက်တွေ့ အသုံးချနိုင်သော ထိုးထွင်းအသိအမြင်များဖြင့် ရက်ပုပ်ထားသော အားမာန်တက်ကြွစရာ စာတိုလေးတစ်ပုဒ် တင်ဆက်လိုက်ပြန်ပါပြီ။



# လက်ဆောင်မှန်

သင်လက်ခံရရှိနိုင်သည့် လက်ဆောင်တွေထဲတွင် လက်ဆောင်မှန်သည် အကောင်းဆုံး လက်ဆောင်ဖြစ်၏။ ဘာကြောင့်ဆို လက်ဆောင်မှန်က သင့်အား စိတ်ချမ်းသာမှုကို ဆောင်ကြဉ်းပေးသောကြောင့် ဖြစ်၏။

လက်ဆောင်မှန်သည်

●နေ့စဉ်ဘဝ၏ ပြဿနာများဖြင့် ပိုမိုအဆက်ဝင်မှုရှိသော ဘဝတစ်ခု တည်ဆောက်နိုင်ခြင်းလော။ ●ကုန်ထုတ်လုပ်အား တိုးတက်ပြီး ပိုမိုသာယာစေသော ဘဝတစ်ခု တည်ဆောက်နိုင်ခြင်းလော။ ●သင့်အတွက်လည်းကောင်း၊ သင်နှင့် အတူနေသူများအတွက်လည်းကောင်း၊ သင့်လုပ်ငန်းကိုင်ငန်းများအတွက်လည်းကောင်း၊ အရေးပါအရာရောက်သည့် တစ်စုံတစ်ရာကို ရှာဖွေတွေ့ရှိခြင်းလော။

"ကျွန်ုပ်တောင့်ကြည့် အကဲဖြတ်သူများကို စောစောစီးစီးကတည်းက လက်ဆောင်မှန်ပေးထားနိုင်ခဲ့လျှင် သူတို့အထဲက တော်တော်များများသည် သူတို့၏ဘဝများနှင့် ဝန်ကျောင်းလုပ်ငန်းများတွင် ပိုမိုပျော်ရွှင်ပြီး ပိုမိုအောင်မြင်မှုများရကြပေလိမ့်မည်။"

နော်မန်ဗြင်းဆင်၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်(ဟောင်း) ဟော့ဂ်မာလင် ကော်ပိုရေးရှင်း ဥက္ကဋ္ဌ(ဟောင်း) အမေရိကန်ကြက်ခြေနီအသင်း၊ ကထိက(ဟောင်း) ဟားဗတ်စီးပွားရေးတက္ကသိုလ်

"အဖွဲ့အစည်းတော်တော်များများနည်းတူ ကျွန်ုပ်တို့၏ဝန်ထမ်းများ ပို၍ အလုပ်ကောင်းကောင်းလုပ်နိုင်အောင်၊ သူတို့ဘဝများ ပျော်ရွှင်ချမ်းမြေ့လာအောင် ကူညီနိုင်မည့် နည်းလမ်းများ ရှာဖွေကြံဆခဲ့၏။ ထို့ကြောင့် ကျွန်ုပ်တို့၏ စီမံခန့်ခွဲမှု အဖွဲ့တွင် ပါဝင်သူအားလုံးကို လက်ဆောင်မှန်တွေ ဝယ်ပေးခဲ့သည်။

ကာမင်း ပေါ်လီစီ၊ အမှုဆောင်အရာရှိချုပ်၊ ကယ်ဒ်ဗလင်းဟာရောင်း အဖွဲ့